



# မြေမြှုပ်မိုင်းစောင့်ကြည့်လေ့လာရေး

## မြန်မာနိုင်ငံဆိုင်ရာ အစီရင်ခံစာ

ဒီဇင်ဘာလ၊ ၂၀၂၂ ခုနှစ်

# LANDMINE & CLUSTER MUNITION MONITOR

## ၂၀၂၂ ခုနှစ် မြေမြှုပ်မိုင်းစောင့်ကြည့်လေ့လာရေး မြန်မာနိုင်ငံဆိုင်ရာ အစီရင်ခံစာ

မြေမြှုပ်မိုင်းနှင့် ထပ်ဆင့်ပေါက်ကွဲစေသော လက်နက်ပစ္စည်းများစောင့်ကြည့်လေ့လာရေးအဖွဲ့သည် မြေမြှုပ်မိုင်းတားမြစ်ရေး နိုင်ငံတကာစည်းရုံးလှုပ်ရှားမှုအဖွဲ့ (ICBL) အတွက် သုတေသနလုပ်ငန်းများ ဆောင်ရွက်ပေး ပါသည်။ ICBL ကို ဤကမ္ဘာမြေတွင် လူကိုပစ်မှတ်ထားသည့် မြေမြှုပ်မိုင်းအန္တရာယ် ကင်းဝေးစေရန် ရည်ရွယ်ချက်ဖြင့် ၁၉၉၂ ခုနှစ်တွင် ဖွဲ့စည်းခဲ့ပါသည်။ ICBL သည် နိုင်ငံပေါင်း ၇၀ ကျော်မှ အစိုးရမဟုတ်သော အဖွဲ့အစည်းပေါင်း ၁၃၀၀ ကျော်ပါဝင်သည့် ကွန်ရက်ဖြစ်ပြီး ၁၉၉၇ ခုနှစ်တွင် ငြိမ်းချမ်းရေးနိုဘယ်ဆုကို ရရှိခဲ့ပါသည်။

မြေမြှုပ်မိုင်းစောင့်ကြည့်လေ့လာရေးအဖွဲ့ (Landmine Monitor) သည် ၁၉၉၇ခုနှစ်၊ အော့တာဝါ သဘောတူစာချုပ်၊ သို့မဟုတ် မိုင်းတားမြစ်ရေး ပဋိညာဉ်အား အကောင်အထည်ဖော်ဆောင်ရွက်ခြင်းကို မှတ်တမ်းပြုစုပါသည်။ Landmine Monitor သည် အဆိုပါလက်နက်များကြောင့်ဖြစ်သော အကျပ်အတည်းကို ဖြေရှင်းရန် နိုင်ငံတကာအသိုက်အဝန်း၏ ကြိုးပမ်းမှုကို အကဲဖြတ်စစ်ဆေးမှုပြုပါသည်။

၂၀၂၂ ခုနှစ်၊ နိုဝင်ဘာ ၁ ရက် အထိကမ္ဘာ့အစိုးရများ၏ ၈၀% ဖြစ်သည့် နိုင်ငံပေါင်း ၁၆၄ နိုင်ငံသည် မိုင်းတားမြစ်ရေး ပဋိညာဉ်ကို အတည်ပြုလက်မှတ်ရေးထိုး (ဝါ) လိုက်နာရန် ကတိပြုထားပြီးဖြစ်သည်။ သို့ရာတွင် လူကိုပစ်မှတ်ထားသည့် မြေမြှုပ်မိုင်းများရှိနေခြင်းကြောင့် ထိခိုက်သက်ရောက်မှု မြင့်မားနေသည့်တိုင်အောင် မြန်မာနိုင်ငံအနေဖြင့် သဘောတူစာချုပ်တွင် ပါဝင်လာခြင်းမရှိသေးပါ။

Linemine Monitor သည် နည်းပညာဆိုင်ရာ သဘောတူညီချက်အား စိစစ်အတည်ပြုရေးစနစ် သို့မဟုတ် တရားဝင်စစ်ဆေးရေးယန္တရားတစ်ရပ်မဟုတ်ပါ။ လူကိုပစ်မှတ်ထားသည့် မြေမြှုပ်မိုင်းများအား အသုံးမပြုကြောင်း အစိုးရများက တာဝန်ယူ၊ တာဝန်ခံလာစေရန် သာမန်ပြည်သူလူထု၏ ကြိုးပမ်း အားထုတ်မှုဖြစ်ပါသည်။ ပဋိညာဉ်ကိုအတည်ပြုလက်မှတ်ရေးထိုးထားခြင်း မရှိသည့် နိုင်ငံများရှိ မြေမြှုပ်မိုင်း အန္တရာယ်အခြေအနေနှင့် အစိုးရ၏မူဝါဒ၊ သို့မဟုတ် လုပ်နည်းလုပ်ဟန်များကို ပွင့်လင်းမြင်သာပြစေရန် ဤအစီရင်ခံစာက ရှာဖွေဖော်ထုတ်ခြင်းဖြစ်ပါသည်။

Landmine Monitor သည် လူကိုပစ်မှတ်ထားသည့် မြေမြှုပ်မိုင်းများကြောင့်ဖြစ်သည့် ဒုက္ခကို အဆုံးသတ်ရန်နှင့် မြေမြှုပ်မိုင်းကင်းစင်သော ကမ္ဘာကိုတည်ဆောက်ရန်ဆိုသည့် ရည်ရွယ်ချက်များ အောင်မြင်ရေးအတွက် လူ့အဖွဲ့အစည်းအတွင်း ဆွေးနွေးမှုကို ကူညီအကျိုးဆောင်၍ မြှင့်တင်ပေးရန် ရည်ရွယ်ပါသည်။

Landmine Monitor သည် တစ်ကမ္ဘာလုံးအကျိုးအတွက် ၎င်း စောင့်ကြည့်လေ့လာနေသော အရေးကိစ္စနှင့် စပ်လျဉ်းသည့် သတင်းအချက်အလက်မှန်များကို ဖြန့်ချိပေးရန် စိတ်ကောင်းစေတနာဖြင့် လုပ်ငန်းဆောင်ရွက်ခြင်းဖြစ်သည်။ ဝေဖန်မှုပြုလုပ်သော်လည်း မှတ်တမ်းပြုစုခြင်းနှင့် လေ့လာသုံးသပ်ခြင်းတို့တွင် အပြုသဘောလုပ်ဆောင်ပါသည်။

Landmine Monitor ၏ ၂၀၂၂ ခုနှစ်အတွက် မြန်မာနိုင်ငံဆိုင်ရာ သုတေသီမှာ ယေရှာမိုဇာပွန်ဆူဝန် ဖြစ်ပါသည်။ ဤအစီရင်ခံစာအတွက် နှစ်စဉ်သတင်းအချက်အလက်ပေးပို့သော အဖွဲ့အစည်းနှင့် လူပုဂ္ဂိုလ်များ အားလုံးကို စောင့်ကြည့်လေ့လာရေးအဖွဲ့က ကျေးဇူးတင်ရှိပြီး၊ ဤအစီရင်ခံစာတွင် ၎င်းတို့၏ အားဖြည့်ပါဝင်မှုကို လေးစားအသိအမှတ်ပြုပါသည်။

ဤအရေးကိစ္စများအတွက် တိကျသော အထောက်အထားမှတ်တမ်းများဖြင့် ကူညီပေးကြရန် ကျွန်ုပ်တို့က အားပေးတိုက်တွန်းပါသည်။ ကျေးဇူးပြု၍ ကျွန်ုပ်တို့အား burma@icblcmc.org မှတစ်ဆင့် ဆက်သွယ်ပေးပါ။ ဤအစီရင်ခံစာပါအကြောင်းအရာများနှင့် စပ်လျဉ်း၍ ပြင်ဆင်လိုသည်များရှိလျှင်၊ ကျေးဇူးပြု၍ monitor@icblcmc.org ထံသို့ စာရေးပေးပို့ပါ။

မျက်နှာဖုံးဓါတ်ပုံ။ ။ ကချင်ပြည်နယ်၊ ဝိုင်းမော်မြို့နယ်၊ နမ်ဆန်းယန်ကျေးရွာမှ မြေမြှုပ်မိုင်း အန္တရာယ် သတိပေးဆိုင်းဘုတ်၊
မူရင်း။ ။ Kachin News Group ( ခွင့်ပြုချက်ဖြင့်အသုံးပြုပါသည်။)

**Landmine Monitor Myanmar/Burma**
**www.the-monitor.org |**
**www.burma.icbl.org**

INTERNATIONAL CAMPAIGN TO BAN LANDMINES
30 YEARS
1997 Nobel Peace Prize Co-Laureate

## မူဝါဒ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသည် မိုင်းတားမြစ်ရေးပဋိညာဉ်ကို လက်ခံသဘောတူထားခြင်းမရှိပါ။[၁] ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်တွင် စစ်တပ်က အာဏာသိမ်းပြီးနောက် မြန်မာ့တပ်မတော်က အိမ်စောင့်အစိုးရတစ်ရပ်ကို ဖွဲ့စည်းခဲ့ရာ၊ ယင်းသည် ထိုအချိန်မှစ၍ အသိအမှတ်ပြုမှုရရှိရန် ရုန်းကန်နေရဆဲဖြစ်သည်။[၂] ၂၀၂၀ ခုနှစ်၊ နိုဝင်ဘာလတွင် ရွေးကောက်ခံရသောလွှတ်တော်ကိုယ်စားလှယ်များက ၂၀၂၁ ခုနှစ်၊ ဧပြီလတွင် အတိုက်အခံအမျိုးသားညီညွတ်ရေးအစိုးရ (NUG) ကို အဝေးတစ်နေရာမှ ဖွဲ့စည်းခဲ့သည်။[၃] မြန်မာအနေဖြင့် ပဋိညာဉ်ကို လက်ခံသဘောတူရန် ၂၀၂၁ ခုနှစ်တွင်သော်လည်းကောင်း၊ ၂၀၂၂ ခုနှစ်၏ ပထမ ၆ လ တွင်သော်လည်းကောင်း၊ မည်သည့်အဆင့်ကိုမျှ ဆောင်ရွက်ခဲ့ခြင်းမရှိပါ။

အာဏာမသိမ်းမီက မြန်မာအရာရှိများက မိုင်းတားမြစ်ရေးပဋိညာဉ်ကို စိတ်ဝင်စားကြောင်းနှင့် ယင်း၏ လူသားချင်း စာနာမှုဆိုင်ရာပြဌာန်းချက်များအား ကြိုဆိုကြောင်းထုတ်ဖော်ကြားခဲ့ဖူးသည်။[၄] အနာဂတ်တွင် ပူးပေါင်းပါဝင်နိုင်မည့် အမြင်ဖြင့် ပဋိညာဉ်ကို လေ့လာလျက်ရှိကြောင်း မြန်မာက မကြာခဏပြောကြားခဲ့သည်။[၅] ၂၀၂၀ ခုနှစ်၊ နိုဝင်ဘာလတွင် မြန်မာနိုင်ငံက ၎င်းအနေဖြင့် ပဋိညာဉ်၏လုပ်ငန်းများကို "ဂရုတစိုက်" လိုက်နာဆောင်ရွက်ကြောင်းနှင့် ပဋိညာဉ်သည် "လူသတ်မြေမြှုပ်မိုင်းများကြောင့်ဖြစ်သည့် လူသားများထိခိုက်နာကျင်မှုဒုက္ခနှင့် အသက်ဆုံးရှုံးမှုများကို အဆုံးသတ် နိုင်ရေးအတွက် အရေးကြီးသည့်အခန်းကဏ္ဍ၌ ပါဝင်ကြောင်း" ပြော ကြားခဲ့သည်။[၆]

မိုင်းတားမြစ်ရေး ပဋိညာဉ်ကို အစပြုမွေးဖွားခဲ့သည့် ၁၉၉၆-၁၉၉၇ အော့တာဝါလုပ်ငန်းစဉ်တွင် မြန်မာနိုင်ငံ ပါဝင်ခဲ့ခြင်း မရှိပါ။

ထိုအချိန်မှစ၍ ၂၀၁၉ခုနှစ်၊ နိုဝင်ဘာလတွင် အော်စလို ၌ ကျင်းပခဲ့သည့် စတုတ္ထအကြိမ်မြောက် ပြန်လည် သုံးသပ်ခြင်းစုံညီ အစည်းအဝေးအပါအဝင်၊ ပဋိညာဉ်ဆိုင်ရာအစည်းအဝေးများစွာတွင် မြန်မာနိုင်ငံက လေ့လာသူ အဖြစ်ပါဝင်တက်ရောက်ခဲ့သည်။[၇] မကြာသေးမီကမှ မြန်မာစစ်တပ်ဦးဆောင်သည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ (SAC)၏ ကိုယ်စားလှယ်များက ၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလတွင် အွန်လိုင်းမှကျင်းပသည့် ပဋိညာဉ်အဖွဲ့ဝင် နိုင်ငံများ၏ ၁၉ ကြိမ်မြောက်အစည်းအဝေးနှင့် ၂၀၂၂ ခုနှစ်၊ ဇွန်လက ဂျီနီဗာတွင်ကျင်းပသည့် ကဏ္ဍစုံအစည်းအဝေးများသို့ တက်ရောက်ခဲ့သည်။

NUG သည် နယူးယောက်ခ်မြို့ရှိ ကမ္ဘာ့ကုလသမဂ္ဂတွင် မြန်မာနိုင်ငံနေရာကို ဆက်လက်ရယူထားပါသည်။ ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလတွင် မိုင်းတားမြစ်ရေးပဋိညာဉ်ကို ကမ္ဘာတစ်ဝန်း လွှမ်းခြုံနိုင်ရေးမြှင့်တင်သည့် ကမ္ဘာ့ကုလသမဂ္ဂ အထွေထွေညီလာခံ၏ ဆုံး

၁။ ယခင်တပ်မတော်အစိုးရက နိုင်ငံအမည်ကို Burma မှ Myanmar သို့ပြောင်းလဲခဲ့သည်။ မြန်မာနိုင်ငံရှိတိုင်းရင်းသားလူမျိုး အများအပြားနှင့် အခြားနိုင်ငံ များက ယခုထိ Burma ဟု ဆက်လက်ရည်ညွှန်းခေါ်ဆိုကြသည်။ နိုင်ငံအတွင်းရှိ ပြည်နယ်နှင့် တိုင်းဒေသကြီးအမည်များကို ဒေသဘာသာစကားဖြင့် အသီးသီး ခေါ်ဆိုကြသည်။ ဥပမာ- ကရင်နီ (ကယား) ပြည်နယ်၊ ၂၀၀၉ ခုနှစ်မှစ၍ စောင့်ကြည့်လေ့လာရေးအဖွဲ့က မြို့နယ်အမည်များကို ကမ္ဘာ့ကုလသမဂ္ဂ၊ မြန်မာနိုင်ငံဆိုင်ရာ သတင်းအချက်အလက်စီမံခန့်ခွဲရေးအဖွဲ့ (MIMU) ကသုံးသည့်အတိုင်း ခေါ်ဝေါ်သုံးစွဲပါသည်။ For more information, see the MIMU website.

၂။ မြန်မာအစိုးရ လက်နက်ကိုင်တပ်ဖွဲ့များက ၎င်းတို့ကိုယ်ကို တပ်မတော်ဟု ရည်ညွှန်းခေါ်ဝေါ်သည်။

၃။ ပြည်ထောင်စုမြန်မာနိုင်ငံ၏ အိမ်စောင့်အစိုးရကို မြန်မာတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဥက္ကဌအဖြစ် တာဝန်ယူထားသည့် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ (SAC) က ၂၀၂၁ ခုနှစ်၊ ဩဂုတ်လ ၁ ရက်နေ့တွင်ဖွဲ့စည်းခဲ့သည်။

၄။ ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလတွင် ယခင်မြန်မာနိုင်ငံ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီး ဝင်းမြတ်အေးက"မြန်မာနိုင်ငံအနေဖြင့် လူသတ်မိုင်းများကြောင့်ဖြစ်သည့် ထိခိုက်နာကျင်မှုဒုက္ခနှင့် အသက်ဆုံးရှုံးမှုကိုများကို အဆုံးသတ်ရန်၊ လူ့အသက်ကိုကယ်တင်ရန်နှင့် မျှော်လင့်ချက်နှင့် လူ ဂုဏ်သိက္ခာကို ပြန်လည်မြှင့်တင်ရန်တို့အတွက် လူသတ်မိုင်းတားမြစ်ရေးပဋိညာဉ်၏ အရေးပါမှုကို အသိအမှတ်ပြုသည်။ လူသားအပေါ် ဘေးဒုက္ခ ကျရောက် မှုများကို လျှော့ချရာ၌ ပဋိညာဉ် စာချုပ်၏ ကမ္ဘာတစ်ဝန်း လွှမ်းခြုံနိုင်မှုက အဓိကကျသည်ကိုလည်း ကျွန်ုပ်တို့က ယုံကြည်သည်။ အနာဂတ်တွင် လူသတ်မိုင်း များအသုံးပြုမှုရပ်တန့်ရေး လုပ်ငန်းစဉ်အတွက် ရေရှည်တည်တံ့သော ငြိမ်းချမ်းရေးက အခြေခံအကျဆုံးနှင့် အရေးအကြီးဆုံးလုပ်ငန်းဖြစ်သည်။" ဟု ပြော ကြားခဲ့သည်။ မြန်မာနိုင်ငံ၏ သဘောထားထုတ်ပြန်ချက်၊ မိုင်းတားမြစ်ရေး ပဋိညာဉ်ဆိုင်ရာ စတုတ္ထအကြိမ်မြောက် ပြန်လည်သုံးသပ်ခြင်း စုံညီ အစည်းအဝေး၊ အော်စလိုမြို့၊ ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၂၆ ရက်။

၅။ Myanmar Explanation of Vote on Resolution L.45, United Nations General Assembly (UNGA) First Committee, New York, 6 November 2019. UNGA, Official Records, A/C.1/74/PV25, p. 1. ယင်းသည် ယခင်နှစ်က ၎င်း၏ထုတ်ပြန်ချက်နှင့် မနီးယိုးစွဲတူညီသည်။ Myanmar Explanation of Vote on Resolution L.53/rev.1, 73rd Session, UNGA First Committee, Audio Record of 31st Meeting (at 19 mins.), New York, 8 November 2018. See also, Myanmar Explanation of Vote on Resolution L.40, 72nd Session, UNGA First Committee, New York, 31 October 2017. UNGA, Official Records, A/C.1/72/PV26, pp. 18–19 and 29.

၆။ မြန်မာနိုင်ငံ၏သဘောထားထုတ်ပြန်ချက်၊ အွန်လိုင်းမှကျင်းပသည့် ပဋိညာဉ်အဖွဲ့ဝင်နိုင်ငံများ၏ မိုင်းတားမြစ်ရေး ပဋိညာဉ်ဆိုင်ရာ ၁၈ ကြိမ်မြောက် အစည်းအဝေး၊ ၂၀၂၀ ခုနှစ်၊ နိုဝင်ဘာလ ၁၆ ရက်။

၇။ မြန်မာနိုင်ငံသည် ယခင်က ပဋိညာဉ်အဖွဲ့ဝင် နိုင်ငံများ၏ ၂၀၀၃၊ ၂၀၀၆၊ ၂၀၁၁ နှင့် ၂၀၁၃ ခုနှစ် အစည်းအဝေးများကို တက်ရောက်ခဲ့သည်။ ၂၀၀၄၊ ၂၀၀၉ နှင့် ၂၀၁၄ ခုနှစ်များတွင် ပြန်လည်သုံးသပ်ခြင်းစုံညီအစည်းအဝေးများကို ပါဝင်တက်ရောက်ခဲ့ခြင်းမရှိပါ။ ဂျီနီဗာတွင် ကျင်းပသည့် ၂၀၁၃-၂၀၁၄၊ ၂၀၁၆၊ ၂၀၁၉ နှင့် ၂၀၂၁ ခုနှစ် ကဏ္ဍစုံအစည်းအဝေးများကို မြန်မာနိုင်ငံအနေဖြင့် ပါဝင်တက်ရောက်ခဲ့သည်။

ဖြတ်ချက်အမှတ် ၇၆/၂၆ ကို မဲခွဲရာတွင် မြန်မာနိုင်ငံကမဲမပေးဘဲနေခဲ့ပါသည်။ မြန်မာနိုင်ငံသည် ပဋိညာဉ်ကို ထောက်ခံသည့် နှစ်စဉ် ကမ္ဘာ့ကုလသမဂ္ဂအထွေထွေညီလာခံ၏ ဆုံးဖြတ်ချက်ကို ၁၉၉၇ ခုနှစ်မှ စ၍ မဲမပေးဘဲနေခဲ့ပါသည်။[၈]

၂၀၂၁ခုနှစ်၊ ဒီဇင်ဘာလတွင် မြန်မာနိုင်ငံ မိုင်းကင်းစင်ရေးအဖွဲ့ (Mine-Free Myanmar)က ဘန်ကောက်မြို့တွင် သတင်းစာ ရှင်းလင်းပွဲကျင်းပကာ၊ မြေမြှုပ်မိုင်းစောင့်ကြည့်လေ့လာရေးအစီရင်ခံစာ၊ ၂၀၂၁ ခုနှစ်ကို မိတ်ဆက်ခဲ့သည်။[၉] ၂၀၁၀ခုနှစ်မှစ၍၊ စောင့်ကြည့်လေ့လာရေးအဖွဲ့၏ ပထမအကြိမ် နိုင်ငံဆိုင်ရာနှစ်စဉ်အစီရင်ခံစာကို မြန်မာဘာသာဖြင့် နိုင်ငံအတွင်း ထုတ်ဝေခြင်း မပြုရန် မြန်မာစစ်တပ်၏ စာပေစိစစ်ရေးအမိန့်ဖြင့် တားမြစ်ခဲ့ပါသည်။[၁၀] ၂၀၂၁ခုနှစ် အတွင်း ကမ္ဘာ့ကုလသမဂ္ဂ၏ မြန်မာနိုင်ငံဆိုင်ရာသ တင်းအချက်အလက် စီမံခန့်ခွဲရေးအဖွဲ့ (MIMU) က နိုင်ငံအတွင်း မိုင်းဒဏ်ခံရသည့် နေရာဒေသများ၏ နောက်ဆုံးရ မြေပုံနှင့် မြေမြှုပ်မိုင်းများ၏ သက်ရောက်မှုကို ဖော်ပြသည့် သတင်းရုပ်ပုံများကို ထုတ်ပြန်ခဲ့ပါသည်။[၁၁]

## ထုတ်လုပ်မှု၊ လွှဲပြောင်းပို့ဆောင်မှုနှင့် သိုလှောင်မှု

ကပစ ခေါ် နိုင်ငံပိုင် မြန်မာ့ကာကွယ်ရေးနှင့် စစ်လက်နက်ပစ္စည်းထုတ်လုပ်ရေးစက်ရုံများက လူသတ်မြေမြှုပ်မိုင်း အနည်းဆုံး ၅ မျိုးဖြစ်သည့် MM1 ၊ MM2 ၊ MM3 ၊ MM5 နှင့် MM6 တို့ကိုထုတ်လုပ်သည်။[၁၂]

မြန်မာနိုင်ငံရှိ အစိုးရမဟုတ်သော လက်နက်ကိုင်အဖွဲ့များ (NSAGs) က နိုင်ငံပိုင် ကပစမှထုတ်လုပ်ပြီး ရှေ့တန်းရောက်တပ်မတော်တပ်ဖွဲ့များက အသုံးပြုရန်ယူဆောင်လာသည့် လူသတ်မြေမြှုပ်မိုင်း ဓါတ်ပုံများကို မကြာခဏ ထုတ်ပြန်လေ့ရှိ သည်။ ဥပမာအားဖြင့်၊ ၂၀၂၁ ခုနှစ် မေလတွင် ကရင်အမျိုးသားလွတ်မြောက်ရေး တပ်မတော် (KNLA) နှင့် ရခိုင် အမျိုးသား ကောင်စီ (ANC) တို့က ကရင်ပြည်နယ်အတွင်းရှိ မြန်မာ့တပ်မတော်၏ စစ်အခြေစိုက်စခန်းတစ်ခုကို ၎င်းတို့၏ တပ်ဖွဲ့များက တိုက်ခိုက်သိမ်းပိုက်ပြီးချိန်တွင်ရရှိခဲ့သည့် MM2 အမျိုးအစား လူသတ်မြေမြှုပ်မိုင်းများကို ပြသခဲ့သည်။[၁၃] ၂၀၂၁ခုနှစ်၊ ဩဂုတ်လတွင် မြန်မာအမျိုးသားဒီမိုရက်တစ်မဟာမိတ်တပ်ဖွဲ့ (MNDAA) က မူဆယ်မြို့နယ်အရှေ့ပိုင်းတွင် မြန်မာ့ တပ်မတော်နှင့် တိုက်ပွဲဖြစ်ပွားပြီးနောက် သိမ်းယူ ရရှိခဲ့သည့် MM5 နှင့် MM6 အမျိုးအစား လူသတ်မြေမြှုပ်မိုင်းများကို ပြသခဲ့သည်။[၁၄] ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလတွင် ရှမ်းပြည်နယ်မြောက်ပိုင်းရှိ အစိုးရမဟုတ်သော လက်နက်ကိုင်တစ်ဖွဲ့က မြန်မာ့ ကာကွယ်ရေးနှင့် စစ်လက်နက်ပစ္စည်းထုတ်လုပ်ရေးစက်ရုံများမှ ထုတ်လုပ်သည့် MM2 အမျိုးအစား လူသတ်မြေမြှုပ်မိုင်းဓါတ်ပုံများကို ထုတ်ပြန်ခဲ့ပြီး၊ ၎င်းမိုင်းများတွင် ၂၀၁၈ ခုနှစ်က ထုတ်လုပ်ခဲ့ခြင်းဖြစ်ကြောင်း အမှတ်အသားများလည်း ပါရှိသည်။[၁၅]

မြန်မာနိုင်ငံသည် လူသတ်မြေမြှုပ်မိုင်းများအား ပြည်ပသို့ တင်ပို့ခဲ့သည်ဟု မသိရှိရပါ။[၁၆] ယခင်က မြန်မာနိုင်ငံသည် တရုတ်၊

---

၈။ "လူသတ်မိုင်းများအသုံးပြုမှု၊ သိုလှောင်မှု၊ ထုတ်လုပ်မှုနှင့် လွှဲပြောင်းပို့ဆောင်မှုနှင့် ၎င်းတို့၏ ပျက်စီးထိခိုက်စေမှုကို တားမြစ်ရေးဆိုင်ရာ သဘောတူစာချုပ် အကောင်အထည်ဖော်ရေး" ကမ္ဘာ့ကုလသမဂ္ဂအထွေထွေညီလာခံဆုံးဖြတ်ချက်အမှတ် ၇၆/၂၆၊ ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလ ၆ ရက်၊ ၁၉၉၆ခုနှစ်တွင် လူသတ် မြေမြှုပ်မိုင်းများတားမြစ်ရေးဆိုင်ရာ နိုင်ငံတကာသဘောတူညီချက်တစ်ရပ်ရရှိရန် အစိုးရများအား တိုက်တွန်းသော ကမ္ဘာ့ကုလသမဂ္ဂအထွေထွေ ညီလာခံ ဆုံးဖြတ်ချက်ကို မြန်မာနိုင်ငံကထောက်ခံမဲပေးခဲ့သော်လည်း၊ မိုင်းတားမြစ်ရေးပဋိညာဉ်ကို လက်မှတ်ထိုးနိုင်ကြောင်း စတင်ဖွင့်ပေးခဲ့သည့် ၁၉၉၇ ခုနှစ်မှစ၍ မဲမပေးဘဲနေခဲ့ပါသည်။

၉။ မြန်မာနိုင်ငံမိုင်းကင်းစင်ရေးလှုပ်ရှားမှုသည် ကနဦးတွင် Burma/ Myanmar မိုင်းအသုံးပြုမှုရပ်တန့်ရေးအဖြစ် လူသိများခဲ့သည်။ See, Mine-Free Myanmar website.

၁၀။ ယခင်ရှိခဲ့သည့် စာပေစိစစ်ရေးဥပဒေကို ဖျက်သိမ်းခဲ့သော ၂၀၁၀ ခုနှစ် မှ ၂၀၂၀ ခုနှစ်အထိ၊ စောင့်ကြည့်လေ့လာရေးအဖွဲ့၏ Myanmar/ Burma ဆိုင်ရာ အစီရင်ခံစာကို မြန်မာဘာသာဖြင့် ပုံနှိပ်ထုတ်ဝေပြီး၊ နိုင်ငံအတွင်း နှစ်စဉ်ဖြန့်ချိခဲ့ပါသည်။ ၂၀၂၁ ခုနှစ် နိုင်ငံဆို င်ရာ အစီရင်ခံစာကို မြန်မာဘာသာဖြင့် အွန်လိုင်းတွင် ရရှိနိုင်သည်။

၁၁။ မြန်မာနိုင်ငံဆိုင်ရာသတင်းအချက်အလက်စီမံခန့်ခွဲရေးအဖွဲ့ (MIMU)၊ "မြေမြှုပ်မိုင်း/ စစ်ကျန်ပေါက်ကွဲပစ္စည်းများရှိနေသည်ဟု ယူဆရသော မြို့နယ်များ (၁၉၉၉-၂၀၂၁) နှင့် မြန်မာနိုင်ငံတွင် မြေမြှုပ်မိုင်း/ စစ်ကျန်ပေါက်ကွဲပစ္စည်းများကြောင့် ထိခိုက်သေဆုံးမှုများ (၂၀၂၀)" ၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလ ၃ ရက်၊ ၎င်းသတင်းရုပ်ပုံသည် ၎င်းတို့၏ထုတ်လုပ်မှုများတွင် တောင်းဆိုမှုအများဆုံးဖြစ်ကြောင်း MIMU ကဆိုပါသည်။

၁၂။ MM1 သည် တရုတ်ထုတ် ၅၉ အမျိုးအစား တိုက်မိုင်းကို ပုံစံယူထုတ်လုပ်သည်။ MM2 သည် တရုတ်ထုတ် ၅၈ အမျိုးအစား ဖောက်ခွဲမိုင်းနှင့် ဆင်တူသည်။ MM3 သည် ခုန်ထွက်မိုင်း၊ MM5 သည်ရှေ့ထွက်မိုင်း၊ MM6 သည် အမေရိကန်ထုတ် သတ္တုပါဝင်မှုနည်းသည့် M14 အမျိုးအစား လူသတ်မိုင်းကို ပုံစံယူထားခြင်းဖြစ်သည်။ မြန်မာနိုင်ငံတွင် ယာဉ်ဖျက်မိုင်းဖြစ်သော MM4 ကိုလည်း ထုတ်လုပ်သည်။

၁၃။ Mine-Free Myanmar ၊ " တပ်မတော်၏ရှေ့တန်းတပ်စခန်းများတွင် တွေ့ရသော လူသတ်မြေမြှုပ်မိုင်းများ" ၂၀၂၁ ခုနှစ်၊ မေလ ၉ရက်၊

၁၄။ "ရှမ်းပြည်နယ်တွင် မြန်မာစစ်တပ်မှ စစ်သား ၁၅ ဦးကျဆုံး"၊ ဧရာဝတီ၊ ၂၀၂၁ခုနှစ်၊ ဩဂုတ်လ ၃၁ ရက်၊ အဆိုပါမိုင်းများကို အသုံးမပြုမီ သိမ်းဆည်းရမိခြင်း ဖြစ်ပြီး၊ လက်နက်အင်အားနည်းပါးသော ရှေ့တန်းတပ်စခန်းများတွင် သိုလှောင်ထားသည်ဟု သိရပါသည်။ ဤသည်မှာ စောင့်ကြည့်လေ့လာရေးအဖွဲ့သို့ မြန်မာ့တပ်မတော်က ပြောကြားခဲ့သည့် မြေမြှုပ်မိုင်းများအား အသုံးပြုသည့် အခြေအနေတစ်ရပ်ဖြစ်ပါသည်။

၁၅။ ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ (RCSS) နှင့်ဆက်စပ်သည့် လူမှုကွန်ရက်စာမျက်နှာတွင် ဖော်ပြသော စွပ်စွဲချက်နှင့် ဓါတ်ပုံများ၊ ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၃ ရက်၊ ထိုစဉ်မှစ၍ ဓါတ်ပုံများတွင် ထုတ်လုပ်မှုဆိုင်ရာအမှတ်အသားများမပါရှိသော်လည်း။ ပါရှိသောပုံများအားလုံးတွင် ၂၀၁၈ ခုနှစ် မတိုင်မီက ဖြစ်သောကြောင့်၊ ထုတ်လုပ်မှုမည်မျှဆက်ရှိနေသည်မှာ မရှင်းလင်းပါ။

၁၆။ ၁၉၉၉ ခုနှစ်တွင် ကုလသမဂ္ဂဆိုင်ရာ မြန်မာအထူးကိုယ်စားလှယ်က မြန်မာနိုင်ငံအနေဖြင့် လူသတ်မိုင်းများ တင်ပို့မှု တားမြစ်ခြင်းကို ထောက်ခံကြောင်း ပြောကြားခဲ့သည်။ သို့ရာတွင် တင်ပို့မှုဆိုင်းငံ့ခြင်း (ဝါ) တားမြစ်ခြင်းဆိုင်ရာတရားဝင်ထုတ်ပြန်ကြေညာခြင်းမရှိခဲ့ပါ။ See, ICBL, Landmine Monitor Report 2000: Toward a Mine-Free World (New York: Human Rights Watch [HRW], August 2000), p. 469.

အိန္ဒိယ၊ အီတလီ၊ ရုရှား(ဝါ) ယခင် ဆိုဗီယက်ပြည်ထောင်စုနှင့် အမေရိကားတို့မှ ထုတ်လုပ်သည့် လူသတ်မိုင်းများကို တင်သွင်းခဲ့သည် (ဝါ) တနည်းအားဖြင့် ရရှိခဲ့ပြီး အသုံးပြုခဲ့ပါသည်။[၁၇]

မြန်မာ့တပ်မတော်က သိုလှောင်ထားသည့် လူသတ်မြေမြှုပ်မိုင်းများ၏ အမျိုးအစား၊ သို့မဟုတ် အရေအတွက်နှင့် စပ်လျဉ်း၍ လူသိရှင်ကြားထုတ်ပြန်သည့် သတင်းအချက်အလက်မရှိပါ။

## အစိုးရမဟုတ်သော လက်နက်ကိုင်အဖွဲ့များမှထုတ်လုပ်ခြင်း၊ လွှဲပြောင်းပို့ဆောင်ခြင်းနှင့် သိုလှောင်ခြင်း

မြန်မာနိုင်ငံရှိ NSAGs အသီးသီးက လက်လုပ်လူသတ်ဖောက်ခွဲမိုင်းနှင့် တိုက်မိုင်းများကို ထုတ်လုပ်ကြပြီး၊ ၎င်းတို့တွင် ကချင်လွတ်လပ်ရေးတပ်မတော် (KIA)၊ ကရင်အမျိုးသားလွတ်မြောက်ရေး တပ်မတော် (KNLA) နှင့် ဒီမိုကရေစီ ကရင်အကျိုးပြု တပ်မတော် (DKBA) တို့ပါဝင်သည်။ လူကထိမိ၊ တိုက်မိ၍ ပေါက်ကွဲသောမိုင်းများ ဖြစ်လျှင်၊ စက်ရုံ ထုတ်ဖြစ်စေ၊ ဒေသတွင်း ရသမျှပစ္စည်းများဖြင့် ပြုလုပ်သောလက်လုပ်မိုင်းများဖြစ်စေ၊ မိုင်းတားမြစ်ရေးပဋိညာဉ်တွင် ကျယ်ကျယ်ပြန့်ပြန့် တားမြစ်ထားသည်။ မြန်မာနိုင်ငံရှိ NSAGs အချို့က ရှေ့ထွက်မိုင်း အမျိုး အစား တိုက်မိုင်းများနှင့် အဝေးထိန်းယာဉ်ဖျက်မိုင်းများကိုလည်း ထုတ်လုပ်ကြသည်။

မြန်မာနိုင်ငံရှိ NSAGs များသည် လက်လုပ်လူသတ်မိုင်းများကို ၂၀၂၁-၂၀၂၂ ခုနှစ်တွင် ဆက်လက်ထုတ်လုပ်ခဲ့ကြသည်။[၁၈] အဆိုပါ အဖွဲ့အစည်းများသည် မြေမြှုပ်မိုင်းများကို မိုင်းကွင်းများမှ တူးဖော်၍ လည်းကောင်း၊ လက်နက်မှောင်ခိုဈေးကွက်မှလည်းကောင်း ရရှိကြသည်များလည်းရှိသည်။[၁၉]

၂၀၂၂ ခုနှစ်တွင် NSAGs များသည် လူသတ်မိုင်းများကို မြန်မာ့တပ်မတော်ထံမှ သိမ်းဆည်း။ သိမ်းယူသည်များလည်းရှိခဲ့သည်။ ရခိုင့်တပ်တော် (AA)၊ KIA၊ ကရင်နီတပ်၊ KNLA၊ ကရင်နီ အမျိုးသားများ ကာကွယ်ရေးတပ် (KNDF) နှင့် ရှမ်း၊ ကရင်၊ ကယား စသည့် ပြည်နယ်များနှင့် စစ်ကိုင်းနှင့် တနင်္သာရီတိုင်းဒေသကြီးများမှ များစွာသော ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့များ (PDFs) က ၂၀၂၂ ခုနှစ်တွင် သိမ်းဆည်း ရရှိသော မိုင်းများ၏ ဓါတ်ပုံများကို စောင့်ကြည့်လေ့လာရေးအဖွဲ့က မြင်တွေ့ခဲ့ရသည်။[၂၀]

## အသုံးပြုမှု

စောင့်ကြည့်လေ့လာရေးအဖွဲ့သည် မြန်မာ့တပ်မတော်နှင့် မြန်မာနိုင်ငံအတွင်း လှုပ်ရှားနေသည့်NSAGs များ၏ လူသတ် မြေမြှုပ်မိုင်း အများအပြားအသုံးပြုမှုကို ၁၉၉၉ ခုနှစ်၊ ပထမအကြိမ်မြေမြှုပ်မိုင်း စောင့်ကြည့်လေ့လာရေးအဖွဲ့၏ နှစ်ပတ်လည် အစီရင်ခံစာ ထုတ်ဝေချိန်မှစ၍ မှတ်တမ်းတင်ခဲ့သည်။

## မြန်မာ့တပ်မတော်မှ နောက်ထပ်အသုံးပြုမှု

၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ အာဏာသိမ်းချိန်မှစ၍ မြန်မာ့တပ်မတော်က လူသတ်မိုင်း အမြောက်အများ အသုံးပြုခဲ့သည်။ ယင်းလုပ်ရပ်က မိုင်ဘိုင်းဖုန်းတာဝါတိုင်များ၊ သယံဇာတတူးဖော်ရေးလုပ်ငန်းများနှင့် စွမ်းအင်ပိုက်လိုင်းများ စသည့် အခြေခံအဆောက်အအုံများ အနီးတစ်ဝိုက်တွင် အသုံးပြုမှုအပါအဝင် နောက်ထပ် အသုံးပြုမှု သိသိသာသာ မြင့်မားလာခြင်းကို ဖော်ပြသည်။

၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလမှ စက်တင်ဘာလအတွင်း NSAGs များက မြန်မာ့တပ်မတော်ထံမှ မြန်မာနိုင်ငံထုတ် လူသတ်မြေမြှုပ်မိုင်းများကို နိုင်ငံနေရာအနှံ့အပြားတွင် လစဉ် သိမ်းဆည်းရမိကြောင်း စောင့်ကြည့်လေ့လာရေးအဖွဲ့က ဆန်းစစ်သုံးသပ်ခဲ့သော ဓါတ်ပုံများက ညွှန်ပြနေသည်။ ၂၀၂၂ ခုနှစ်၊ ဩဂုတ်လတွင် မြန်မာ့တပ်မတော်က ထုတ်လုပ်ပိုင်ဆိုင်သည့် လူသတ်မိုင်းများအား နိုင်

---

၁၇။ ICBL, Landmine Monitor Report 2004: Toward a Mine-Free World (New York: HRW, October 2004), p. 938. The mines include Chinese Types-58, -59, -69, and -72A; Soviet POMZ-2, POMZ-2M, PMN-1, and PMD-6; US M14, M16A1, and M18; and Indian/British LTM-73 and LTM-76.

၁၈။ တနင်္သာရီတိုင်းဒေသကြီးရှိ လောင်းလုံပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ (LLPDF) က ထုတ်လုပ်သည့် လက်လုပ်လူသတ်မိုင်းနှင့် အခြားလက်နက်ပစ္စည်းများ ဓါတ်ပုံများ၊ ၂၀၂၂ ခုနှစ်၊ ဇွန်လ See, "Junta troops raid Launglon PDF camp," Burma News International (BNI)/Mizzima, 6 July 2022.

၁၉။ Land Mine Monitor 2009 တွင် မြန်မာနိုင်ငံ၌ အမေရိကန်ထုတ် M26 အမျိုးအစား လူသတ် ခုန်ထွက်မိုင်းများတွေ့ရှိကြောင်းဖော်ပြထားသော်လည်း မည်သည့်အရင်းအမြစ် သို့မဟုတ် မည်သည့်အဖွဲ့အစည်းက သုံးကြောင်းမဖော်ထုတ်နိုင်ခဲ့ပါ။ ၂၀၁၀ခုနှစ်တွင် လျှို့ဝှက်သတင်းရင်းမြစ်တစ်ခုက ထိုင်းနိုင်ငံ အနေဖြင့် မိုင်းတားမြစ်ရေးပဋိညာဉ်ကို ပါဝင်လက်မှတ်မရေးထိုးမီက KNLA သည် ထိုင်းဘုရင့်တပ်မတော်ထံမှ M26 မိုင်းအမြောက်အများကို ရရှိခဲ့သည်ဟု ဆိုပါသည်။ See, Landmine Monitor Report 2009: Toward a Mine-Free World (Ottawa: Mines Action Canada, October 2009), p. 1,013.

၂၀။ စောင့်ကြည့်လေ့လာရေးအဖွဲ့သည် ၂၀၂၂ ခုနှစ် ဇန်နဝါရီမှ စက်တင်ဘာလအထိ မီဒီယာဓါတ်ပုံများအား မနေမနား စေ့စပ်သေချာလေ့လာဆန်းစစ်ခဲ့ရာ၊ မြန်မာ့တပ်မတော်ထံမှ မိုင်းများသိမ်းဆည်းရမိသော ဖြစ်စဉ် ၂၅ ခုကျော်ရှိခဲ့ပြီး၊ ချင်း၊ ကယား၊ ကရင်၊ ရခိုင်၊ ရှမ်းပြည်နယ်များနှင့် စစ်ကိုင်း၊ တနင်္သာရီ တိုင်းဒေသကြီးများတွင် MM1၊ MM2၊ MM5 နှင့် MM6 အမျိုးအစား လူသတ်မိုင်းများ ပမာဏအားဖြင့် ရာပေါင်းများစွာရှိခဲ့ပါသည်။ အဆိုပါ မိုင်းများအား ဖော်ပြပါ ဒေသများရှိ EROs များ၊ သို့မဟုတ် NUG လက်အောက်ခံ PDFs များက မြန်မာ့တပ်မတော်စစ်ခန်းများအား ဝင်ရောက်စီးနင်းပြီးသည့်အခါဖြစ်စေ၊ သို့မဟုတ်၊ တပ်မတော် လှည့်ကင်းတပ်ဖွဲ့များအား ခြုံခိုတိုက်ခိုက်သည့်အခါဖြစ်စေ၊ ဖမ်းဆီးရမိသည့်အခါဖြစ်စေ သိမ်းဆည်းရမိခြင်းဖြစ်သည်။

ငံ၏ အနောက်မြောက်ပိုင်းနှင့် အနောက်တောင်ပိုင်းတွင် သိမ်းဆည်းရရှိခြင်းက တပ်မတော်အနေဖြင့် မိုင်းအမြောက်အများအသုံးပြုမှုကို ညွှန်ပြနေသည်။[၂၁]

၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလမှ ဇွန်လအတွင်း ကယားပြည်နယ်ရှိ ဒီမောဆို၊ ဖရူဆိုနှင့် လွိုင်ကော်မြို့နယ်များ၌ မြန်မာ့တပ်မတော်မှထောင်ထားသော MM2 နှင့် MM6 အမျိုးအစား လူသတ်မြေမြှုပ်မိုင်းများကြောင့် အရပ်သား ပြည်သူ ထိခိုက်သေဆုံးမှုများကို အပြည်ပြည်ဆိုင်ရာလွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့(Amnesty International) ၏ စုံစမ်းစစ်ဆေးမှု တစ်ရပ်တွင် မှတ်တမ်းတင်ခဲ့သည်။[၂၂]

၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလမှစတင်၍ မြန်မာ့တပ်မတော်၏ လူသတ်မြေမြှုပ်မိုင်းနောက်ထပ်အသုံးပြုမှုနှင့် စပ်လျဉ်းသည့် သီးခြားအစီရင်ခံစာများနှင့် စွပ်စွဲချက် နမူနာများကို အောက်တွင်အသေးစိတ်ဖော်ပြထားသည်။

၂၀၂၂ ခုနှစ်၊ စက်တင်ဘာလတွင် မြန်မာ့တပ်မတော်မှ ရှမ်းပြည်နယ်၊ ဖယ်ခုံမြို့နယ်၊ မိုးဗြဲမြို့၊ ဘုရားကျောင်း တစ်ကျောင်း၏ အနီးတစ်ဝိုက်တွင် လူသတ်မိုင်းများထောင်ခဲ့သည်ဟု ဒေသတွင်း အစိုးရမဟုတ်သော လက်နက်ကိုင် အဖွဲ့အစည်းတစ်ခုက ပြောကြားခဲ့သည်။[၂၃]

၂၀၂၂ ခုနှစ်၊ သြဂုတ်လတွင် စစ်ကိုင်းတိုင်းဒေသကြီး၊ ဆားလင်းကြီးမြို့နယ်ရှိ လက်ပန်းတောင်းကြေးနီ စီမံကိန်း ဧရိယာတစ်ဝိုက်တွင် MM6 အမျိုးအစား လူသတ်မြေမြှုပ်မိုင်းများထောင်ထားကြောင်း ဒေသခံ လက်နက်ကိုင် အဖွဲ့တစ်ခုက တွေ့ရှိခဲ့သည်။ အဆိုပါ ကြေးနီစီမံကိန်းသည် မြန်မာ့တပ်မတော်ပိုင် မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်နှင့် တရုတ်နိုင်ငံပိုင် နိုရင်ကို ကုမ္ပဏီတို့ ဖက်စပ်လုပ်ကိုင်ခြင်းဖြစ်သည်။[၂၄]

၂၀၂၂ ခုနှစ်၊ ဇူလိုင်လတွင်

- စစ်ကိုင်းတိုင်းဒေသကြီး၊ ကောလင်းမြို့နယ်တွင် ရွာမှထွက်ပြေးပြီး ပြန်လာသော အရပ်သား ပြည်သူနှစ်ဦး မြန်မာ့ တပ်မတော်မှထောင်ထားသည်ဟု ယူဆရသော မြေမြှုပ်မိုင်းကြောင့် ထိခိုက်ဒဏ်ရာရခဲ့သည်။[၂၅]
- ရခိုင်ပြည်နယ်၊ မြောက်ဦးမြို့နယ်ရှိ မြန်မာ့တပ်မတော်တပ်စခန်းများအနီးပတ်ပတ်လည်တွင် ထောင်ထားသော မြေမြှုပ်မိုင်းများကြောင့် ပြည်သူများထိခိုက်ဒဏ်ရာရရှိမှုဖြစ်စဉ်အများအပြားရှိခဲ့သည်။[၂၆]
- ရခိုင်ပြည်နယ်၊ အမ်းမြို့နယ်၊ ဇူးကိုင်ကျေးရွာတွင် မိုင်းနင်းမိသော သားဖြစ်သူ၏ အလောင်းကိုသွားယူသည့် ရွာသား တစ်ဦးအား တပ်မတော်မှ စစ်သားနှစ်ဦးက အဖော်လိုက်ပေးခဲ့သည်။ လမ်းတွင် ၎င်းတို့က မြန်မာ့တပ်မတော်တပ်ဖွဲ့ တစ်ဖွဲ့မှ ထောင်ထားခဲ့သည်ဆိုသော မိုင်းနှစ်လုံးကို ဖယ်ရှားပေးခဲ့သည်။[၂၇]
- ပဲခူးတိုင်းဒေသကြီး၊ ကျောက်ကြီးမြို့နယ်တွင်၊ ကူးတို့လုပ်ငန်းကို မြန်မာ့တပ်မတော်က ပိတ်ခဲ့ပြီး ၎င်းကို KNLA တိုက်ခိုက်ရေးတပ်ဖွဲ့များအသုံးမပြုနိုင်အောင် အနီးတစ်ဝိုက်တွင် မိုင်းများထောင်ထားခဲ့သည်ဟု ယူဆကြသည်။ [၂၈]

---

၂၁။ သြဂုတ်လ ၃၁ရက်တွင် ရခိုင်ပြည်နယ်၊ မောင်တောမြို့နယ်ရှိ နယ်ခြားစောင့်တပ်စခန်းအမှတ် ၄၀ ကို စီနင်းသိမ်းပိုက်စဉ်က ကျန်ရှိခဲ့သော လက်နက်တိုက်အတွင်းမှ အခြားလက်နက်ခဲယမ်းများနှင့်အတူ သိမ်းဆည်းရရှိသော MM2 နှင့် MM5 အမျိုးအစား လူသတ်မြေမြှုပ်မိုင်းများကို ရခိုင်တပ်တော်(AA) က ခင်းကျင်းပြသခဲ့သည်။ See, "Arakan Army says it has captured Myanmar military camp near Bangladesh border," Development Media Group, 31 August 2022. သြဂုတ်လ ၁၆ ရက်တွင် KIA နှင့် PDF တပ်ဖွဲ့ဝင်များက စစ်ကိုင်းတိုင်းဒေသကြီး၊ ပင်လည်ဘူးမြို့နယ်တွင် ဖမ်းဆီးရမိသော မြန်မာ့တပ်မတော် တပ်ဖွဲ့ဝင်များထံမှ MM6 အမျိုးအစား လူသတ်မိုင်း ၁၁ လုံးကို သိမ်းဆည်းရရှိခဲ့သည်။ according to the BBC Burmese Facebook post၊ သြဂုတ်လ ၁၅ရက် တွင် AA တပ်တော်က ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်တွင် ဖမ်းဆီးရမိသော မြန်မာ့တပ်မတော် တပ်ဖွဲ့ဝင်များထံမှ MM6 (M14) အမျိုးအစား လူသတ်မြေမြှုပ် မိုင်း ၇ လုံးကို သိမ်းဆည်း ရရှိခဲ့သည်။ သြဂုတ်လ ၂၅ ရက်တွင် ကန့်ဘလူ PDf တပ်ဖွဲ့က စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူ မြို့နယ်တွင် ဖမ်းဆီးရမိသော မြန်မာ့တပ်မတော်တပ်ဖွဲ့ဝင်များထံမှ MM6 (M14) အမျိုးအစား လူသတ်မြေမြှုပ်မိုင်း ၅လုံးကို သိမ်းဆည်းရရှိခဲ့သည်။ See, Lungekhit News Facebook post.

၂၂။ "Myanmar: Military's use of banned landmines in Kayah State amounts to war crimes," Amnesty International, 20 July 2022.

၂၃။ နေရပ်ပြန်လာသောဒေသခံပြည်သူများအား မိုင်းထောင်ထားသည့် ဘုရားကျောင်းအနီးဝန်းကျင်ကို ရှောင်ရှားကြရန် မိုးဗြဲ PDF တပ်ဖွဲ့က သတိပေး၊ "Junta weapons seized from Catholic church in Shan State's Mobye Township," Mizzima, 15 September 2022.

၂၄။ မြောက်ယမား PDF မှ ကြေးနီစီမံကိန်းတစ်ဝိုက်တွင် တပ်မတော်က ထောင်ထားသည်ဆိုသည့် MM6 အမျိုးအစား လူသတ်မြေမြှုပ်မိုင်း ၇၈ လုံးကို အသက်မဲ့အောင်ပြုလုပ်ခဲ့သည်။ See, The Irrawaddy (Irrawaddy News), "North Yamar People's Defense Force defused 78 landmines planted by the regime to protect

၂၅။ အောင်အောင်၊ "စစ်ကိုင်းတွင် စစ်တပ်ထောင်ထားသောမိုင်း ရွာသားများနင်းမိ" Tha Din News and Radio, 1 August 2022.

၂၆။ အောင်အောင်၊ "မြောက်ဦးစစ်တပ်စခန်းအနီး မိုင်းပေါက်ကွဲ၊ ကလေးငယ် ၄ ဦး ဒဏ်ရာရ၊ ၂ ဦး စိုးရိမ်ရ" Tha Din News and Radio, 18 July 2022.
the China-backed Letpadaung copper mine in Salingyi Township, Sagaing Region. Photo- North Yamar PDF." 19 August 2022, 09:09 UTC. Tweet.

၂၇။ ထိုသူ၏ ၁၄ နှစ်အရွယ်သားဖြစ်သူမှာ ယခင်ရက်က မိုင်းထိ၍ သေဆုံးခဲ့ပြီး၊ သား၏အလောင်းကိုပြန်သယ်ချင်သည်။ တပ်မတော်သားများ၏ ပြောကြားချက် အရ ၎င်းတို့ဖယ်ရှားလိုက်သော မိုင်း ၂ လုံးသည် တပ်မ ၆၆ မှ ထောင်ထားခဲ့သော မိုင်းများဟုဆိုပါသည်။ တပ်မတော်သားများက ထိုသူအား ရှေ့ဆက်မသွားရန် တားမြစ်ခဲ့ပါသည်။ See, "Six killed, 11 injured by landmines amid renewed tensions in Myanmar's Rakhine state," Radio Free Asia, 12 July 2022.

၂၈။ "ကျောက်ကြီးတွင် ဒေသခံများ စစ်တပ်၏မြေမြှုပ်မိုင်းများကြောင့် စိုးရိမ်နေရ" Than Lwin Times, 27 July 2022. နေရက်အလိုက်သီးခြားဖြစ်စဉ်များတွင် အဆိုပါမြေမြှုပ်မိုင်းများကြောင့် ကလေးငယ်တစ်ဦးသေဆုံးခဲ့ပြီး၊ အခြားသူတစ်ဦးထိခိုက်ဒဏ်ရာရရှိခဲ့သည်။

၂၀၂၂ ခုနှစ်၊ ဇွန်လတွင် ကယားပြည်နယ်၊ ဒီးမော့ဆိုမြို့နယ်၌ ထိုနေ့အစောပိုင်းက မြန်မာတပ်များထွက်သွားခဲ့သည့် ဒေါဲ ဒြေးခူ ရပ်ကွက်ရှိ ဘုရားကျောင်းဝင်းအတွင်း မိုင်း ၃ လုံးတွေ့ရှိခဲ့ပြီး၊ စတုတ္ထမြောက် မိုင်းကြောင့် လူငယ်လေး တစ်ဦးထိခိုက်ဒဏ်ရာရရှိခဲ့သည်။[၂၉] ကယားပြည်နယ်တွင် လွန်ခဲ့သည့်လအတွင်း တပ်မတော်က အသုံးပြုခဲ့သည်ဟု ယူဆသည့် မြေမြှုပ်မိုင်းများကြောင့် KNDF တိုက်ခိုက်ရေးတပ်သားများ ထိခိုက်သေဆုံးမှုရှိခဲ့သည်။[၃၀]

၂၀၂၂ ခုနှစ်၊ မေလတွင် ပဲခူးတိုင်းဒေသကြီး၊ ပေါင်းတည်မြို့နယ်၌ တပ်မတော်ကသိမ်းပိုက်စခန်းချခဲ့သော ဘုန်းကြီးကျောင်းတွင် မိုင်းများထောင်ထားခဲ့သည်ဟုယူဆကြသည်။[၃၁]

၂၀၂၂ ခုနှစ်၊ ဧပြီလတွင်

- PDF တပ်ဖွဲ့များထံ ဘက်ပြောင်းခိုလှုံလာသည့် ရဲအရာရှိတစ်ဦးက ရဲကင်းစခန်းများတွင် ရှေ့ထွက်မိုင်းနှင့် အခြား လူသတ်မိုင်းများထောင်ထားရန် မြန်မာစစ်တပ်က ညွှန်ကြားထားကြောင်းပြောခဲ့သည်။[၃၂]
- မန္တလေးတိုင်းဒေသကြီး၊ မလှိုင်မြို့နယ်ရှိ မိုဘိုင်းဖုန်းတာဝါတိုင်ခြေတွင် မြန်မာစစ်တပ်ကထောင်ထားသည် ဟုယူဆ ရသည့် မိုင်းကြောင့် အရပ်သားတစ်ဦးထိခိုက်ဒဏ်ရာရရှိခဲ့သည်။[၃၃]
- ကယားပြည်နယ်၊ လွိုင်ကော်မြို့နယ်တွင် မြန်မာစစ်သားများထွက်ခွာသွားပြီးနောက် ၎င်းတို့၏ ကျေးရွာသို့ ပြန်လာ သော အရပ်သားပြည်သူများမြေမြှုပ်မိုင်းများကြောင့် ထိခိုက်ဒဏ်ရာရရှိခဲ့သည်။[၃၄]

၂၀၂၂ ခုနှစ်၊ မတ်လတွင်

- မြန်မာ့တပ်မတော်က ဝင်ရောက်စီနင်းမှုအတွင်း သတ်ဖြတ်ခဲ့သော အလောင်းများအနီးတစ်ဝိုက်တွင် မိုင်းများ ထောင်ထားခဲ့သည်ဟု စစ်ကိုင်းတိုင်းဒေသကြီး၊ ခင်ဦးမြို့နယ်၊ မုန်တောကျေးရွာမှ ပြည်သူများက ပြောသည်။[၃၅]
- တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့နယ်တွင် တံတားအဝင် စစ်ဆေးရေးဂိတ်၌ မြန်မာ့တပ်မတော်က မြေမြှုပ်မိုင်းများ ထောင်ထားခဲ့သည်ဟု ဒေသခံများကယူဆကြသည်။[၃၆]

၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလတွင်

- စီးနင်းတိုက်ခိုက်မှုတစ်ခုတွင် မြန်မာ့တပ်မတော်က ထောင်ခဲ့သည်ဟုယူဆရသည့် မိုင်းကြောင့် စစ်ကိုင်းတိုင်းဒေသကြီး၊ ကနီမြို့နယ်၊ ကင်းစံပြကျေးရွာမှ ရွာသားတစ်ဦး ရွာအပြန်လမ်းတွင် အသက်ဆုံးရှုံးခဲ့ သည်။[၃၇]
- ကရင်ပြည်နယ်၊ ကြာအင်းဆိပ်ကြီးမြို့နယ်၊ ကြက်ကာချောင်ကျေးရွာအုပ်စုတွင် တပ်မတော်၏ ခမရ ၂၈၄ က ထောင်ခဲ့ သည့် မိုင်းကြောင့် လူငယ်တစ်ဦးထိခိုက်ဒဏ်ရာရရှိခဲ့သည်။[၃၈]

---

၂၉။ စောင့်ကြည့်လေ့လာရေးအဖွဲ့က ၂၀၂၂ခုနှစ်၊ ဇူလိုင်လ ၁၅ရက်နေ့တွင် Free Burma Rangers တည်ထောင်သူ ဒေးဗစ်အူးဘန့် ကိုတွေ့ဆုံမေးမြန်းခဲ့သည်။ ၎င်း၏ ပြောကြားချက်ရ၊ KNDF နှင့်တိုက်ပွဲဖြစ်ပြီး တပ်မတော်က ထိုနေရာမှ ထွက်ခွာသွားသည့်အချိန်တွင် Free Burma Rangers က ဘုရားကျောင်းဝင်း အတွင်း မိုင်း ၃ လုံးနှင့် ၁၆နှစ်အရွယ် လူငယ်လေးတစ်ဦးနင်းမိသော မိုင်းအပါအဝင်အခြားမိုင်း ၄ လုံး တွေ့ရှိခဲ့သည်။ ထွက်သွားသည့် စစ်သားများ ချန်ထားခဲ့သည့် အိတ်များ၊ ခြင်းတောင်းများထဲတွင် မိုင်း ၁လုံးမှ ၆လုံးစီအထိပါရှိကြောင်း ၎င်းကပြောသည်။ အဆိုပါမိုင်းများသည် စက်ရုံမှ ထုပ်ပိုးထားသည့် အတိုင်း အနေအထားတွင်ပင်ရှိနေသေးသည်ဟုသိရသည်။

၃၀။ David Boi, "Two KNDF comrades had their legs amputated because of the junta's landmines," Tha Din News and Radio, 23 May 2022; Aung Aung, "A comrade from KNDF B-10 killed after stepping on a mine," Tha Din News and Radio, 15 May 2022; and Aung Aung, "One comrade stepped on mine during clearance operation, lost both legs," Tha Din News and Radio, 24 April 2022.

၃၁။ တပ်မတော်သားများ ထွက်ခွာသွားပြီးနောက် မိုင်းများကျန်ခဲ့သည်ကို တွေ့ရသည်ဟု ပေါင်းတည် PDF ကစွပ်စွဲပြောဆိုခဲ့သည်။ Aung Aung, "The junta soldiers stationed at the monastery planted mines after they retreated," Tha Din News and Radio, 10 May 2022.

၃၂။ PDF များအလွယ်တကူဝင်ရောက်စီးနင်းခြင်းမှ ကာကွယ်ရန် ရဲစခန်းဝင်ပေါက်၊ ထွက်ပေါက်များတွင် မြေမြှုပ်မိုင်းများထောင်ထားရန် စစ်ကောင်စီက ညွှန်ကြားခဲ့ ဟု ရဲအရာရှိကပြောဆိုခဲ့သည်။ ."Claymore and anti-personal mines planted at police stations," Than Lwin Times, 23 April 2022.

၃၃။ မိုဘိုင်းဖုန်းတာဝါတိုင်ခြေများတွင် မြန်မာ့တပ်မတော်က ခြံခတ်၍ မိုင်းများထောင်ထားသည်ဟု သိရှိရသည်။ See, Aung Aung, "15-year-old girl's leg amputated due to a mine planted by Junta troops in Mahlaing," Tha Din News and Radio, 3 May 2022.

၃၄။ Karenni Human Rights Group (KHRG), "Quarterly Briefing," Vol. 1, Issue 2, 13 July 2022, p. 3. The KHRG alleges that the casualties were the result of antipersonnel mines recently laid by the Myanmar Armed Forces.

၃၅။ ကျော်သူ၊ ခင်ဦးမြို့နယ်၊ မုန်တော်ကျေးရွာသားများအား စစ်တပ်က သတ်ဖြတ်၊ အလောင်းများအနီးတွင် မိုင်းများမြှုပ်ထားခဲ့၊ Tha Din News and Radio, 8 March 2022.

၃၆။ David Boi, "The Junta's forces planted landmines in front of Ka Myaw Kin Bridge in Dawei," Tha Din News and Radio, 2 April 2022.

၃၇။ David Boi, "A junta's mine exploded in Kani Township, killing one civilian," Tha Din News and Radio, 6 February 2022.

၃၈။ KHRG, "KHRG Submission to Landmine Monitor," September 2022. The Myanmar Armed Forces had issued verbal warnings to villagers not to enter the area, but the youth had just come to the area as his school elsewhere had been closed. It is uncertain when this minefield was first laid.

၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလတွင် ကယားပြည်နယ်၊ ဒီးမော့ဆိုမြို့နယ်၊ နန့်ခိုင်ကျေးရွာအနီးတွင် အမျိုးသားတစ်ဦး မြေမြှုပ်မိုင်းနင်းမိ၍ အပြင်းအထန်ဒဏ်ရာရရှိခဲ့သည်။ ယင်းသည် မြန်မာစစ်တပ်က ထောင်ထားခဲ့သော မိုင်း ဖြစ်သည်ဟု KNDF က စွပ်စွဲပြောဆိုခဲ့ပြီး၊ ဒေသတွင်း အခြားထောင်ထားခဲ့သော မိုင်းများကြောင့် ပြည်သူ ၁၀ ဦး ထိခိုက်အသက်ဆုံးရှုံးခဲ့ရသည် ဟုဆိုသည်။[၃၉]

၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလတွင်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မင်းကင်းမြို့နယ်ရှိ ရွာတစ်ရွာကို တပ်မတော်က ဝင်ရောက် သိမ်းပိုက် ခဲ့ပြီးနောက်၊ ပြန်လာသောထိုကျေးရွာသား ၂ ဦး မိုင်းထိခဲ့သည်။[၄၀]

၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလတွင်

- နိုင်ငံတစ်ဝန်း အနည်းဆုံးမြို့နယ် ၄၈ မြို့နယ်ရှိ မိုဘိုင်းဖုန်းတာဝါတိုင်များ အနီးတစ်ဝိုက်တွင် မြန်မာ့ တပ်မတော်က လူသတ်မိုင်းများထောင်ထားသည့်အတွက် မိုဘိုင်းဖုန်းကုမ္ပဏီမှ အင်ဂျင်နီယာများ ထိခိုက် သေဆုံးမှုရှိခဲ့သည်ဟု ဒေသဆိုင်ရာမီဒီယာများက ဖော်ပြခဲ့သည်။[၄၁]
- ရှမ်းပြည်နယ်၊ သီပေါမြို့နယ်ရှိ စွမ်းအင်ပိုက်လိုင်းအတွက် ရေတင်စက်ရုံအနီးတစ်ဝိုက်တွင် မြန်မာ့တပ်မတော်က မိုင်းများထောင်ထားကြောင်း ဒေသခံပြည်သူများအားအသိပေးခဲ့သည်။[၄၂]

၂၀၂၁ခုနှစ်၊ စက်တင်ဘာလတွင်

- မြန်မာ့တပ်မတော်က ဝင်ရောက်စီနင်းပြီးနောက် ရွာသို့ပြန်လာသော ကယားပြည်နယ်မှ အရပ်သားပြည်သူ တစ်ဦး မိုင်းထိသေဆုံးခဲ့ပြီး၊ နှစ်ဦးဒဏ်ရာရရှိခဲ့သည်။ ဒေသတွင်းလက်နက်ကိုင်အဖွဲ့တစ်ဖွဲ့က မြန်မာစစ်တပ်က ချန်ထားခဲ့ သော မြေမြှုပ်မိုင်းအလုံး ၃၀ ကို တွေ့ရှိခဲ့ကြောင်းပြောသည်။[၄၃]
- မူဆယ်မြို့နယ်၊ နန့်ထွေးကျေးရွာအနီးရှိ မိုဘိုင်းဖုန်းတာဝါတိုင်တစ်ခု၏ အပြင်ဘက်၌ ထောင်ထားသည့် မြေမြှုပ်မိုင်း တစ်လုံးကို နင်းမိရာမှ စစ်တပ်ပိုင်တယ်လီဖုန်းဆက်သွယ်ရေးကုမ္ပဏီ၏ ဝန်ထမ်းတစ်ဦး အပြင်းအထန်ဒဏ်ရာ ရရှိခဲ့သည်။ ဒေသတွင်း လက်နက်ကိုင်အဖွဲ့များ၏ တိုက်ခိုက်မှုများကို တုံ့ပြန်ရန် မြန်မာ့တပ်မတော်က မိုဘိုင်းဖုန်းတာဝါ တိုင်ခြေများတွင် မိုင်းထောင်ထားကြောင်း စွပ်စွဲပြောဆိုမှုရှိခဲ့သည်။[၄၄]

၂၀၂၁ ခုနှစ်၊ ဩဂုတ်လတွင်

- ရခိုင်ပြည်နယ်၊ ကျောက်တော်မြို့နယ်၊ ဥဆောင်းတောင်ကျေးရွာရှိ တပ်မတော်အခြေစိုက်စခန်းတစ်ခု၏ အပြင်ဘက် တွင် လယ်သမားတစ်ဦး မြေမြှုပ်မိုင်းကြောင့် ထိခိုက်ဒဏ်ရာရရှိခဲ့သည်။ ဒေသခံများ၏ ပြောကြားချက်အရ ထိုနေရာ သည် လယ်သမားများအသုံးပြုနေကျနေရာဖြစ်ပြီး၊ ယခင်က မိုင်းပေါက်ကွဲမှု ဖြစ်စဉ်များမရှိခဲ့ကြောင်းသိရသည်။[၄၅]
- ကချင်ပြည်နယ်၊ ဗန်းမော်မြို့နယ်၊ မြီတုံးမယ်ကျေးရွာရှိ တပ်မတော်အခြေစိုက်စခန်းအနီးတစ်ဝိုက်တွင် ထောင်ထား သော မိုင်းထိ၍ နွားကျောင်းနေသော ကလေးငယ်တစ်ဦးအသက်ဆုံးရှုံးခဲ့သည်။[၄၆]

၂၀၂၁ခုနှစ်တွင် ရခိုင်ပြည်နယ်၊ ကျောက်တော်မြို့နယ်၊ ရှသာကျေးရွာမှ ပြည်သူများအား မြန်မာ့တပ်မတော်က ယင်းတို့၏ အခြေစိုက်စခန်းတစ်ဝိုက်တွင် မိုင်းများထောင်ထားသောကြောင့် အနီးသို့မလာကြရန်သတိပေးခဲ့သည်။[၄၇]

မြန်မာနိုင်ငံတွင် မိုင်းပေါက်ကွဲမှုဖြစ်စဉ်များအပေါ် မြန်မာ့တပ်မတော်၊ သို့မဟုတ် အစိုးရမဟုတ်သော လက်နက်ကိုင်အဖွဲ့ အစည်းတစ်ခုခုတွင် တာဝန်ရှိသည်ဟု တိတိကျကျသတ်မှတ်ရန် ခက်ခဲလေ့ရှိသည်။ သို့ရာတွင် မကြာခင်က လက်နက်ကိုင် ပဋိပက္ခဖြစ်

---

၃၉။ "နန့်ခိုင်ရွာသားပြည်သူတစ်ဦး မိုင်းနင်းမိ၍ ခြေတစ်ဖက်ဆုံးရှုံး" Kantarawaddy Times, 16 January 2022.

၄၀။ "Myanmar Civilian Forces Claim Dozens of Junta Troops Killed in Mine Attacks, Ambushes," The Irrawaddy, 15 December 2021.

၄၁။ ချင်း၊ကရင်၊မွန်နှင့် ရှမ်းပြည်နယ်တို့နှင့် ဧရာဝတီ၊ပဲခူး၊မကွေး၊မန္တလေး၊စစ်ကိုင်း၊တနင်္သာရီနှင့်ရန်ကုန်တိုင်းဒေသကြီးတို့မှ မြို့နယ် ၄၈ မြို့နယ်ရှိ မိုဘိုင်းဖုန်း တာဝါတိုင်များအနီးတစ်ဝိုက်တွင် လူသတ်မိုင်းများ အသစ်ထပ်မံထောင်ထားခဲ့သည်။ ယင်းတို့အနက် ဧရာဝတီနှင့် ရန်ကုန်စသည့် အချို့သောနေရာများတွင် ယခင်က လူသတ်မိုင်းများထောင်ထားခဲ့ကြောင်းမတွေ့ရှိရပါ။ See, "Telecoms tower sites mined by Myanmar military," Myanmar Now, 5 November 2021.

၄၂။ "တရုတ်ဓါတ်ငွေ့ပိုက်လိုင်းတစ်လျှောက် မြန်မာ့တပ်မတော်၏ မြေမြှုပ်မိုင်းများကြောင့် ရှမ်းပြည်နယ်၊ သီပေါမြို့နယ်မှ ကျေးရွာနေပြည်သူများ လုံခြုံရေး စိုးရိမ်နေရ။" Shan Human Rights Foundation, 18 January 2022.

၄၃။ "အရပ်သားပြည်သူများအား မြန်မာစစ်တပ်က မြေမြှုပ်မိုင်းများဖြင့် ပစ်မှတ်ထားနေကြောင်း စွပ်စွဲပြောကြား။" The Irrawaddy, 29 September 2021.

၄၄။ "မူဆယ်မြို့နယ်ရှိ မိုင်တဲလ်ဖုန်းတာဝါတိုင်ကို လာရောက်ပြင်ဆင်သော ဝန်ထမ်းတစ်ဦး မိုင်းနင်းမိပြီး ခြေနှစ်ဖက်လုံးဆုံးရှုံး။" Eleven Myanmar, 29 September 2021; "မြန်မာစစ်တပ်က နေအိမ်များမှ ဖယ်ရှားခိုင်းခဲ့သော ဒေသခံပြည်သူများ၏ ပြောကြားချက်အရ၊ မန္တလေးတိုင်းဒေသကြီး၊ မိုးကုတ် မြို့နယ်ရှိ မိုင်တဲလ် တာဝါတိုင်အား ထိုနေ့မှာပင် လုံခြုံရေးတပ်ဖွဲ့များက မိုင်းထောင်ခဲ့သည်ဟုဆိုသည်" Democratic Voice of Burma, 15 September 2021.

၄၅။ "ကျောက်တော်တွင် ကျေးရွာသားတစ်ဦး မိုင်းနင်းမိပြီး ခြေတစ်ဖက်ဆုံးရှုံး" Myanmar Now, 18 August 2021.

၄၆။ "စစ်ကောင်စီက ထောင်ထားသောမြေမြှုပ်မိုင်းနင်းမိ၍ ဆယ်ကျော်သက်တစ်ဦးသေဆုံး" BNI, 9 August 2021.

၄၇။ မိုင်းများထောင်ထားသည့် ရက်စွဲကို ရှင်းရှင်းလင်းလင်းမသိရ၊ သို့သော် ၂၀၂၂ ခုနှစ်ဦးပိုင်းမှ စ၍ ကျေးရွာနေပြည်သူများ၏ ကျွဲ၊နွားများ ဆုံးရှုံးကြရပြီး၊ ၂၀၂၂ ခုနှစ် မေလအထိရွာနှင့် ကပ်လျက် သုသာန်ကိုမသွားနိုင်ကြသေးပါ။ See, Myint Zaw, "ကျောက်တော်မြို့နယ်တွင် ၇၅ နှစ်အရွယ် အမျိုးသမီးကြီးတစ်ဦး မြေမြှုပ်မိုင်းနင်းမိ၍သေဆုံး" Tha Din News and Radio, 3 June 2022.

ပွားခဲ့သည့်နေရာများတွင် မြေမြှုပ်မိုင်းကြောင့် ထိခိုက်သေဆုံးမှုများ ဖြစ်လေ့ရှိသည်ဟု ကျေးရွာနေပြည်သူများကပြောသည်။

၂၀၂၂ ခုနှစ်၊ ဧပြီလ ၂၉ နှင့် ၃၀ရက်များတွင် နယ်ခြားစောင့်တပ် (BGF) နှင့် KNLA တို့ တိုက်ပွဲဖြစ်ပွားခဲ့ရာ၊ အနည်းဆုံး မြေမြှုပ် မိုင်းတစ်လုံး ကျန်ရစ်ခဲ့ပြီး၊ နောက်တစ်ပတ်အကြာတွင် ယင်းကြောင့် ပြည်သူတစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။[၄၈]

၂၀၂၂ ခုနှစ်၊ မတ်လတွင် ရှမ်းပြည်နယ်၊ လားရှိုးမြို့နယ်၊ ခိုခမ်းကျေးရွာတွင် မြေမြှုပ်မိုင်းတစ်လုံး တွေ့ရှိခဲ့ပြီး ၎င်းကို ဆော့က စားကြသည့် ကလေးငယ် ၃ဦး အသက်ဆုံးရှုံးခဲ့သည်။ ယင်းသည် မြန်မာတပ်မတော်နှင့် မြောက်ပိုင်း မဟာမိတ်အဖွဲ့ဝင် လက်နက် ကိုင်တပ်ဖွဲ့တစ်ဖွဲ့တို့ တိုက်ပွဲဖြစ်ပွားပြီး ကျန်ခဲ့ခြင်းဖြစ်သည်ဟု ယူဆကြသည်။[၄၉]

၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလတွင် ရခိုင်ပြည်နယ်၊ မင်းပြားမြို့နယ်အတွင်း မြန်မာ့တပ်မတော်နှင့် AA တို့ မကြာသေးမီက တိုက် ပွဲများ ဖြစ်ပွားခဲ့သည့်နေရာ၌ မြေမြှုပ်မိုင်းကြောင့် အမျိုးသားတစ်ဦးအသက်ဆုံးရှုံးခဲ့သည်။[၅၀]

၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလတွင်

- ရှမ်းပြည်နယ်၊ မုန်းကိုင်မြို့နယ်၊ လီဆင်းကျေးရွာတွင် မိုင်းထိ၍ ရွာသားတစ်ဦးသေဆုံးခဲ့ပြီး ဒေသတွင်း အစိုးရ မဟုတ် သော လက်နက်ကိုင်အဖွဲ့အစည်းများဖြစ်သည့် ရှမ်းပြည်တိုးတက်ရေးပါတီ (SSPP) နှင့် ရှမ်းပြည်ပြန်လည် ထူထောင်ရေး ကောင်စီ (RCSS) တို့ကြား မကြာသေးမီက ဖြစ်ပွားခဲ့သော တိုက်ပွဲများကြောင့်ဟု အပြစ်တင် ကြသည်။[၅၁]
- စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့နယ်၊ ပေါက်ပင်ကျေးရွာရှိ မိုဘိုင်းဖုန်းတာဝါတိုင်အနီးတွင် မကြာသေးမီက ထောင်ထား သော မိုင်းကြောင့် ရွာသားတစ်ဦး အသက်ဆုံးရှုံးခဲ့သည်။[၅၂]

၂၀၂၂ ခုနှစ်၊ ဇန်နဝါရီမတိုင်မီကာလက၊ ကရင်ပြည်နယ်၊ ဖာပွန်မြို့နယ်၊ မဲကလောကျေးရွာအုပ်စုမှ ကျေးရွာနေ ပြည်သူများ အား KNLA နှင့် မြန်မာ့တပ်မတော်တို့က အဆိုပါနေရာအတွင်း မြေမြှုပ်မိုင်းများရှိကြောင်း အသိပေးခဲ့ပြီး မိုင်းပေါက်ကွဲမှုကြောင့် ရွာ သားတစ်ဦးသေဆုံးခဲ့သည်။[၅၃]

၂၀၂၁ ခုနှစ်၊ သြဂုတ်လတွင် RCSS လက်အောက်ခံ ရှမ်းပြည်တပ်မတော်၊ တောင်ပိုင်း (SSA-S) နှင့် မြန်မာ့တပ်မတော်တို့က မြောက်ပိုင်းမဟာမိတ်အဖွဲ့ဝင် ၃ ဖွဲ့ဖြစ်သည့် AA ၊ MNDAA နှင့် တအောင်းအမျိုးသားလွတ်မြောက်ရေးတပ် (TNLA) တို့နှင့် ရှမ်းပြည် နယ်အတွင်း ရင်ဆိုင်တိုက်ပွဲများဖြစ်ပွားခဲ့သည်။ ထိုတိုက်ပွဲများပြီး နောက်ပိုင်းတွင် ထိုသို့ တိုက်ပွဲဖြစ်ပွားခဲ့သည့် နေရာများအနီးတွင် မြေမြှုပ်မိုင်းကြောင့် အရပ်သားများ ထပ်မံသေဆုံးမှု များ ရှိခဲ့သည်ဟု သိရှိရသည်။[၅၄]

၂၀၂၁ ခုနှစ်၊ ဇူလိုင်လတွင် ရခိုင်ပြည်နယ်၊ ပုဏ္ဏားကျွန်းမြို့နယ်၌ မြန်မာ့တပ်မတော်နှင့် AA တို့ကြား မကြာသေးမီက တိုက်ပွဲ ဖြစ်ပွားခဲ့သည့်နေရာတွင် ကလေးငယ်တစ်ဦး မြေမြှုပ်မိုင်းကြောင့် ဒဏ်ရာရရှိခဲ့သည်။[၅၅]

## ရက်စက်ကြမ်းကြုတ်မှု/ အတင်းအဓမ္မလုပ်အားစေခိုင်း၍ မိုင်းရှင်းလင်းခြင်း

မြန်မာ့တပ်မတော်အနေဖြင့် မြေမြှုပ်မိုင်းများကို ထိရောက်စွာ ဖောက်ခွဲဖျက်ဆီးရန်အတွက် မိုင်းရှိသော နေရာဒေသများတွင် ၎င်းတို့၏တပ်ဖွဲ့များရှေ့မှ အရပ်သားများကို "လမ်းပြ" အဖြစ်ဦးဆောင်သွားခိုင်းသည့် အလေ့အထကို ဆက်လက်ကျင့်သုံးလျက်ရှိ ကြောင်း အထောက်အထားများကို စောင့်ကြည့်လေ့လာရေးအဖွဲ့က တွေ့ရှိထားသည်။ ယင်းသည် နိုင်ငံတကာ လူသားချင်းစာနာမှု ဆိုင်ရာနှင့် လူ့အခွင့်အရေးဥပဒေများအား ဆိုးရွားစွာ ချိုးဖောက်ခြင်း ဖြစ်သည်။[၅၆] ၂၀၂၁ ခုနှစ်၊ ဒုတိယ နှစ်ဝက်အတွင်း ယင်းသို့ ရက်

---

၄၈။ David Boi, "A citizen accidentally stepped on a landmine," Tha Din News and Radio, 6 May 2022.

၄၉။ "ရှမ်းပြည်မြောက်ပိုင်း ရွာတစ်ရွာတွင် မြေမြှုပ်မိုင်းကြောင့် ကလေးငယ်များအသက်ဆုံးရှုံး" Shan Herald Agency for News, 8 March 2022.

၅၀။ "မြေမြှုပ်မိုင်းပေါက်ကွဲမှုအပြီး ၃ရက်အကြာတွင် မင်းပြားမှ အမျိုးသားတစ်ဦးအားသေဆုံးလျက်တွေ့ရှိ" BNI, 11 February 2022.

၅၁။ Landmine Victim Left To Rot In Mong Kung Township," Shan Herald Agency for News, 10 January 2022.

၅၂။ မြန်မာ့တပ်မတော်က ၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလနောက်ပိုင်း မိုဘိုင်းဖုန်းတာဝါတိုင်များ အနီးတစ်ဝိုက်တွင် မိုင်းများစတင်ထောင်ထားခဲ့သည်။ See, David Boi, "A farmer dies after stepping on a landmine in Monywa," Tha Din News and Radio, 14 January 2022.

၅၃။ KHRG, "KHRG Submission to Landmine Monitor," September 2022. Although both parties had issued verbal warnings, it is unclear which actor laid the mines in the area. The villagers stated that there was no marking to make known precisely which areas were dangerous. Other villagers interviewed said the mines were laid by the KNLA.

၅၄။ ဥပမာ- ၂၀၂၁ခုနှစ်၊ သြဂုတ်လတွင် ကျောက်မဲမြို့နယ်မှ စစ်ရှောင် (IDPs) ၂ဦး၊ စစ်ရှောင်စခန်းမှ ထွက်၍ စားစရာရှာဖွေစဉ် မိုင်းနင်းမိခဲ့သည်။ RCSS ၊ SSPP နှင့် TNLA တို့က ထိုဒေသတွင် ယခင်က တိုက်ပွဲများဖြစ်ပွားခဲ့သည်။ See, "IDPs Wounded By Landmine In Kyaukme Township," BNI, 18 August 2021.

၅၅။ "ပုဏ္ဏားကျွန်းမြို့နယ်တွင် ဆယ်ကျော်သက်လူငယ်တစ်ဦး မိုင်းနင်းမိ၍ ခြေထောက်နှစ်ဖက်ဆုံးရှုံး" Myanmar Now, 22 July 2021.

၅၆။ လွန်ခဲ့သည့် ဆယ်စုနှစ် နှစ်ခုအတွင်း၊ မြန်မာစစ်တပ်က သင်တန်းမပေး၊ ကာကွယ်ရေးဝတ်စုံမပါဘဲ၊ အရပ်သားများအား လူသတ်မိုင်းရှင်းလင်းရာတွင် အဓမ္မ စေခိုင်းခဲ့သည်၊ သို့မဟုတ် မိုင်းရှိသောနေရာများတွင် တပ်မတော်၏ ခဲယမ်း၊ ပစ္စည်းများကို အဓမ္မသယ်ဆောင်ခိုင်းခဲ့သည်ဆိုသည့် စိတ်ပူပန်စရာ အထောက်အထား များကို စောင့်ကြည့်လေ့လာရေးအဖွဲ့က အစီရင်ခံတင်ပြခဲ့သည်။ အဆိုပါလုပ်ရပ်များသည် ရှင်သန်နေထိုင်ခွင့်၊ လွတ်လပ်ခွင့်နှင့် ပုဂ္ဂိုလ်ဆိုင်ရာ လုံခြုံမှုကို အန္တရာယ်ပြုခြင်းဖြစ်သည်။ During Myanmar's first Universal Periodic Review of its human rights record, in 2011, the ICBL provided a submission detailing the use of human minesweepers. See Human Rights Council, Working Group on the Universal Periodic Review, Tenth Session, "Summary prepared by the Office of the High Commissioner for Human Rights in accordance with paragraph 15(c) of the annex to Human Rights Council resolution 5/1," 18 October 2010.

စက်ကြမ်းကြုတ်သော အလေ့အထဆိုင်ရာ ဥပမာအများအပြားရှိခဲ့သည်။

၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလတွင် မြန်မာစစ်သားများက ၁၆ နှစ်အရွယ် ချင်းလူငယ်လေးတစ်ဦးနှင့် လူကြီး ၂ ဦး တို့အားဖမ်းဆီး ခေါ်ဆောင်၍၊ မြေမြှုပ်မိုင်းရှိ၊ မရှိ ထောက်လှမ်းရန် စစ်သားများရှေ့မှ လမ်းလျှောက်သွားရန် အတင်းအကျပ်စေခိုင်းခဲ့သည်ဟု ဆိုသည်။[၅၇]

၂၀၂၁ ခုနှစ်၊ စက်တင်ဘာလတွင်

- ရှမ်းပြည်နယ်၊ ဖယ်ခုံမြို့နယ်တွင် မိုင်းရှိသည်ဟုသိထားသော နေရာတစ်ခု၌ လယ်သမား ၂ ဦးကို မြန်မာ့တပ်မတော် စစ်ကြောင်းရှေ့မှ အတင်းအဓမ္မလမ်းလျှောက်သွားစေခဲ့သည်ဟု သိရှိရသည်။[၅၈]
- မြန်မာ့တပ်မတော်တပ်ဖွဲ့များက ကရင်ပြည်နယ်၊ ကော့ကရိတ်မြို့နယ်၊ ပိုင်ကလန်ဒုံးကျေးရွာအုပ်စုမှ အမျိုးသမီး တစ်ဦးအား ဖမ်းဆီးခေါ်ဆောင်၍၊ ၎င်းတို့ KNLA နယ်မြေပိုင်နက်အတွင်းဝင်ရောက်သည့်အခါ သူမအား ရှေ့မှ အတင်းအဓမ္မလမ်းလျှောက်သွားစေခဲ့ကြောင်း သိရှိရသည်။[၅၉]

၂၀၂၁ ခုနှစ်၊ ဩဂုတ်လတွင် ကရင်ပြည်နယ်၊ ဖာပွန်မြို့နယ်၊ ခေါ်ပူးကျေးရွာအုပ်စုရှိ လာတိုးစခန်းမှ မြန်မာ့တပ်မတော် ခမရ ၃၄၁ နှင့် ၄၁၀ တို့က အမျိုးသမီး ၃ ဦးကို ဖမ်းဆီးခေါ်ဆောင်ပြီး၊ ခဲယမ်းနှင့် ရိက္ခာများကို အတင်းအဓမ္မ သယ်ဆောင်စေကာ လူသားဒိုင်းအဖြစ် သုံးခဲ့သည်။[၆၀]

၂၀၂၁ ခုနှစ်၊ မေလတွင် မင်းတပ်ပြည်သူ့အုပ်ချုပ်ရေးကောင်စီက မြန်မာနိုင်ငံလူ့အခွင့်အရေးအခြေအနေနှင့် စပ်လျဉ်း၍ ကုလသမဂ္ဂအထူးကိုယ်စားလှယ်အား ပြောကြားရာတွင် "စစ်တပ်က.....မင်းတပ်က လူငယ် ၁၀ ဦးကို ဖမ်းပြီး ... သူတို့ ရှေ့ကနေ လူသားဒိုင်းအဖြစ်သွားခိုင်းတယ်..... အဲ့ဒီလူငယ် ၁၀ ဦး ကရှေ့ကလျှောက်ပြီး စစ်သားတွေက သူတို့နောက်က လိုက်တယ်" ဟု ဆိုပါသည်။[၆၁] ချင်းပြည်နယ်၊ မင်းတပ်မြို့နယ်ရှိ အဆိုပါနေရာသည် မြေမြှုပ်မိုင်းများရှိသည်ဟု စောင့်ကြည့် လေ့လာရေးအဖွဲ့က ယခင်က မှတ်တမ်းတင်ခဲ့ဘူးသည်။

## ဘင်္ဂလားဒေ့ရှ်နယ်စပ်

၂၀၂၂ ခုနှစ်တွင် မြန်မာနိုင်ငံ၏ ဘင်္ဂလားဒေ့ရှ်နယ်စပ်တွင် မိုင်းကြောင့် ထိခိုက်သေဆုံးမှုများ နောက်ထပ် ဆက်လက်ဖြစ်ပွားခဲ့သည်။[၆၂] ၂၀၁၇ ခုနှစ်တွင် မြန်မာအစိုးရတပ်ဖွဲ့များက နယ်စပ်တစ်လျှောက်တွင် လူသတ်မိုင်းများအသုံးပြုခဲ့ကြောင်း အထောက်အထားများကို စောင့်ကြည့်လေ့လာရေးအဖွဲ့က ထုတ်ပြန်ခဲ့သည်။[၆၃]

လူ့အခွင့်အရေးကောင်စီ၏ ၂၀၁၈ ခုနှစ်၊ အစီရင်ခံစာတွင် "မြန်မာ့တပ်မတော်သည် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ထွက်ပြေးသည့် ရိုဟင်ဂျာအရပ်သားများအား ထိခိုက်ဒဏ်ရာရရှိစေရန်၊ သို့မဟုတ် အသက်ဆုံးရှုံးစေရန် ရည်ရွယ်၍ (ဝါ) ထိုသို့ဖြစ်မည်ကို ကြိုတင်သိလျက်နှင့်သုတ်သင်ရှင်းလင်းရေးစီမံချက်" တစ်ရပ်အဖြစ်၊ နယ်စပ်ဒေသများ တွင်ရော၊ ရခိုင်ပြည်နယ် မြောက်ပိုင်း တွင်ပါ မြေမြှုပ်မိုင်းများ ထောင်ထားသည်ဟု ကောက်ချက်ချရန်ဆီလျော်သော အကြောင်းအရင်းများ ရှိသည်"ဟု ဆိုသည်။[၆၄]

၅၇။ Human Rights Council, "Losing a generation: how the military junta is devastating Myanmar's children and undermining Myanmar's future: Conference room paper of the Special Rapporteur on the situation of human rights in Myanmar," A/HRC/50/CRP.1, 14 June 2022, p. 18, para. 63.

၅၈။ "ဗမာစစ်တပ်က ဖယ်ခုံမြို့နယ်တွင် လယ်သမားများအား လူသားဒိုင်းအဖြစ်အသုံးပြုနေ" Shan Herald Agency for News, 7 September 2021. "စစ်သားများက လယ်သမား လင်မယားကို လူသားဒိုင်းအဖြစ်အသုံးပြုခဲ့တယ်။ လူတွေကစစ်သားတွေရောက်လာတာနဲ့ ရွာကနေထွက်ပြေးကြတာ။ ဘာလို့လဲဆိုတော့ အဲ့ဒီလိုမျိုးတွေက ကျနော်တို့ဒေသမှာ ဖြစ်နေကြပဲလေ" ဟု ရွာသားတစ်ဦးက သတင်းဌာနကို ပြောပြခဲ့သည်။

၅၉။ ကရင်အမျိုးသမီးများအစည်းအရုံး (KWO) နှင့် KHRG ၏ သတင်းထုတ်ပြန်ချက်၊ "ကရင်အမျိုးသမီးများအစည်းအရုံး (KWO) နှင့် ကရင်လူ့အခွင့်အရေးအဖွဲ့ (KHRG)တို့က ဗမာစစ်တပ်၏ အမျိုးသမီးများအား လူသားဒိုင်းအဖြစ်အသုံးပြုမှုကို ကန့်ကွက်ရှုတ်ချ" ၂၀၂၁ ခုနှစ်၊စက်တင်ဘာ ၃ ရက်။

၆၀။ Ibid အမျိုးသမီးများအား ကျော်ထလိုမြစ်သို့ ရောက်သည်အထိ အတင်းအဓမ္မလမ်းလျှောက်စေခိုင်းခဲ့ပြီး ဒဏ်ရာများဖြင့် ထိုနေရာတွင် ၎င်းတို့ကို ပြန်လွှတ်ပေးခဲ့သည်။

၆၁။ Human Rights Council, "Losing a generation: how the military junta is devastating Myanmar's children and undermining Myanmar's future: Conference room paper of the Special Rapporteur on the situation of human rights in Myanmar," A/HRC/50/CRP.1, 14 June 2022, p. 18, para. 63.

၆၂။ "မြန်မာနယ်စပ်တွင် ဘင်္ဂလားဒေ့ရှ် နိုင်ငံသားတစ်ဦး မိုင်းထိ၍ ထိခိုက်ဒဏ်ရာရ" သတင်းခေတ်၊ ၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ ၁၇။

၆၃။ စောင့်ကြည့်လေ့လာရေးအဖွဲ့၏အဆိုအရ ၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၂၈ရက်တွင် နယ်စပ်ကို ဖြတ်ကျော်၍ ဘင်္ဂလားဒေ့ရှ်နိုင်ငံအတွင်းသို့ ဝင်ရောက်လာသည့် နေရပ်စွန့်ခွာရသော ရိုဟင်ဂျာအရပ်သားများအား တွေ့ဆုံမေးမြန်းခြင်း၊ ကူညီပေးခြင်းများဆောင်ရွက်ပေးသည့် ဒေသခံသုတေသီများက မြန်မာဘက်ခြမ်းတွင် စစ်ကားတစ်စီးရောက်ရှိလာပြီး၊ မြန်မာစစ်သားများက သေတ္တာ ၃ လုံးကို ချနေသည်ကို မျက်မြင်တွေ့ရှိခဲ့သည်။ မြန်မာစစ်သားများက သေတ္တာများထဲမှ လူသတ် မြေမြှုပ်မိုင်းများအား မြေပြင်ပေါ်တွင်ချခဲ့ပြီး၊ ညပိုင်းတွင် နောက်ထပ်မိုင်းများထပ်ချခဲ့ကြောင်း ၎င်းတို့ကပြောပြသည်။ သုတေသီများ၏အဆိုအရ၊ မိုင်းများကို ဘင်္ဂလားဒေ့ရှ်နယ်ခြားမှတ်တိုင် အမှတ် ၃၁ နှင့် ကပ်လျက်ဖြစ်သော မောင်တောမြို့နယ်၊ တောင်ပြိုလက်ယာကျေးရွာအုပ်စုတွင် ထောင်ထားခြင်း ဖြစ်ပြီး၊ ထိုနေရာသည် ဘင်္ဂလားဒေ့ရှ်နှင့် မြန်မာအကြား မြေပြင်နယ်စပ်မျဉ်း စတင်သတ်မှတ်သည့် နေရာဖြစ်သည်။ စောင့်ကြည့်လေ့လာရေးအဖွဲ့က NGO သုတေသီများအား အီးမေးလ်၊ အင်တာဗျူးများပြုလုပ်ခဲ့ပြီး၊ ၎င်းတို့က ယင်းတို့၏အမည်များကို ဖုံးကွယ်ထားပေးရန် တောင်းဆိုခဲ့သည်။ ၂၀၁၇ ခုနှစ်၊ စက်တင်ဘာလ ၁၇ ရက်

၆၄။ Human Rights Council, "Report of the detailed findings of the Independent International Fact-Finding Mission on Myanmar," A/HRC/39/CRP.2, 17 September 2018, p. 288.

ဘင်္ဂလားဒေ့ရှ်နိုင်ငံက ထိုသို့မြေမြှုပ်မိုင်းအသုံးပြုမှုကို ကန့်ကွက်ရှုတ်ချပြီး၊ မြန်မာနိုင်ငံအား "လူသတ်မိုင်းများ အသုံးပြုမှု၊ ထုတ်လုပ်မှုနှင့် လွှဲပြောင်းပို့ဆောင်မှုတို့ကို ဆိုင်းငံ့မိန့်ထုတ်ပြန်ရန်" တိုက်တွန်း ခဲ့သည်။[၆၅] ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလတွင် ဘင်္ဂလားဒေ့ရှ်နှင့် မြန်မာနယ်စပ် ခြံစည်းရိုးပြုပြင်ရန် ငှားရမ်းထားသော အလုပ်သမား ၂ဦး မြေမြှုပ်မိုင်းကြောင့် ထိခိုက် ဒဏ်ရာရရှိခဲ့သည်။[၆၆]

မြန်မာအစိုးရက ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ကြေညာချက်တွင်၊ အဆိုပါအထောက်အထားများသည် "အကျိုးမရှိ" ဟုဖော်ပြ၍၊ ဘင်္ဂလားဒေ့ရှ်နယ်စပ်တွင် မိုင်းများအသုံးပြုခြင်းကို ငြင်းဆိုခဲ့သည်။[၆၇] ၂၀၂၀ ခုနှစ်၊ အောက်တိုဘာလတွင် ဘင်္ဂလားဒေ့ရှ် နယ်စပ်၌ မိုင်းအသုံးပြုမှုတွင် ပါဝင်ပတ်သက်မှုကို မြန်မာနိုင်ငံက ထပ်မံ ငြင်းဆိုခဲ့သည်။[၆၈]

## အစိုးရမဟုတ်သောလက်နက်ကိုင်အဖွဲ့အစည်းများမှအသုံးပြုမှု

မြန်မာနိုင်ငံတွင်အစိုးရမဟုတ်သောလက်နက်ကိုင်အဖွဲ့အစည်း (NSAGs) အနည်းဆုံး ၂၀ဖွဲ့က လှုပ်ရှားနေသည့်အတွက်၊ အသုံးပြုမှုအတွက် NSAG အဖွဲ့တစ်ခုခုကိုတာဝန်ရှိသည်ဟု သတ်မှတ်ရန်ခက်ခဲနိုင်ပါသည်။ သို့ရာတွင် စောင့်ကြည့်လေ့လာရေးအဖွဲ့၏ အစီရင်ခံစာ စတင်သည့် ၁၉၉၉ ခုနှစ်ကတည်းက အဖွဲ့အစည်းအများအပြားက မြေမြှုပ်မိုင်းများ အသုံးပြုခဲ့ ကြသည်။

၂၀၂၁ခုနှစ်၊ ဖေဖော်ဝါရီလ စစ်အာဏာသိမ်းချိန်မှစ၍ ဒေသတွင်း လက်နက်ကိုင်အဖွဲ့ အမြောက်အများ ဖွဲ့စည်းတည်ထောင် လာကြပြီး အချို့ကပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့များ (PDFs) များဟုခေါ်ဆိုကြသည်။ PDFs တပ်ဖွဲ့များက NUG ကို သစ္စာခံသည်ဟုလည်းကြေညာလေ့ရှိသည်။ ဒေသတွင်းမီဒီယာများတွင် အဆိုပါအဖွဲ့များ၏ "မြေမြှုပ်မိုင်း" အသုံးပြုမှုကို မကြာခဏ ဖော်ပြကြသည်။ အများစုမှာ လမ်းဘေးတွင်ထောင်ကြသော အဝေးထိန်း စနစ်သုံးဗုံးများဖြစ်သော်လည်း အချို့သည် လူကထိမိ၊ နင်းမိ၍ ပေါက်ကွဲသော မြေမြှုပ်မိုင်းများဖြစ်သည်။[၆၉] ပျူစောထီး ကဲ့သို့သော တပ်မတော်ကိုထောက်ခံသည့် လက်နက်ကိုင် အဖွဲ့များသည်လည်း နိုင်ငံနေရာအနှံ့အပြားတွင် လှုပ်ရှားနေကြသည်။

၂၀၂၁ခုနှစ်၊ ဇူလိုင်လမှစ၍ NSAGs များနှင့် ဆက်စပ်သည့် အောက်ဖော်ပြပါဖြစ်စဉ်များအား စောင့်ကြည့်လေ့လာရေးအဖွဲ့က ပြန်လည်သုံးသပ်ခဲ့သည်။

၂၀၂၂ ခုနှစ်၊ ဩဂုတ်လတွင်

- စစ်ကိုင်းတိုင်းဒေသကြီး၊ ဒီပဲယင်းမြို့နယ်မှ PDF တပ်ဖွဲ့က ၎င်း၏တပ်စခန်း အနီးတစ်ဝိုက်တွင် မြေမြှုပ်မိုင်းများ ထောင်ထားပြီး၊ မြန်မာစစ်တပ်တွင် ထိခိုက်သေဆုံးမှုအများအပြားဖြစ်စေခဲ့သည်ဟု ဆိုသည်။[၇၀]
- ကချင်ပြည်နယ်၊ ဖားကန့်မြို့နယ်တွင် KIA က မိုင်းများထောင်ထားသည်ဟု ယူဆကြပြီး မြန်မာစစ်သား ၂ဦး ထိခိုက် သေဆုံးခဲ့သည်။[၇၁]

၂၀၂၂ ခုနှစ်၊ ဇွန်လတွင်

- ဖောင်းပြင် PDF က မြေမြှုပ်မိုင်းများထောင်ခဲ့ပြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဖောင်းပြင်မြို့နယ်တွင် မြန်မာစစ်သား အများအပြား ထိခိုက်သေဆုံးမှုများ ဖြစ်စေခဲ့သည်ဟု ၎င်းတို့ကဆိုသည်။[၇၂]

---

၆၅။ Statement of Bangladesh, Mine Ban Treaty Fourth Review Conference, Oslo, 27 November 2019.

၆၆။ ကျော်မျိုးအောင် "မောင်တောမြို့နယ်တွင် နယ်စပ်ခြံစည်းရိုးပြင်ဆင်ရေးလုပ်ငန်းခွင်၌ မြေမြှုပ်မိုင်းပေါက်ကွဲ၍ အလုပ်သမားများ အပြင်းအထန် ဒဏ်ရာ ရရှိ" Development Media Group (DMG), 23 February 2021.

၆၇။ Statement of Myanmar, Mine Ban Treaty Seventeenth Meeting of States Parties, Geneva, 30 November 2018. "...... မြန်မာနိုင်ငံအနောက်ပိုင်းတွင် မြန်မာနှင့် ဘင်္ဂလားဒေ့ရှ် လုံခြုံရေးတပ်ဖွဲ့ဝင်များ ပူးပေါင်းလှည့်ကင်းလုပ်ငန်းများဆောင်ရွက်လျက်ရှိသည်။ ယခုနှစ် ဩဂုတ်လ မှစတင်၍ ပူးပေါင်းကင်းလှည့်ခြင်း ၁၉ ကြိမ်လုပ်ဆောင်ခဲ့သည်။ ထိုနေရာတွင် မြေမြှုပ်မိုင်းကြောင့် ထိခိုက်သေဆုံးမှုဖြစ်စဉ်ရှိသည်ဟု သတင်းပို့ချက်မရှိပါ။ ခိုင်လုံသော အထောက်အထားမရှိဘဲ ဤကဲ့သို့စွပ်စွဲခြင်းသည် နိုင်ငံများအား သဘောတူညီချက်တွင် ပါဝင်ရန် အကူအညီအထောက်အပံ့ဖြစ်စေမည်မဟုတ်ပါ" ဟုဆိုသည်။

၆၈။ Statement of Myanmar, UNGA First Committee on Disarmament and International Security, New York, 19 October 2020.

၆၉။ ဥပမာ- စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့နယ်တွင် မိုင်းရှင်းရန်လာသည့် မြန်မာစစ်သားများကို တိုက်ခိုက်ခဲ့သည်ဟု ဒေသတွင်းလက်နက်ကိုင်အဖွဲ့ ၃ဖွဲ့က ထုတ်ပြန်သည်။ See, Aung Aung, "တော်လှန်ရေးအဖွဲ့များက စစ်ကောင်စီတပ်များအား မုံရွာတွင် မိုင်းဖြင့်တိုက်ခိုက်" Tha Din News and Radio, 23 August 2022. စစ်ကိုင်းတိုင်းဒေသကြီး၊ ရေဦးမြို့နယ်တွင် မြန်မာစစ်တပ်များဒေသတွင်းဝင်လာသည့်အခါ မိုင်းဖြင့်ဖောက်ခွဲတိုက်ခိုက်ခဲ့သည်ဟု ဒေသတွင်း လက်နက်ကိုင်ပူးပေါင်းအဖွဲ့ကကြေညာခဲ့သည်။ See. Aung Aung၊ "ရေဦးတွင်စစ်ကောင်စီတပ်သားများ မိုင်းခွဲတိုက်ခိုက်ခံရ၊ ၁၀ဦးသေဆုံး၊ အများအပြား ထိခိုက်ဒဏ်ရာရ" Tha Din News and Radio, 14 August 2022. စစ်ကိုင်းတိုင်းဒေသကြီး၊ တန့်ဆည်မြို့နယ်၊ တန့်ဆည်ပြည်သူ့တပ်ဖွဲ့က ဒေါက်ကြီးကျေးရွာ အနီး ၎င်းတို့ထောင်ထားသည့် မြေမြှုပ်မိုင်းများကို စစ်ကောင်စီယာဉ်တန်းက နင်းမိပေါက်ကွဲခဲ့သည်ဟုဆိုသည်။ See, "More Than 40 Junta Troops Killed Across Myanmar," The Irrawaddy, 16 August 2021. မကွေးတိုင်းဒေသကြီး၊ ပေါက်မြို့နယ်တွင် ပေါက်တောင်ပိုင်းပြောက်ကျားတပ်ဖွဲ့က ထောင်ထားသော မိုင်းများကြောင့် မြန်မာစစ်သား ၁၇ဦးသေဆုံးခဲ့သည်။ See, "Armed resistance replaces anti-coup protests in Pauk township," Frontier Myanmar, 31 August 2021.

၇၀။ အောင်အောင်၊"PDF တပ်စခန်းတစ်ခုတွင် စစ်ကောင်စီတပ်သား ၁၀ဦး မိုင်းထိ၊သေဆုံး" Tha Din News and Radio, 13 August 2022.

၇၁။ "ဗမာစစ်တပ်ဖားကန့်တွင် KIA ၏ မြေမြှုပ်မိုင်းကြောင့် ထိခိုက်ဒဏ်ရာရရှိ" BNI/Kachin News Group, 16 August 2022.

၇၂။ အောင်အောင်၊ "PDF ၏ မြေမြှုပ်မိုင်းကြောင့် ဖောင်းပြင်မြို့နယ်တွင် စစ်ကောင်စီတပ်သား ၁၀ ဦး ထက်မနည်းသေဆုံးခဲ့" Tha Din News and Radio, 24 June 2022.

- စစ်တပ်ကိုဆန့်ကျင်နေသည့် လက်နက်ကိုင်တပ်ဖွဲ့တစ်ဖွဲ့က မြန်မာစစ်သားတစ်ဦးကို ဖမ်းဆီးရမိပြီး၊ ပဲခူးတိုင်းဒေသကြီး အတွင်းရှိ ၎င်း၏တပ်စခန်းတွင် ထိန်းသိမ်းထားစဉ် ထွက်ပြေးရန်ကြိုးစားရာ၌ စခန်းတစ်ဝိုက်ထောင်ထားသော မိုင်းကြောင့် သေဆုံးခဲ့သည်ဟု ဆိုသည်။[၇၃]
- ကချင်ပြည်နယ်၊ ဖားကန့်မြို့နယ်မှ ဂျာတူဇုပ် ပြည်သူ့စစ်အဖွဲ့က ရွှေတွင်းလမ်းကြောင်းကို ပိတ်ဆို့ရန် မိုင်းများ ထောင်ထား သည်ဟု ယူဆသည်။[၇၄]
- မကွေးတိုင်းဒေသကြီး၊ ဂန့်ဂေါမြို့နယ်မှ ယော PDF တပ်စခန်းတစ်ဝိုက်တွင် ထောင်ထားသော မြေမြှုပ်မိုင်းများကြောင့် ဝင်ရောက်စီးနင်းစဉ်အတွင်း မြန်မာစစ်သားအများအပြား ထိခိုက်သေဆုံးခဲ့သည်ဟု သိရှိရသည်။[၇၅]

၂၀၂၂ခုနှစ်၊ မေလတွင် PDF အဖွဲ့တစ်ဖွဲ့က လမ်းတွင်ထောင်ထားသော မြေမြှုပ်မိုင်းကြောင့် စစ်ကိုင်းတိုင်း ဒေသကြီး၊ မင်း ကင်းမြို့နယ်အတွင်း ကင်းလှည့်သော မြန်မာ့တပ်မတော်တပ်ဖွဲ့ဝင်များ ထိခိုက်သေဆုံးခဲ့ကြောင်းသိရသည်။[၇၆]

၂၀၂၂ခုနှစ်၊ မတ်လတွင် KNLA မှထောင်ထားသော မိုင်းများကြောင့် ကရင်ပြည်နယ်၊ ဖာပွန်မြို့နယ်၊ မဲကလော ကျေးရွာအုပ် စုမှ ပြည်သူတစ်ဦးသေဆုံးခဲ့ပြီး၊ နောက်ထပ်တစ်ဦး ဒဏ်ရာရရှိခဲ့သည်။[၇၇]

၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလတွင်

- ပဲခူးတိုင်းဒေသကြီး၊ ကျောက်ကြီးမြို့နယ်တွင် KNLA ကထောင်ထားသော မိုင်းကြောင့် ကျေးရွာနေ ပြည်သူ တစ်ဦး အ သက်ဆုံးရှုံးခဲ့သည်။[၇၈]
- RCSS ၊ SSPP နှင့် မြောက်ပိုင်းမဟာမိတ်အဖွဲ့များအကြား ရှမ်းပြည်နယ်၊ ကျောက်မဲမြို့နယ်အတွက် တိုက်ပွဲများ ဖြစ်ပွားခဲ့ ရာ၊ မိုင်းထောင်ခြင်းများ ပြုလုပ်ခဲ့သည်ဟု ယူဆရပြီး၊ ယင်းတို့ကြောင့် ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီ နှင့် မတ်လ များအတွင်း အ ရပ်သားပြည်သူများ ထိခိုက်ဒဏ်ရာရရှိခဲ့သည်။[၇၉]

၂၀၂၁ခုနှစ်၊ ဒီဇင်ဘာလအတွင်း ကရင်ပြည်နယ်၊ ဖာပွန်မြို့နယ်၊ ကျော်ကော့ကီးကျေးရွာအနီးထောင်ထားသော မိုင်းကြောင့် အရပ်သားပြည်သူများ ထိခိုက်ဒဏ်ရာရရှိမှုအပေါ် ဒေသခံများက BGF က ထောင်ထားခြင်းဖြစ်သည်ဟု အပြစ်တင်ကြသည်။[၈၀]

၂၀၂၁ ခုနှစ်၊ သြဂုတ်လတွင်၊ PDF တပ်ဖွဲ့တစ်ဖွဲ့က ရှမ်းပြည်နယ်၊ ဖယ်ခုံမြို့နယ်အတွင်း မြေမြှုပ်မိုင်းများ အသုံးပြုခဲ့ကြောင်း နှင့် ယင်းတို့ကြောင့် မြန်မာစစ်သားအများအပြား ထိခိုက်သေဆုံးခဲ့ကြောင်းထုတ်ပြန်ကြေညာသည်။[၈၁]

၂၀၂၁ ခုနှစ်၊ ဇူလိုင်လတွင်

- ရှမ်းပြည်နယ်၊ နမ့်ဆန်မြို့နယ်၊ လွယ်ကွယ်ကျေးရွာအုပ်စုတွင် စိုက်ခင်းများသို့ မသွားနိုင်အောင် မိုင်းများ ထောင်ပြီး ပိတ်ဆို့ ထားသည့်အတွက် TNLA တွင် တာဝန်ရှိကြောင်း ကျေးရွာနေပြည်သူများက ထုတ်ဖော်ပြောကြားသည်။[၈၂]
- ကရင်ပြည်နယ်၊ ဖာပွန်မြို့နယ်တွင် KNLA တပ်ရင်း၊ ၁၀၂ ကထောင်ထားသော မိုင်းကြောင့် ပြည်သူတစ်ဦး သေဆုံးခဲ့ ကြောင်းသိရသည်။[၈၃]
- ကသာ PDF နှင့် KIA ပူးပေါင်းအဖွဲ့က ၎င်းတို့အသုံးပြုသောမြေမြှုပ်မိုင်းများကြောင့် မြန်မာစစ်သားများ ထိခိုက် သေဆုံး ကြောင်း ထုတ်ပြန်ကြေညာသည်။[၈၄]

---

၇၃။ အောင်အောင်၊ "ထွက်ပြေးသည့် စစ်ကောင်စီတပ်သား မြေမြှုပ်မိုင်းထိ၍သေဆုံး" Tha Din News and Radio, 12 June 2022.

၇၄။ "ဖားကန့်၊ ရွှေတွင်းအနီး မြေမြှုပ်မိုင်းကြောင့် အရပ်သားများထိခိုက်ဒဏ်ရာရရှိ" BNI/Kachin News Group, 29 June 2022. ဂျာတူဇုပ် ပြည်သူ့စစ်အဖွဲ့သည် တပ်မတော်ကိုထောက်ခံသောလက်နက်ကိုင်အဖွဲ့ဖြစ်သည်။

၇၅။ ကျော်သူ၊ "ယော PDF စခန်းကို ကျူးကျော်ဝင်ရောက်သော စစ်ကောင်စီတပ်သား ၈ဦး မိုင်းပေါက်ကွဲမှုများကြောင့်သေဆုံး၊ ပေါက်မြို့နယ်တွင် ပျူစောထီး တစ်ဦး မိုင်းထိသေဆုံး" Tha Din News and Radio, 8 June 2022.

၇၆။ မြင့်ဇော်၊ "မင်းကင်းမြို့နယ်၊ တယ်ကြီးကျေးရွာအနီး မိုင်းကြောင့် စစ်ကောင်စီတပ်သား ၄ ဦး ခြေထောက်များပြတ်တောက်" Tha Din News and Radio, 25 May 2022.

၇၇။ KHRG ၊ "KHRG ၏ Landmine Monitor သို့ တင်ပြချက်၊ "၂၀၂၂ခုနှစ်၊ စက်တင်ဘာ၊ အဆိုပါမြေမြှုပ်မိုင်းများအား KNLA က မည်သည့်အချိန်ထောင်ထား သည်မှာ မသေချာပါ။

၇၈။ KHRG "KHRG ၏ Landmine Monitor သို့ တင်ပြချက်" ၂၀၂၂ ခုနှစ်၊ စက်တင်ဘာ၊ KNU က ထောင်ထားသော မိုင်းဖြစ်သည်ဟု ကျေးရွာသားများက ပြောဆို သော်လည်း၊ မည်သည့်အချိန်ကဆိုသည်ကို ညွှန်ပြမထားပါ။

၇၉။ "ရှမ်းပြည်နယ်မြောက်ပိုင်းမှ ကလေး ၆ဦး၏ ဖခင် မြေမြှုပ်မိုင်းကြောင့်ဒဏ်ရာရရှိ၊" Shan Herald Agency for News, 18 March 2022.

၈၀။ David Boi "ဘားအံမြို့နယ်တွင် မြေမြှုပ်မိုင်းပေါက်ကွဲမှုကြောင့် ရွာသားထိခိုက်ဒဏ်ရာရရှိ" Tha Din News and Radio, 11 December 2021

၈၁။ "Myanmar Resistance Landmines Kill Junta Troops After Attack on Power Line," The Irrawaddy, 18 August 2021.

၈၂။ "လွယ်ခက်ရွာမှ ကျွဲနှစ်ကောင် မြေမြှုပ်မိုင်းနင်းမိ၍ တစ်ကောင်သေဆုံး၊" Shwe Phee Myay News Agency, 18 July 2021.

၈၃။ KHRG ၊ "KHRG ၏ Landmine Monitor သို့တင်ပြချက်" ၂၀၂၁ခုနှစ်၊ သြဂုတ်၊ KNLA မှ သတိပေးချက်မထုတ်ပြန်ခဲ့ကြောင်း KHRG ၏ သုတေသီများအား ပြော ပြသည်။ အနီးတွင် ထိုတစ်ရက်တည်း၌ပင် အခြားမြေမြှုပ်မိုင်းတစ်လုံးကြောင့် နောက်ထပ်ပြည်သူနှစ်ဦး မစိုးရိမ်ရသော ဒဏ်ရာများရရှိခဲ့သည်။

၈၄။ "စစ်ကိုင်းတွင် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့က KIA ၏ အကူအညီဖြင့် စစ်ကောင်စီတပ်သား ၁၈၀ ဦးကို သုတ်သင်ရှင်းလင်းခဲ့ကြောင်းကြေညာသည်။" Myanmar Now, 12 July 2021.

မြန်မာစစ်တပ်ကို ဆန့်ကျင်သည့် အစုအဖွဲ့များ၏ ယာဉ်ဖျက်မြေမြှုပ်မိုင်းများ အသုံးပြုမှုကြောင့်လည်း ၂၀၂၁ခုနှစ် တွင် အရပ်သားထိခိုက်သေဆုံးမှုများဖြစ်ခဲ့သည်။[၈၅] စစ်အာဏာသိမ်းမှုကို ဆန့်ကျင်သည့် လက်နက်ကိုင်အဖွဲ့များကို တိုက်ခိုက်ရှင်းလင်းစဉ်အတွင်း လက်လုပ်မိုင်း အမျိုးအစား များစွာကို ဖယ်ရှားရှင်းလင်းခဲ့ရကြောင်း စစ်ကောင်စီကထုတ်ဖော်ပြောကြားသည်။[၈၆]

၂၀၂၁ ခုနှစ်၊ မေ မှ ဒီဇင်ဘာလများအတွင်း မြို့ပြများတွင် ဗုံး သို့မဟုတ် အသံမိုင်းများအသုံးပြုမှု ဖြစ်စဉ်အများအပြား ရှိနေခဲ့သည်။ ဖြစ်စဉ်အများစုတွင် ထိခိုက်ဒဏ်ရာရရှိသူများသည် အမိုက်များသိမ်းဆည်းစဉ်တွင်ဖြစ်ပြီး၊ ကြွပ်ကြွပ်အိတ် အနက်ရောင်ဖြင့် ပေါက်ကွဲပစ္စည်းကို ထည့်ထားခဲ့ခြင်းဖြစ်သည်။[၈၇]

ယခင်က ၂၀၁၁ ခုနှစ်တွင် မြန်မာအစိုးရက NSAGs များနှင့် ငြိမ်းချမ်းရေးသဘောတူညီချက်များကို အပြီးသတ် လုပ်ဆောင်လိုကြောင်းကြေညာခဲ့သည်။ ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက်နေ့တွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ရှစ်ဖွဲ့က အစိုးရ နှင့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူညီချက် (NCA) ကို လက်မှတ် ရေးထိုးခဲ့ပြီး "မိုင်းထောင်ခြင်းကို အဆုံးသတ်ကြရန်" နှင့် "မြေမြှုပ်မိုင်းအားလုံးကို ရှင်းလင်းရေးလုပ်ငန်းစဉ်တွင် ပူးပေါင်းဆောင်ရွက်ကြရန်" ကတိကဝတ် ပြုခဲ့ကြသည်။

ယခင်နှစ်များတွင် မြန်မာနိုင်ငံရှိ NSAGs အချို့နှင့် ယခင် NSAGs အချို့က ဆွစ်ဇာလန်နိုင်ငံ အခြေစိုက် အစိုးရမဟုတ်သော အဖွဲ့အစည်း (NGO) တစ်ခုဖြစ်သည့် Geneva Call က စီစဉ်သည့် ကတိကဝတ်ပြုစာချွန်လွှာကို ပါဝင် လက်မှတ်ရေးထိုးခြင်း ဖြင့် လူသတ်မိုင်းအသုံးပြုမှုကို တစ်ဖက်သတ်စွန့်လွှတ်ခဲ့ကြသည်။[၈၈] ပလောင်ပြည်နယ် လွတ်မြောက် ရေးတပ်ဦး (PSLF) က ယင်းကို ၂၀၀၇ ခုနှစ်တွင် လက်မှတ်ရေးထိုးခဲ့ပြီး ၎င်း၏လက်နက်ကိုင်တပ်ဖြစ်သော TNLA က မိုင်းအသုံးပြုမှုကို ရှောင်ကျဉ်မည်ဟု ယခင်က ကတိပြုခဲ့သည်။[၈၉] ၂၀၁၇ ခုနှစ်၊ ဇွန်လတွင် TNLA က မိုင်းများ နောက်ထပ် အသုံးပြုသည်ဆိုသည့် စွပ်စွဲချက်များကို ငြင်းဆိုခဲ့ပြီး ကတိကဝတ်ပြုမှုစာချွန်လွှာကို လက်မှတ် ရေးထိုးခဲ့ချိန်မှစ၍ ၎င်းတို့ အနေဖြင့် မြေမြှုပ်မိုင်းများအသုံး မပြုခဲ့ကြောင်း အခိုင်အမာပြောကြားခဲ့သည်။[၉၀] ၂၀၂၂ ခုနှစ်၊ ဇူလိုင်လတွင် ရခိုင့်တပ်တော် (AA) က ၎င်းတို့အနေဖြင့် အဝေးထိန်းမိုင်းများကိုသာ အသုံးပြုသည်ဟုဆိုသော်လည်း မြန်မာ့တပ်မတော်ထံမှ သိမ်းဆည်း ရမိသည့် လူသတ်မိုင်းအမြောက်အများ၏အခြေအနေကို ထုတ်ဖော်ပြောကြားခြင်းမရှိပါ။[၉၁]

## မြေမြှုပ်မိုင်းနောက်ထပ်အသုံးပြုမှုအပေါ် တုံ့ပြန်ချက်

ယခင်ကာလများတွင် မြန်မာအစိုးရခေါင်းဆောင်အသီးသီးက လူသတ်မြေမြှုပ်မိုင်းများအသုံးပြုမှုကို ဝန်ခံပြောကြားခဲ့သည်လည်းရှိ၊ သို့မဟုတ် ငြင်းဆိုခဲ့သည်လည်းရှိသည်။[၉၂]

၂၀၂၂ ခုနှစ်၊ ဇွန်လတွင် မြန်မာ့တပ်မတော်အရာရှိကြီးတစ်ဦးက တပ်မတော်ကလူသတ်မိုင်းများမထောင်ကြောင်း စောင့်ကြည့် လေ့လာရေးအဖွဲ့သို့ ပြောကြားခဲ့သည်။[၉၃] ၂၀၂၀ ခုနှစ်၊ အောက်တိုဘာလတွင် မြန်မာ့တပ်မတော်က ဘင်္ဂလားဒေ့ရှ် နယ်စပ်တွင် မိုင်းများထောင်ထားခဲ့သည်ဆိုသည့် သတင်းများကို မြန်မာဘက်ကငြင်းဆိုခဲ့ဘူးသည်။[၉၄]

---

၈၅။ "မုံရွာ-ညောင်ကြီးအိုင်-ရွှေဘိုကားလမ်းတွင် မိုင်းများပေါက်ကွဲခဲ့ပြီး ကား ၂စီး ပျက်စီး၍ ထိခိုက်ဒဏ်ရာရသူများလဲရှိ" Voice of Myanmar News, 30 November 2021; "ကယ်ဆယ်ရေးယာဉ် မိုင်းထိ၊ ကယ်ဆယ်ရေးအဖွဲ့ဒဏ်ရာရရှိ၊" BNI/Than Lwin Times, 12 September 2022; နှင့် David Boi. "POV overtook junta convoy, blasted by landmine, 6 killed," Tha Din News and Radio, 10 April 2022.

၈၆။ "နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့၊ သတင်းစာရှင်းလင်းပွဲ ၄/၂၀၂၁" Global New Light of Myanmar, 10 April 2021, p. 5. From the photographs, it was not possible to determine the technical characteristics of the mines.

၈၇။ ကရင်နှင့် ရှမ်းပြည်နယ်၊ မကွေး၊ စစ်ကိုင်းနှင့် ရန်ကုန်တိုင်းဒေသကြီးတို့ရှိမြို့နယ်များတွင် ၂၀၂၁ ခုနှစ်၊ မေ မှ ဒီဇင်ဘာလအတွင်း အမိုက်ကောက်သူ အနည်းဆုံး ၂၅ ဦး ထိခိုက်ဒဏ်ရာရ သို့မဟုတ် သေဆုံးခဲ့ကြောင်း စောင့်ကြည့်လေ့လာရေးအဖွဲ့က မှတ်တမ်းရရှိခဲ့သည်။

၈၈။ ယခင်ကာလများတွင် မြန်မာနိုင်ငံအတွင်း လှုပ်ရှားနေသည့် လက်နက်ကိုင်အဖွဲ့များနှင့် ယခင်လက်နက်ကိုင်အဖွဲ့အစည်းဟောင်းများက ကတိကဝတ်ပြု စာချွန်လွှာကို လက်မှတ်ရေးထိုး၍ လူသတ်မိုင်းအသုံးပြုမှုကို တစ်ဖက်သတ်စွန့်လွှတ်ကြောင်း ကြေညာခဲ့သည်။ ချင်းအမျိုးသားတပ်ဦး၊/ ချင်းအမျိုးသားတပ် (CNF/CNA) သည် ၂၀၀၆ ခုနှစ်၊ ဇူလိုင်လတွင် စွန့်လွှတ်ခဲ့သည်။ ယခုအခါ စစ်ရေးအရ အားမရှိတော့သော ရခိုင်ရိုဟင်ဂျာ အမျိုးသားအစည်းအရုံး (Arakan Rohingya National Organization) (ARNO) နှင့် ရခိုင်အမျိုးသားညီညွတ်ရေးပါတီ (NUPA) နှစ်ဖွဲ့စလုံးသည် ၂၀၀၃ ခုနှစ်၊ အောက်တိုဘာလတွင် စွန့်လွှတ် ခဲ့သည်။ လားဟူဒီမိုကရက်တစ်တပ်ဦး (LDF)၊ ပလောင်ပြည်နယ် လွတ်မြောက်ရေးတပ်ဦး (PSLF)၊ ပအိုဝ်း ပြည်သူ့လွတ်မြောက်ရေးအဖွဲ့/ ပအိုဝ်းပြည်သူ့ လွတ်မြောက်ရေးတပ် (PPLO/PPLA)သည် ၂၀၀၇ခုနှစ်၊ ဧပြီလတွင်စွန့်လွှတ်ခဲ့သည်။ ၂၀၁၀ ခုနှစ်၊ ဇွန်လတွင် LDF နှင့် PPLA တို့ကို ဖျက်သိမ်းကြောင်း Geneva Call က သိရှိခဲ့သည်။

၈၉။ Since 2014, Geneva Call has been pursuing inquiries about allegations of mine use made against the TNLA. See, Geneva Call, " "Burma/Myanmar: Geneva Call urges an end to mine use in northern Shan State," 14 July 2016.

၉၀။ Amnesty International, "All the Civilians Suffer: Conflict, Displacement and abuse in Northern Myanmar," 14 June 2017, p. 44.

၉၁။ "ရခိုင်ပြည်နယ်တွင် စစ်တပ်ကထောင်ထားသော မြေမြှုပ်မိုင်းများကြောင့် အရပ်သားပြည်သူများ အသက်ဆုံးရှုံး" AA ပြောရေးဆိုခွင့်ရှိသူ၊ OMG၊ ၂၀၂၂ ခုနှစ်၊ ဇူလို

၉၂။ ဥပမာ- ၂၀၁၈ ခုနှစ်တွင် မြန်မာအစိုးရက "မြန်မာ့တပ်မတော်အနေဖြင့် ပြည်တွင်းပဋိပက္ခများတွင် ပြည်သူများ၏ အသက်နှင့်စည်းစိမ်ဥစ္စာတို့ကို ကာကွယ်ပေးခဲ့ပြီး မြေမြှုပ်မိုင်းများကို အသုံးမပြုတော့ကြောင်း" ပြောကြားခဲ့သည်။ Statement of Myanmar, Mine Ban Treaty Sixteenth Meeting of States Parties, Vienna, 21 December 2017

၉၃။ ဤအကြောင်းအရာကို ထုတ်ဖော်ပြောကြားခွင့်မရှိသဖြင့် သူ၏အမည်ကို ကွယ်ဝှက်ထားပေးရန် ထိုအရာရှိကတောင်းဆိုခဲ့သည်။

၉၄။ Statement of Myanmar, UNGA First Committee on Disarmament and International Security, New York, 19 October 2020.

၂၀၁၉ ခုနှစ်၊ ဇူလိုင်လတွင် ကာကွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံးမှ အရာရှိကြီးတစ်ဦးက မြန်မာ့တပ်မတော်အနေဖြင့် နယ်စပ်ဒေသများနှင့် အခြေခံအဆောက်အအုံများအနီးတစ်ဝိုက်တွင် မြေမြှုပ်မိုင်းများကို ဆက်လက်အသုံးပြုနေဆဲဖြစ်ကြောင်း စောင့်ကြည့်လေ့လာရေးအဖွဲ့သို့ ပြောကြားခဲ့သည်။[၉၅] ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလတွင် ကာကွယ်ရေးဝန်ကြီးဌာန၊ ဒု-ဝန်ကြီး ဗိုလ်ချုပ်မြင့်နွယ်က မြန်မာ့တပ်မတော်အနေဖြင့် ပြည်တွင်း လက်နက်ကိုင်ပဋိပက္ခများတွင် မြေမြှုပ်မိုင်းများအား ဆက်လက် အသုံးပြုနေကြောင်း မြန်မာ့လွှတ်တော်သို့ ပြောကြား ခဲ့သည်။[၉၆]

လူသတ်မိုင်းများအသုံးပြုမှုအပေါ် မြန်မာနိုင်ငံအတွင်း လှုပ်ရှားနေသော NSAGs များက အစိုးရတပ်ဖွဲ့များကို မကြာခဏ အပြစ်တင်ကြသည်။ သို့မဟုတ် အပြန်အလှန်အပြစ်တင်ကြလေ့ရှိသည်။[၉၇]

၂၀၂၂ ခုနှစ်၊ ဇူလိုင်လတွင် အပြည်ပြည်ဆိုင်ရာလွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ (Amnesty Internaitonal) က မြန်မာ့တပ်မတော်၏ လူသတ်မိုင်းအသုံးပြုမှုကို စစ်ရာဇဝတ်မှုအဖြစ် ပြစ်တင်ရှုတ်ချခဲ့ပြီး၊ ၂၀၂၂ ခုနှစ်ဦးပိုင်းက ကရင်နီ (ကယား) ပြည်နယ်တွင် အသုံး ပြုမှုဖြစ်စဉ်ကို မှတ်တမ်းရယူခဲ့သည်။[၉၈]

၂၀၂၂ ခုနှစ်၊ ဖွန်လတွင် မြန်မာနိုင်ငံလူ့အခွင့်အရေးအခြေအနေဆိုင်ရာ ကုလသမဂ္ဂ အထူးကိုယ်စားလှယ်က လူသတ်မိုင်းကြောင့် ထိခိုက်သေဆုံးမှုများ၊ အထူးသဖြင့် ကလေးသူငယ်များအပေါ် သက်ရောက်မှုကို အဓိကထား၍ မှတ်တမ်းတင်ခဲ့ပြီး၊ အနာဂတ်တွင်ရှိလာမည့် အရပ်သားအစိုးရအနေဖြင့် မိုင်းတားမြစ်ရေး ပဋိညာဉ်ကို သဘောတူလက်ခံရန် အကြံပြုတိုက်တွန်းချက်ပါဝင်သည်။[၉၉] ၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလတွင် မိုင်းတားမြစ်ရေးပဋိညာဉ်အဖွဲ့ဝင်နိုင်ငံများ၏ ၁၉ ကြိမ်မြောက်အစည်းအဝေးတွင် ICBL က မြန်မာနိုင်ငံတွင် လူသတ်မိုင်းများ နောက်ထပ်အသုံးပြုမှုကို ကန့်ကွက်ရှုတ်ချခဲ့ပြီး ဤသို့ အသုံးပြုမှုကို အစိုးရများ အားလုံးက ပြင်းပြင်းထန်ထန် ကန့်ကွက်ရှုတ်ချကြရန် တောင်းဆိုခဲ့သည်။[၁၀၀]

## သက်ရောက်မှု
## အနှစ်ချုပ်

မိုင်းထောင်ထားသောနေရာများသည် ဘင်္ဂလားဒေ့ရှ်၊ တရုတ်၊ အိန္ဒိယနှင့် ထိုင်းနယ်စပ်များနှင့် ကပ်လျက်တည်ရှိသည်။ တပ်မတော် နှင့် NSAGs နှစ်ဘက်လုံးမှ နောက်ထပ်မိုင်းများထောင်နေကြဆဲဖြစ်သည်။ မြန်မာနိုင်ငံအတွင်း မိုင်းပျံ့နှံ့မှုအတိုင်းအတာကို အပြည့် အစုံမသိရသော်လည်း၊ ယင်းတွင် လက်လုပ်မိုင်းနှင့် နိုင်ငံပိုင်စက်ရုံများမှထုတ်လုပ်သောမိုင်းများပါဝင်သည်။ မိုင်းပျံ့နှံ့မှုကဒုက္ခသည်များနှင့် ပြည်တွင်းနေရပ်စွန့်ခွာရသူများ (IDPs) နေရပ်ပြန်ရာတွင် အဟန့်အတားဖြစ်စေသည်။ မကြာသေးမီနှစ်များအတွင်း မိုင်းကြောင့်ထိခိုက်သေဆုံးမှု မြင့်မားလာသည့်အခြေအနေကို ထည့်သွင်းဖော်ပြထားပါသည်။

၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလတွင် မိုင်းလုပ်ငန်းဆောင်ရွက်မှုကဏ္ဍ ပေါင်းစပ်ညှိနှိုင်းရေးကို ပံ့ပိုးသည့် မိုင်းလုပ်ငန်းဆောင်ရွက်မှုနယ်ပယ်အလိုက် တာဝန်ခံမှု (MA AoR) ကိုစတင်အသက်သွင်းခဲ့သည်။ တပ်မတော်က မိုင်းရှင်းလင်းရေးလုပ်ငန်းအချို့ကို ဆောင်ရွက်ခဲ့သော်လည်း၊ လုပ်ဆောင်မှုများမှာ စနစ်တကျမဟုတ်ဘဲ၊ မှတ်တမ်းတင်ထားခြင်းလည်းမရှိပါ။ လူသားချင်းစာနာမှုဆိုင်ရာ မိုင်းလုပ်ငန်းဆောင်ရွက်သူများသည် မြန်မာနိုင်ငံသို့ ၂၀၁၂ ခုနှစ်ကတည်းက စတင်ရောက်ရှိခဲ့ကြသော်လည်း၊ မိုင်းရှင်းလင်းခွင့် မရကြပါ။ ၂၀၂၀ ခုနှစ်၊ ဇန်နဝါရီလတွင် မိုင်းလုပ်ငန်းဆောင်ရွက်မှုကဏ္ဍအနေဖြင့် နိုင်ငံတကာမိုင်းလုပ်ငန်း ဆောင်ရွက်မှုဆိုင်ရာ စံချိန်စံညွှန်းများ (IMAS) နှင့်အညီ၊ အမှတ်အသားပြုလုပ်ခြင်းနှင့် ကာရံခြင်းများ စတင်ပြုလုပ်ရန် နည်းပညာအဖွဲ့များ စေလွှတ်ရန် ခွင့်ပြုချက်ရရှိခဲ့သည်။ သို့ရာတွင် COVID-19 ကပ်ရောဂါကူးစက်မှုနှင့် အာဏာသိမ်းမှုတို့ကြောင့် တိုးတက်မှုရပ်တန့်သွား ခဲ့သည်။[၁၀၁]

---

၉၅။ "နယ်စပ်တွေမှာ တပ်မတော်လူအင်အားကနည်းတယ်။ စခန်းချတဲ့နေရာတစ်ဝိုက်မှာ မိုင်းတွေထောင်ကြတယ်။ ဒါကလည်း လူအင်အားနည်းမှုပါ။ မိုက်ခရို ဝေ့ဖ်တာဝါတိုင်တွေလိုမျိုး အခြေခံအဆောက်အအုံတွေအနီးတစ်ဝိုက်မှာလည်း မိုင်းတွေထောင်တယ်။ ရွာနဲ့နီးရင်တော့ သူတို့ကို သတိပေးတယ်။ တကယ်လို့ တပ်မတော် အခြေစိုက်စခန်းက တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တွေ ထိန်းချုပ်ထားတဲ့ နယ်မြေထဲမှာဆိုရင်၊ ချောင်းမြောင်းပစ်ခတ်တာတို့၊ ဝင်တိုက်တာတို့ လုပ်နိုင်တော့ စခန်းပတ်ပတ်လည်မှာ မိုင်းတွေ ထောင်ကြတယ်။" ဟု ထိုအရာရှိကပြောသည်။ နေပြည်တော်၊ ကာကွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး၊ လက်ထောက်အတွင်းဝန် ဦးမင်းထိုက်ဟိန်းနှင့် စောင့်ကြည့်လေ့လာရေးအဖွဲ့ တွေ့ဆုံမှု၊ ၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၅ ရက်၊

၉၆။ "မေးခွန်းများအပေါ် သက်ဆိုင်ရာဝန်ကြီးဌာနများ၏ ဖြေကြားချက်များကို ပြည်သူ့လွှတ်တော်ကကြားနာခြင်း" Global New Light of Myanmar, 13 September 2016. တပ်မတော်အနေဖြင့် နိုင်ငံပိုင်စက်ရုံများ၊ တံတားကြီးများ၊ လျှပ်စစ်တာဝါတိုင်များနှင့် စစ်ဆင်ရေးများရှိ ကင်းစခန်းများအား ကာကွယ်ရန် မြေမြှုပ်မိုင်းများကို အသုံးပြုသည်ဟု ဒု-ဝန်ကြီးကပြောကြားခဲ့သည်။ ကင်းစခန်းများမှ မိမိတပ်ဖွဲ့များ ပြန်လည်ဆုတ်ခွာသည့်အခါ၊ မိုင်းများကို ဖယ်ရှားရှင်းလင်း ခဲ့သည်။ သို့မဟုတ် မိုင်းများထောင်ထားသည့်နေရာများတွင် တပ်မတော်သားများရှိမနေပါက သတိပေးဆိုင်းဘုတ်များ ထောင်ထားခဲ့သည်ဟုလည်း ဒု-ဝန်ကြီးက ပြောကြားခဲ့သည်။

၉၇။ For example, see Lawi Weng, "3 Civilians Reportedly Killed by Landmines in Shan State in June," The Irrawaddy, 4 July 2018.

၉၈။ Amnesty International, "Myanmar: Military's use of banned landmines in Kayah State amounts to war crimes," 20 July 2022.

၉၉။ Human Rights Council, "Losing a generation: how the military junta is devastating Myanmar's children and undermining Myanmar's future: Conference room paper of the Special Rapporteur on the situation of human rights in Myanmar," A/HRC/50/CRP.1, 14 June 2022.

၁၀၀။ ICBL, Statement on Universalization, Mine Ban Treaty Nineteenth Meeting of States Parties, 15 November 2021.

၁၀၁။ စောင့်ကြည့်လေ့လာရေးအဖွဲ့၏ မေးမြန်းမှုကို MAG ၏ Country Programme Manager, BeKim Shala ၏ ဖြေကြားချက်၊ ၂၀၂၀ ခုနှစ်၊ မေလ ၂၅ ရက်၊ HI မြန်မာ၏ Field Coordinator, Michale Horita ၏ ဖြေကြား ချက်၊ ၂၀၂၁ ခုနှစ်၊ မတ်လ ၁၆ရက်

မြန်မာနိုင်ငံတွင် လူသားချင်းစာနာမှုဆိုင်ရာ မိုင်းလုပ်ငန်းဆောင်ရွက်မှု စီမံချက်များလုပ်ကိုင်သည့် အဖွဲ့အစည်းများ အရေအတွက် လျော့ကျလာသည်ကိုတွေ့ရသည်။ ၂၀၁၉ ခုနှစ်၊ ဩဂုတ်လအတွင်း အဖွဲ့အစည်းပေါင်း ၁၆ ဖွဲ့က မြို့နယ်ပေါင်း ၈၅ မြို့နယ်တွင် မိုင်းလုပ်ငန်းစီမံချက် ၂၁ ခုရှိခဲ့ကြောင်းသိရသည်။ ၂၀၂၂ ခုနှစ်၊ ဩဂုတ်လတွင် မြို့နယ်ပေါင်း ၁၀၀ ၌ လုပ်ငန်းဆောင်ရွက်မှုများရှိသည်ဆိုသော်လည်း အဖွဲ့အစည်းအရေအတွက် ၉ ဖွဲ့အထိ လျော့ကျသွားခဲ့သည်။[၁၀၂] အာဏာသိမ်းချိန်မှစ၍ ဗီဇာအကန့်အသတ်များကြောင့် နိုင်ငံတကာဝန်ထမ်းများ မြန်မာနိုင်ငံအတွင်းသို့ ဝင်ရောက်ခွင့်မရကြသည့်အပြင်၊ မိုင်းရှင်းလင်းရေးအဖွဲ့အစည်းများသည်လည်း မှတ်ပုံတင်ခွင့် မရကြပါ။

၂၀၁၄ မှ ၂၀၂၀ ခုနှစ်အထိ၊ မြန်မာနိုင်ငံတွင် ရွေ့လျားဝန်ဆောင်မှုများဖြင့် ခြေတု၊လက်တု တပ်ဆင်ပေးရေးအပါအဝင်၊ မိုင်းဒုက္ခ သည်ကူညီထောက်ပံ့ရေး ဝန်ဆောင်မှုများ သိသိသာသာတိုးတက်ကောင်းမွန်ခဲ့သည်။ ရုပ်ရှာအခြေပြု ပြန်လည်ထူထောင်ရေးနှင့် သက်/မွေး သင်တန်းများအား ဒေသအလိုက်ရရှိနိုင်မှုလည်း ပိုမိုအားကောင်းခဲ့သည်။ သို့ရာတွင် အထူးသဖြင့် ဝေးလံခေါင်ဖျားသည့် ကျေးလက်ဒေသများတွင် နေထိုင်ကြသည့် ပြည်သူများအတွက် ဝန်ဆောင်မှုများက ခက်ခဲ့ရှားပါးနေဆဲဖြစ်သည်။ အာဏာသိမ်းချိန်မှစ၍ မိုင်းဒုက္ခသည်ကူညီထောက်ပံ့ရေးတွင် ကြီးမားသောလိုအပ်ချက်များရှိကြောင်းတွေ့ရသည်။[၁၀၃]

## သက်ရောက်မှု
## မိုင်းများပျံ့နှံ့မှု

မြန်မာစစ်တပ်နှင့် NSAGs များအကြား ဆယ်စုနှစ်များစွာ ကြာမြင့်သည့် ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခ၏ ဆိုးမွေအဖြစ်၊ လက်လုပ်မိုင်းများအပါအဝင်၊ မြေမြှုပ်မိုင်းနှင့် စစ်ကျန်ပေါက်ကွဲပစ္စည်းများ (ERW) ပျံ့နှံ့နေသည်။ မြန်မာနိုင်ငံတွင် ထပ်ဆင့်ပေါက်ကွဲစေသော လက်နက်ပစ္စည်းများ ပျံ့နှံ့ရှိနေသည်ဟု မကြားသိရပါ။ စစ်အာဏာသိမ်းခဲ့သည့် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလမှစ၍ တိုင်းရင်းသားတော်လှန်ရေးအဖွဲ့အစည်းများ (EROs)၊ ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့များ (PDFs)၊ အခြားအစိုးရမဟုတ်သော လက်နက်ကိုင်အဖွဲ့အစည်းများ (NSAGs) နှင့် မြန်မာစစ်တပ်များအကြား တိုက်ပွဲများကြောင့် နောက်ထပ်ပျံ့နှံ့မှုများ ဖြစ်စေခဲ့သည်။[၁၀၄]

### မြေမြှုပ်မိုင်းများပျံ့နှံ့မှု

မြန်မာနိုင်ငံ၌ မိုင်းပျံ့နှံ့မှုပမာဏနှင့် စပ်လျဉ်းသည့် တရားဝင်ခန့်မှန်းထားချက်မရှိပါ။ ၂၀၂၁ ခုနှစ်တွင် မြို့နယ် ၃၂၅ မြို့နယ်အနက် တိုင်းဒေသကြီးနှင့် ပြည်နယ် ၁၂ ခု အတွင်းရှိ မြို့နယ် ၉၇ မြို့နယ်တွင် မိုင်းပျံ့နှံ့မှုကို အတိုင်းအတာတစ်ခုအထိ ခံစားရသည်ဟု ယူဆ နိုင်ပြီး၊ အဓိကအားဖြင့် လူသတ်မိုင်းများဖြစ်သည်။[၁၀၅] သို့ရာတွင် အာဏာသိမ်းချိန်မှစ၍၊ ဆက်လက်ဖြစ်ပွားနေသော ပဋိပက္ခများ ကြောင့် နောက်ထပ်နေရာဒေသများတွင် မိုင်းနှင့် ERW ပျံ့နှံ့မှုရှိလာနေသည်။ ၂၀၂၂ ခုနှစ်တွင် အနည်းဆုံးမြို့နယ်ပေါင်း ၁၄၇ မြို့နယ် ၌ မိုင်းပျံ့နှံ့မှုရှိကြောင်း အထောက်အထားများရှိခဲ့သည်။

၂၀၂၂ ခုနှစ်၊ စက်တင်ဘာလအထိ ချင်း၊ ကချင်၊ ကယား၊ ကရင်၊ မွန်၊ ရခိုင်၊ ရှမ်းပြည်နယ်များ၊[၁၀၆] နှင့် ရောဝတီ၊ ပဲခူး၊ မကွေး၊

---

၁၀၂။ ထိုအဖွဲ့အစည်းများတွင် မြန်မာနိုင်ငံကြက်ခြေနီအဖွဲ့၊ ယူနီဆက်ပ်၊ နိုင်ငံတကာအဖွဲ့အစည်း ၆ ဖွဲ့နှင့် ပြည်တွင်းအဖွဲ့အစည်း တစ်ဖွဲ့တို့ပါဝင်ကြသည်။ See, Myanmar Information Management Unit (MIMU), "MIMU 5W Overview," updated 26 August 2022.

၁၀၃။ HI "အာဏာသိမ်းမှု၊ ပဋိပက္ခများနှင့် COVID-19 ကာလများတွင် မြန်မာနိုင်ငံ၌ နေထိုင်ခြင်း၊ မသန်စွမ်းသူများအပေါ် သက်ရောက်မှု" Case Study," ၂၀၂၁ ခုနှစ်၊ ဇူလိုင်လ။ US Department of State, Bureau of Democracy, Human Rights, and Labor, "2021 Country Reports on Human Rights Practices: Burma," 12 April 2022, p. 37.

၁၀၄။ အာဏာသိမ်းချိန်မှစ၍ ဒေသအလိုက် လက်နက်ကိုင်အဖွဲ့ အများအပြားဖွဲ့စည်းခဲ့ကြပြီး၊ အချို့သည် PDFs တပ်ဖွဲ့များဖြစ်ကြသည်။ ဒေသတွင်း မီဒီယာများက အဆိုပါ အဖွဲ့များ၏ မြေမြှုပ်မိုင်းအသုံးပြုမှုကို သတင်းဖော်ပြကြသည်။ အများစုသည် အဝေးထိန်းစနစ်ဖြင့် ဖောက်ခွဲသည့် လမ်းဘေးထောင်သည့် ဗုံးများဖြစ်သော်လည်း၊ အချို့သည် လူက ထိမိ၊ နင်းမိ၍ ပေါက်ကွဲသော မြေမြှုပ်မိုင်းများဖြစ်သည်။

၁၀၅။ ပြန်လည်ထူးထောင်ရေးဦးစီးဌာနက ပြည်နယ်နှင့်တိုင်းဒေသကြီး ၁၅ ခု အနက် ၉ ခုတွင် မိုင်းပျံ့နှံ့မှုရှိသည်ဟု ပြောကြားခဲ့သည်။ စောင့်ကြည့်လေ့လာရေးအဖွဲ့၏ မေးမြန်းမှုကို ပြန်လည်ထူထောင်ရေးဦးစီးဌာ၊ ဒု-ညွှန်ကြားရေးမှူး ဦးစည်သူဝင်း၏ ဖြေကြားချက်၊ ၂၀၂၁ ခုနှစ်၊ မတ်လ ၁၁ ရက်။

၁၀၆။ ကယားနှင့်ကရင်ပြည်နယ်တို့ရှိ မြို့နယ်အားလုံး ၁၄ မြို့နယ်တွင် မိုင်းပျံ့နှံ့မှုရှိသည်။ အခြားသက်ရောက်မှုရှိသော ပြည်နယ် ၅ ခု တွင် မိုင်းပျံ့နှံ့မှုရှိသည့် မြို့နယ်များမှာ အောက်ပါအတိုင်းဖြစ်သည်။ ချင်း ( ဖလမ်း၊ ဟားခါး၊ ကန်ပက်လက်၊ မတူပီ၊ မင်းတပ်၊ ပလက်ဝ၊ တီးတိန်နှင့် ထန်တလန်)၊ ကချင် (ဗန်းမော်၊ ချီဖွေ၊ ဖားကန့်၊ အင်ဂျန်းယန်၊ မန်စီ၊ မိုးကောင်း၊ မိုးညှင်း၊ မိုးမောက်၊ မြစ်ကြီးနား၊ ရွှေကူ၊ ဆွမ်ပရာဘွန်၊ တနိုင်း၊ ဆော့လော်နှင့် ဝိုင်းမော်)၊ မွန် (ဘီးလင်း၊ ကျိုက်မရော၊ ကျိုက်ထို၊ မော်လမြိုင်၊ သံဖြူဇရပ်၊ သထုံနှင့် ရေး)၊ ရခိုင်( အမ်း၊ ဘူးသီးတောင်၊ ကျောက်ဖြူ၊ ကျောက်တော်၊ မောင်တော၊ မင်းပြား၊ မြောက်ဦး၊ မြေပုံ၊ ပုဏ္ဏားကျွန်း၊ ရသေ့ တောင် နှင့် တောင်ကုတ်)၊ ရှမ်း (ဟိုပင်၊ ဟိုပုန်း၊ သိန္နီ၊ ဆီဆိုင်၊ သီပေါ၊ ကျိုင်းတုံ၊ ကုန်းကြမ်း၊ ကွမ်လုံ၊ ကွတ်ခိုင်၊ ကျောက်မဲ၊ ကျေးသီး၊ လန်ခို၊ လားရှိုး၊ လောက်ကိုင်၊ လောက်ဆောက်၊ လွိုင်လင်၊ မန်တုံ၊ မောက်မယ်၊ မိုင်းဖြတ်၊ မိုင်းကိုင်၊ မိုင်းခက်၊ မိုးမိတ်၊ မိုင်းပန်၊ မိုင်းရှူး၊ မိုင်းတုံ၊ မိုင်းယန်း၊ မူဆယ်၊ နမ့်ဆန်၊ နမ္မတူ၊ နန်းခမ်း၊ နောင်ချို၊ ပန်ဆန်း၊ ဖယ်ခုံ၊ ပင်လောင်း၊ တာချီလိတ်၊ တန့်ယန်းနှင့် ရွာငံ) ။

မန္တလေး၊ စစ်ကိုင်း၊ တနင်္သာရီနှင့် ရန်ကုန်တိုင်းဒေသကြီးများ[၁၀၇] တွင် မြေမြှုပ်မိုင်းပျံ့နှံ့မှုရှိကြောင်း သိရသည်။ ဧရာဝတီ၊ မန္တလေးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် ယခင်က မိုင်းပျံ့နှံ့မှု ရှိသည်ဟု မကြားသိခဲ့ပါ။

ကချင်နှင့် ရှမ်းပြည်နယ်တို့တွင် မိုင်းပျံ့နှံ့မှု လွန်စွာမြင့်မားသည်ဟု သုံးသပ်ကြသည်။ ပဲခူးတိုင်းသည်လည်း မိုင်းပျံ့နှံ့မှု အမြင့်မားဆုံး ဒေသများထဲတွင် ပါဝင်သည်။[၁၀၈]

၂၀၂၁ ခုနှစ်တွင် မြန်မာနိုင်ငံ၌ တပ်မတော်နှင့် EROs များက နောက်ထပ်မြေမြှုပ်မိုင်းများ ထပ်ထောင်ခဲ့ကြသည်။ ထောင်သောမိုင်းများတွင် MM-1၊ MM-2၊ MM-5 နှင့် MM-6 တို့အပြင်၊ လက်လုပ်နင်းမိုင်းနှင့် တိုက်မိုင်းများပါဝင်သည်။ တပ်မတော်က ၎င်း၏ အခြေစိုက်စခန်းများအနီးတွင် မိုင်းများထောင်ခဲ့ပြီး ၎င်းတို့ စွန့်ခွာသွားသော (ဝါ) ဆုတ်ခွာသွားသောနေရာများတွင် မိုင်းပျံ့နှံ့မှု အချို့ဆက်လက်ကျန်ရှိခဲ့သည်။[၁၀၉]

အာဏာသိမ်းချိန်မှာစ၍ ပဋိပက္ခအတွင်း အခြေခံအဆောက်အဦများတွင် မိုင်းထောင်ထားကြပြီး၊ အန္တရာယ်သံသယရှိသည့် နေရာ(SHAs)အဖြစ် သတ်မှတ်သည့် မြို့နယ်အရေအတွက်ကို မြင့်မားလာစေပါသည်။ ၂၀၂၁ ခုနှစ်အတွင်း ရုံးစိုက်ရာနေပြည်တော်၏ အပြင်ဘက် ပြည်နယ်နှင့်တိုင်းဒေသကြီးတိုင်းတွင် မိုင်းပျံ့နှံ့မှုအထောက်အထားများရှိခဲ့သည်။ ၂၀၂၁ ခုနှစ်၊ နှောင်းပိုင်းတွင် တပ်မတော်က ဖက်စပ်ပိုင်ဆိုင်သော မိုင်တဲလ်ကုမ္ပဏီပိုင် မိုဘိုင်းဖုန်းတာဝါတိုင်များကို NSAGs များက တိုက်ခိုက်ခဲ့ ကြသည်။ ယင်းကို တုံ့ပြန်သည့်အနေဖြင့် မြန်မာစစ်တပ်က မိုဘိုင်းဖုန်းတာဝါတိုင်များ ပတ်ပတ်လည်တွင် မိုင်းများထောင်ထားခဲ့သည်။[၁၁၀] တရုတ်နိုင်ငံ၏ ရပ်ဝန်နှင့် လမ်းမစီမံကိန်း (BRI) နှင့် သက်ဆိုင်သည့် အခြေခံအဆောက်အအုံဆိုင်ရာ စီမံချက်များကို ကာကွယ်ရန်လည်း မိုင်းများထောင်ခဲ့ကြသည်။ (မြန်မာနိုင်ငံ မိုင်းတားမြစ်ရေးဆိုင်ရာ မူဝါဒဖော်ပြချက်တွင်ကြည့်ပါ။)

၂၀၂၁ ခုနှစ်တွင်၊ မြေမြှုပ်မိုင်းပျံ့နှံ့မှုက ပြည်တွင်းနေရပ်စွန့်ခွါရသူများ (IDPs)၊ အထူးသဖြင့် အာဏာသိမ်းပြီးနောက် တိုက်ပွဲများကြောင့် ချင်း၊ ကချင်၊ ကရင်နှင့် ရှမ်းပြည်နယ်များမှ နောက်ထပ်နေရပ်စွန့်ခွာရသူများအား အန္တရာယ်ဖြစ်စေခဲ့သည်။[၁၁၁]

## စစ်ကျန်ပေါက်ကွဲပစ္စည်းပျံ့နှံ့မှု

မြန်မာနိုင်ငံသည် စိန်ပြောင်း၊ လက်ပစ်ဗုံး၊ အမြောက်ကျည်ဆံနှင့် လေယာဉ်ပေါ်မှ ကျဲချသည့်ဗုံးများအပါအဝင် စစ်ကျန်ပေါက်ကွဲ ပစ္စည်းများ၏ သက်ရောက်မှုဒဏ်ကိုလည်း ခံရသည်။ မြန်မာနိုင်ငံဆိုင်ရာ ပုံမှန်အစီရင်ခံစာများတွင် ဒုတိယကမ္ဘာစစ် ကာလက စစ်ကျန်လက်နက်များရှိနေသေးကြောင်း ဖော်ပြသည်။[၁၁၂] ၂၀၁၈-၂၀၁၉ ခုနှစ်များအတွင်း ကချင်ပြည်နယ်၌ ဖြစ်ပွားသည့် လက်နက်ကိုင်ပဋိပက္ခ[၁၁၃]၊ ၂၀၂၀ ခုနှစ်တွင် ရခိုင်ပြည်နယ်၌ ဖြစ်ပွားသည့် ပဋိပက္ခတို့နှင့် ဆက်စပ်သည့် စစ်ကျန်ပေါက်ကွဲပစ္စည်းများ ပျံ့နှံ့မှုကိုလည်း သိရှိရပါသည်။ တပ်မတော်နှင့် PDFs နှင့် EROs များအကြားတိုက်ပွဲများကြောင့် စစ်ကျန်ပေါက်ကွဲပစ္စည်းများ ပျံ့နှံ့မှုသည် ၂၀၂၂ ခုနှစ်တွင် နိုင်ငံတစ်ဝန်းသိသိသာသာမြင့်မားလာသည်။

## ထိခိုက်ဒဏ်ရာရ၊ သေဆုံးမှုများ

၂၀၂၁ ခုနှစ်၊ နှစ်ကုန်အထိ စောင့်ကြည့်လေ့လာရေးအဖွဲ့က မိုင်းနှင့် စစ်ကျန်ပေါက်ကွဲပစ္စည်းများကြောင့် ထိခိုက်သေဆုံးမှု စုစုပေါင်း ၅၆၂၉ ခု (၁၀၀၈ ဦး အသက်ဆုံးရှုံး၊ ၄၅၀၀ ဦး ထိခိုက်ဒဏ်ရာရရှိပြီး၊ ၁၂၁ ဦးမှာ သေသည်၊ ရှင်သည် မသိရှိရ) ကို မှတ်တမ်းပြုစုထားခဲ့ပါသည်။

---

၁၀၇။ သက်ရောက်မှုရှိသော တိုင်းဒေသကြီး ၇ ခုရှိ မိုင်းပျံ့နှံ့သည့် မြို့နယ်များမှာ အောက်ပါအတိုင်းဖြစ်သည်။ ဧရာဝတီ (ပုသိမ်)၊ ပဲခူး (ထန်းတပင်၊ ကျောက်ကြီး၊ ကျောက်တံခါး၊ လက်ပံတန်း၊ မင်းလှ၊ ရွှေတောင်၊ ရွှေကျင်၊ တောင်ငူ၊ သနပ်ပင်၊ သာယာဝတီနှင့် ဇီးကုန်း)၊ မကွေး (ဂန့်ဂေါ၊ မင်းလှ၊ မြိုင်၊ ပေါက်၊ ပွင့်ဖြူ၊ စလင်း၊ ဆင်ပေါင်ဝဲ နှင့် ရေစကြို)၊ မန္တလေး (အမရပူရ၊ မလိုင်၊ မိုးကုတ်၊ နွားထိုးကြီး၊ ပျော်ဘွယ်၊ ပြင်ဦးလွင်၊ သပိတ်ကျင်းနှင့် ရမည်းသင်း)၊ စစ်ကိုင်း (အရာတော်၊ ဘုတလင်၊ ချောင်းဦး၊ အင်းတော်၊ ကလေးဝ၊ ကလေး၊ ကနီ၊ ကောလင်း၊ ခင်ဦး၊ လေရှီး၊ မင်းကင်း၊ မုံရွာ၊ ဖောင်းပြင်၊ စစ်ကိုင်း၊ ဆားလင်းကြီး၊ တန့်ဆည်၊ ဝန်းသိုနှင့် ယင်းမာပင်)၊ တနင်္သာရီ (ဘုတ်ပြင်း၊ ထားဝယ်၊ ကော့သောင်း၊ လောင်းလုံ၊ မြိတ်၊ ပုလော၊ တနင်္သာရီ၊ သရက်ချောင်းနှင့် ရေဖြူ)၊ ရန်ကုန် (တိုက်ကြီး) ။

၁၀၈။ မိုင်းပျံ့နှံ့မှု အထောက်အထားများတွင် ထိခိုက်သေဆုံးမှု၊ မိုင်းသတိပေးဆိုင်းဘုတ်များ၊ နှုတ်ဖြင့်သတိပေးချက်များ၊ NGOs များနှင့် မြေမြှုပ်မိုင်းအသုံးပြုသည့် အခြားသော အဖွဲ့အစည်းများ၏ ပြောကြားချက်များအပြင်၊ ကွင်းဆင်းသည့် ဝန်ထမ်းများနှင့် လက်နက်ကိုင်တပ်ဖွဲ့များမှ ပုဂ္ဂိုလ် များအား စောင့်ကြည့်လေ့လာရေ အဖွဲ့က တွေ့ဆုံမေးမြန်းမှုများပါဝင်သည်။

၁၀၉။ ICBL-CMC, "Country Profile: Myanmar: Mine Ban Policy," updated 15 November 2021; and Amnesty International, "Myanmar: Military's use of banned landmines in Kayah State amounts to war crimes," 20 July 2022.

၁၁၀။ "Telecoms tower sites mined by Myanmar military," Myanmar Now, 5 November 2021.

၁၁၁။ MAG, "Conflicts at Risk of Being Forgotten: Myanmar," presentation at Mine Action Support Group meeting, 19 October 2021.

၁၁၂။ "Unexploded WWII bombs discovered at central Myanmar sports ground," Coconuts Yangon, 30 September 2015; and Nay Thwin, "World War II ordnance kills three," Democratic Voice of Burma (DVB), 20 March 2012.

၁၁၃။ See, for example, Free Burma Rangers, "Rangers Help Vulnerable Civilians in Kachin State," 8 December 2019.

## ၂၀၂၁ ခုနှစ်အတွင်း ထိခိုက်ဒဏ်ရာရ၊ သေဆုံးမှုများ

| ခြုံငုံသုံးသပ်ချက် | |
|---|---|
| စုစုပေါင်း | ၃၆၈ |
| ၂၀၂၀ ခုနှစ်နှင့်နိုင်းယှဉ်သည့် အပြောင်းအလဲ | ထိခိုက်ဒဏ်ရာရ၊ သေဆုံးမှု ၂၈၀ မှ ပိုမိုမြင့်မားလာ |
| **ရှင်သန်မှုရလဒ်** | |
| ဒဏ်ရာရ | ၂၅၇ |
| သေဆုံး | ၁၀၈ |
| သေသည်၊ ရှင်သည် မသိရှိရ | ၃ |
| **ထိခိုက်ဒဏ်ရာရ၊ သေဆုံးစေသည့် လက်နက်ပစ္စည်းများ** | |
| လူသတ်မိုင်း | ၂၃၉ |
| လက်လုပ်မိုင်း | ၁၃ |
| ERW | ၈၁ |
| အမျိုးအစားမသိသော မိုင်း/ ERW | ၃၅ |
| **အရပ်သားထိခိုက်ဒဏ်ရာရ၊ သေဆုံးမှု အခြေအနေ** | |
| အရပ်သား | ၃၄၄ |
| လက်နက်ကိုင်တပ်ဖွဲ့ဝင် | ၂၄ |
| **အသက်အရွယ်နှင့် လိင်အမျိုးအစားအလိုက် ထိခိုက်၊ ဒဏ်ရာရ၊ သေဆုံးမှု** | |
| အမျိုးသား | ၁၈၁ |
| အမျိုးသမီး | ၆၀ |
| အရွယ်ရောက်ပြီး/ လိင်အမျိုးအစား မသိရှိ | ၁၅ |
| စုစုပေါင်း အရွယ်ရောက်ပြီးသူ | ၂၅၆ |
| ယောကျ်ားလေး | ၄၆ |
| မိန်းခလေး | ၂၁ |
| ကလေးသူငယ်/ လိင်အမျိုးအစားမသိရှိ | ၈ |
| ကလေးသူငယ်စုစုပေါင်း | ၇၅ |
| အသက်အရွယ်နှင့်/ သို့မဟုတ် လိင်အမျိုးအစားမသိရှိ | ၃၇ |

**မှတ်ချက်။** ။ ERW = စစ်ကျန်ပေါက်ကွဲပစ္စည်းများ

## ၂၀၂၁ ခုနှစ်အတွင်း ထိခိုက်ဒဏ်ရာရ၊ သေဆုံးမှုများ

NGOs များ၊ ကုလသမဂ္ဂ အဖွဲ့အစည်းများ၊ အခြားအဖွဲ့အစည်းများနှင့် နိုင်ငံပိုင်နှင့် လွတ်လပ်သော သတင်းဌာနများ၏ ထုတ်ပြန် ချက်များမှရရှိသော သတင်းအချက်အလက်များအပေါ် အခြေပြု၍ ၂၀၂၁ ခုနှစ်အတွင်း၊ မိုင်းနှင့် စစ်ကျန်ပေါက်ကွဲပစ္စည်းများ ကြောင့် ထိခိုက်၊ ဒဏ်ရာရ၊ သေဆုံးမှု အနည်းဆုံး ၃၆၈ ခု ရှိကြောင်းသိရသည်။ ယင်းသည် ၂၀၂၀ ခုနှစ်တွင် မှတ်တမ်းပြုစုထားသည့် ထိခိုက်ဒဏ်ရာရသေဆုံးမှု ၂၈၀ ခုထက် ပိုမိုများပြားသည်။ ထိခိုက်ဒဏ်ရာရရှိမှုသည် ၂၀၂၀ ခုနှစ်တွင် ၈၅ ဦးမှ၊ ၂၀၂၁ ခုနှစ်တွင် ၂၅၇ ဦးသို့ သိသိသာသာ ပိုမိုများပြားလာသည်။ ထိခိုက်ဒဏ်ရာရ၊ သေဆုံးမှု အများစု (၂၃၉ ခု) သည် လူသတ်မိုင်းများကြောင့် ဖြစ်သည်။ ၂၀၂၁ ခုနှစ်တွင် ရှမ်းပြည်နယ်သည် ထိခိုက်၊ ဒဏ်ရာရ၊ သေဆုံးမှုအများဆုံး (၁၂၁ ခု)ဖြစ်ခဲ့ပြီး၊ ရခိုင် (၅၂ ခု)၊ ကချင် (၄၈ ခု) နှင့် ကရင် (၄၅ ခု) တို့က ၎င်း၏နောက်တွင်ရှိခဲ့သည်။ ရှမ်းပြည်နယ်တွင် စုစုပေါင်း ထိခိုက်၊ ဒဏ်ရာရ၊ သေဆုံးမှုက ၂၀၂၀ ခုနှစ်တွင် ၇၂ ခု ရှိကြောင်း မှတ်တမ်းများကဖော်ပြရာ၊ ပို၍များပြားလာခြင်းကို ညွှန်ပြနေသည်။ ရခိုင်ပြည်နယ်တွင် ၂၀၂၀ ခုနှစ် မှတ်တမ်းအရ ၁၄၇ ခု ရှိခဲ့ရာ၊ ထိခိုက်၊ ဒဏ်ရာရ၊ သေဆုံးမှု လျော့နည်းသွားခဲ့သည်။ ကချင်နှင့် ကရင်ပြည်နယ်များတွင် ၂၀၂၀ ခုနှစ်က ၂၁ ခုနှင့် ၁၅ ခု အသီးသီးရှိခဲ့ရာ တစ်နှစ်အတွင်း ထိခိုက်၊ ဒဏ်ရာရ၊ သေဆုံးမှု ပိုမိုများပြားလာခဲ့သည်။

၂၀၂၁ ခုနှစ်အတွင်း မြန်မာနိုင်ငံ၌ မိုင်းနှင့် စစ်ကျန်ပေါက်ကွဲပစ္စည်းများကြောင့် သေဆုံး(ဝါ) ဒဏ်ရာရသည့် အရပ်သားပြည်သူ အများစုသည် လယ်ယာလုပ်ငန်းလုပ်ကိုင်ရင်း၊ သို့မဟုတ် တောထွက်ပစ္စည်းများ လိုက်လံစုဆောင်းရင်း မိုင်းထိကြသည်။ စောင့်ကြည့်လေ့လာရေးအဖွဲ့က မှတ်တမ်းတင်ထားခဲ့သော မိုင်းပေါက်ကွဲမှုဖြစ်စဉ် ၃၀ ခန့်သည် မိုဘိုင်းဖုန်းတာဝါတိုင်များ၊ စွမ်းအင်ပိုက်လိုင်းများ၊ သို့မဟုတ် လျှပ်စစ်ဓါတ်အားလိုင်းများ စသည့် အခြေခံအဆောက်အဦများအနီးတွင် ဖြစ်ပွားခဲ့သည်။[၁၁၄] မြို့ပြဒေသများတွင် အမိုက်သိမ်းစဉ်တွင် ပေါက်ကွဲမှုဖြစ်စဉ်အများအပြားဖြစ်ပွားခဲ့သည်။

မြန်မာနိုင်ငံ၌ သတင်းပို့ခြင်းစနစ်အားနည်းမှုနှင့် စနစ်တကျဖြစ်သော နိုင်ငံတစ်ဝန်း ထိခိုက်ဒဏ်ရာရ၊ သေဆုံးမှု အချက်အလက် ကောက်ယူခြင်း စနစ်မရှိခြင်းတို့ကြောင့် စောင့်ကြည့်လေ့လာရေးအဖွဲ့က နှစ်စဉ်တင်ပြချက် စုစုပေါင်းသည် မိုင်းနှင့်စစ်ကျန်ပေါက်ကွဲပစ္စည်းများကြောင့်ဖြစ်သော ထိခိုက်ဒဏ်ရာရ၊ သေဆုံးမှု အရေအတွက်အမှန်ကို ထင်ဟပ်နိုင်ခြင်းမရှိပါ။ အာဏာသိမ်းခဲ့သည့် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ နောက်ပိုင်းတွင် NGOs များ၏ လုပ်ငန်းဆောင်ရွက်မှုကို ကန့်သတ်ချက်များ၊ အင်တာနက်ဖြတ်တောက်မှုနှင့် လက်နက်ကိုင်ပဋိပက္ခများ ပိုမိုများပြားလာခြင်းတို့ကြောင့် အချက်အလက်ကောက်ယူရေးတွင် ပိုမိုခက်ခဲခဲ့သည်။[၁၁၅] မီဒီယာသတင်းဖော်ပြချက်များက မကြာသေးမီနှစ်များအတွင်း နှစ်စဉ်ထိခိုက်ဒဏ်ရာရ၊ သေဆုံးမှု မြင့်မားလာသည့် အခြေအနေကို ဖော်ပြသည်။ ၂၀၁၉ ခုနှစ်၊ ဩဂုတ်လတွင် ၊ ပြန်လည်ထူထောင်ရေးဦးစီးဌာနက မြန်မာနိုင်ငံတွင် မိုင်းကြောင့် ထိခိုက်ဒဏ်ရာရ၊ သေဆုံးမှု အရေအတွက်သည် နှစ်စဉ်မြင့်မားလာနေကြောင်း ဖော်ပြခဲ့သည်။[၁၁၆] မိုင်းအန္တရာယ်လုပ်ငန်းအဖွဲ့နှင့် စောင့်ကြည့် လေ့လာရေးအဖွဲ့တို့အကြား နှစ်စဉ်စုစုပေါင်း ထိခိုက်ဒဏ်ရာရ၊ သေဆုံးမှုအရေအတွက် ကွာဟချက်သည် မိုင်းအန္တရာယ် လုပ်ငန်းအဖွဲ့အနေဖြင့် ၎င်းတို့လုပ်ငန်းဆောင်ရွက်ချက်များကို သတင်းတင်ပြနိုင်ရန် နှစ်စဉ်စုစုပေါင်းကို တိုတောင်းသော အချိန်ကာလအတွင်း ရရှိရန်ကြိုးပမ်းခဲ့ခြင်းကြောင့်ဟု ဆိုနိုင်သည်။ စောင့်ကြည့်လေ့လာရေးအဖွဲ့က ပို၍ ရှည်လျားသောကာလအတွင်း အချက်အလက်များကို စုဆောင်းပြီး တရားဝင်အချက်အလက်မရရှိနိုင်သည့် အခြေအနေတွင် အများပြည်သူဆိုင်ရာ သတင်းအရင်းအမြစ်များမှ ရရှိသော အချက်အလက်များကို ပြင်ဆင်ပြီး နှစ်စဉ်ခန့်မှန်းချက်တစ်ရပ်အဖြစ် အကျိုးဆောင်ပေးခြင်းဖြစ်သည်။

၂၀၁၈ ခုနှစ်က လေ့လာမှုတစ်ခုတွင် အစိုးရမဟုတ်သော လက်နက်ကိုင်အဖွဲ့အစည်းများ ထိန်းချုပ်ထားသည့် နေရာများတွင် နေထိုင်ကြသည့် မသန်စွမ်းသော နေရပ်စွန့်ခွာရသူ အများအပြားသည် မိုင်းကြောင့်ကိုယ်လက်အင်္ဂါချို့ယွင်းကြရခြင်းဖြစ်ကြောင်း တွေ့ရှိရသည်။ အစိုးရထိန်းချုပ်ရာနယ်မြေများတွင် မသန်စွမ်းသူ”အများစု” သည် မွေးရာပါရောဂါကြောင့်၊ သို့မဟုတ် မတော်တဆမှု တစ်ခုခုကြောင့် ကိုယ်လက်အင်္ဂါချို့ယွင်းကြခြင်းဖြစ်ကြောင်း သိရှိရသည်။ ဤသည်မှာ မြေမြှုပ်မိုင်းနင်းမိခြင်းသည် “အစိုးရပိုင် ပစ္စည်းကို ဖျက်ဆီးခြင်း” တွင် အကျုံးဝင်သည်ဆိုသည့် ယူဆချက်များဖြင့် (မသန်စွမ်းဖြစ်သူများအား) နောက်ဆက်တွဲပြဿနာများ ထပ်ဖြစ်စေနိုင်သည့်အတွက် ဖြစ်နိုင်ကြောင်း လေ့လာမှုက ထောက်ပြထားသည်။ ဤသို့သောလုပ်ရပ်များက မြေမြှုပ်မိုင်းကြောင့် ဒုက္ခရောက်ရသူများအား ၎င်းတို့ မသန်စွမ်းဘဝရောက်ရခြင်းသည် ယာဉ် သို့မဟုတ် အခြားမတော်တဆမှုများကြောင့် ဖြစ်သည်ဟု အပြစ်ဖို့ရန် တိုက်တွန်းစေ့ဆော်မှု ဖြစ်စေပြီး၊ (ထိခိုက်ဒဏ်ရာရ၊သေဆုံးမှု) အရေအတွက်ကို လမ်းလွဲသွားစေနိုင်သည်။[၁၁၇] မိုင်းနှင့်စစ်ကျန်

---

၁၁၄။ ဥပမာ- “မူဆယ်တွင် မိုင်တဲလ် တာဝါတိုင်ပြုပြင်ရန်လာသည့် ဝန်ထမ်းတစ်ဦး မိုင်းထိ”၊ အောင်မြေ၊ ၂၀၂၁ခုနှစ်၊ စက်တင်ဘာ ၂၅ ရက်နှင့် “စစ်တပ်ခေါင်းဆောင်များ ပိုင်သည့် မိုင်တဲလ်တာဝါတိုင်ကို ဆီဖြည့်ရန်လာသည့် အလုပ်သမားအချို့ မိုင်းနင်းမိပြီး တစ်ဦးခြေပြတ်” မော်ကွန်း၊ ၂၀၂၁ ခုနှစ်၊ အောက်တိုဘာ ၈ ရက်၊ တို့တွင်ကြည့်ပါ။

၁၁၅။ Human Rights Council, “Losing a Generation: How the military junta is devastating Myanmar’s children and undermining Myanmar’s future,” 14 June 2022, A/HRC/50/CRP1, p. 15.

၁၁၆။ Myat Thura, “Official warns of rising landmine casualties,” Myanmar Times, 14 August 2019.

၁၁၇။ Dan Seng Lawn and Jana Naujoks, “Conflict Impacts on Gender and Masculinities Expectations on People with Disabilities in Kachin State: A Rapid Assessment,” International Alert Myanmar and Kachinland Research Center, December 2018, pp. 14–15.

ပေါက်ကွဲပစ္စည်းများကြောင့် တပ်မတော်နှင့် NSAGs တပ်ဖွဲ့ဝင်များ၏ ထိခိုက်ဒဏ်ရာရ၊ သေဆုံးမှု အရေအတွက်ကို မသိရှိရသော်လည်း၊ များပြားနိုင်ခြေရှိပါသည်။ ကာကွယ်ရေးဝန်ကြီးဌာနမှ အရာရှိကြီးတစ်ဦးက စောင့်ကြည့်လေ့လာရေးအဖွဲ့အား ပြောပြရာတွင်၊ တပ်မတော်သားများအဓိက သေဆုံး၊ ဒဏ်ရာရသည့်အကြောင်းအရင်းမှာ မိုင်းများကြောင့်ဖြစ်ပြီး၊ ထိုကိန်းဂဏန်းကို ထုတ်ပြန်ပါက "ကျနော်တို့ရဲ့ရန်သူတွေကို စိတ်ဓါတ်စစ်ဆင်ရေး လက်နက်တပ်ပေးသလိုဖြစ်လိမ့်မယ်" ဟု ထပ်လောင်း ပြောပြပါသည်။[၁၁၈] စောင့်ကြည့်လေ့လာရေးအဖွဲ့၏ ယခင်အစီရင်ခံစာများတွင် တပ်မတော်၏မှတ်တမ်းများကို အများပြည်သူ သိရှိပိုင်ခွင့် မရှိသေးသည့်တိုင်၊ တပ်မတော်ဘက်မှ ထိခိုက်ဒဏ်ရာရ၊ သေဆုံးမှု အရေအတွက်အများအပြား ရှိကြောင်း ဖော်ပြထားပါသည်။[၁၁၉]

မြန်မာနိုင်ငံတွင် အစမှအဆုံး၊ ထိခိုက်ဒဏ်ရာ၊ သေဆုံးမှု အရေအတွက် စုစုပေါင်းကို မသိရှိရပါ။ ၂၀၀၀ ခုနှစ်မှ ၂၀၂၁ ခုနှစ်၊ နှစ်ကုန်အထိ မိုင်းနှင့် စစ်ကျန်ပေါက်ကွဲပစ္စည်းများကြောင့် ထိခိုက်ဒဏ်ရာရ၊ သေဆုံးမှု စုစုပေါင်း ၅၆၂၉ ခု၊ (၁၀၀၈ ဦး အသက် ဆုံးရှုံး၊ ၄၅၀၀ ဦး ထိခိုက်ဒဏ်ရာရရှိပြီး ၊ ၁၂၁ ဦးမှာ သေသည်ရှင်သည်မသိရှိရ) ကို စောင့်ကြည့်လေ့လာရေးအဖွဲ့က မှတ်တမ်းပြုစုခဲ့ပါသည်။

**မိုင်းလုပ်ငန်းဆောင်ရွက်မှုစီမံခန့်ခွဲမှုနှင့် ပေါင်းစပ်ညှိနိုင်းမှု ခြုံငုံသုံးသပ်ချက်**

| | |
|---|---|
| နိုင်ငံအဆင့် မိုင်းလုပ်ငန်းဆောင်ရွက်မှုစီမံခန့်ခွဲရေး ဆောင်ရွက်သူများ | လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန |
| နိုင်ငံတကာပေါင်းစပ်ညှိနိုင်းရေး | မိုင်းလုပ်ငန်းဆောင်ရွက်မှု နယ်ပယ်အလိုက် တာဝန်ခံမှု (MA AoR) |
| ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့အစည်းများ | ကမ္ဘာ့ကုလသမဂ္ဂကလေးများရံပုံငွေအဖွဲ့ (ယူနီဆက်ဖ်)<br>ကမ္ဘာ့ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာ မင်းကြီးရုံး (UNHCR) |
| မိုင်းလုပ်ငန်းဆောင်ရွက်မှုနှင့် သက်ဆိုင်သည့် ဥပဒေ | မရှိပါ |
| မိုင်းလုပ်ငန်းဆောက်ရွက်မှုအတွက် မဟာဗျူဟာနှင့် လက်တွေ့လုပ်ငန်းအစီအစဉ် | မရှိပါ |
| မိုင်းလုပ်ငန်းဆောင်ရွက်မှု စံချိန်စံညွှန်းများ | မိုင်းလုပ်ငန်းဆောင်ရွက်မှု၊ မိုင်းရှင်းလင်းရေးဆိုင်ရာ |
| အမျိုးသားအဆင့် စံချိန်၊စံညွှန်း (ရေးဆွဲနေဆဲ) | |

## ပေါင်းစပ်ညှိနိုင်းမှုနှင့် စီမံခန့်ခွဲမှု

ယခင်ကမြန်မာနိုင်ငံ၏ တပ်မတော်အစိုးရသည် ၂၀၁၃ ခုနှစ်တွင်၊ ယခင်မြန်မာ့ငြိမ်းချမ်းရေးစင်တာ လက်အောက်တွင် မိုင်းလုပ်ငန်း ဆောင်ရွက်မှုစင်တာကို ဖွဲ့စည်းတည်ထောင်ခဲ့သော်လည်း၊ ဝန်ထမ်းအင်အားလုံးဝမပြည့်စုံခဲ့ပါ။ NSAGs များနှင့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်ချုပ်ဆိုရာတွင် လေ့လာဆန်းစစ်မှုနှင့် မိုင်းရှင်းလင်းရေးတို့ကို ဆက်လက်လုပ်ဆောင်ရန်မှာ အစိုးရ၏ ကနဦးလိုအပ်ချက်ဖြစ်ခဲ့သည်။[၁၂၀] ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ရွေးကောက်ပွဲတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) က အာဏာရခဲ့ပြီးနောက်၊ မိုင်းလုပ်ငန်းဆောက်ရွက်မှုစင်တာကို ဖျက်သိမ်းခဲ့သည်။ NLD ဦးဆောင်သည့် အစိုးရက ငြိမ်းချမ်းရေးဆွေးနွေးမှုများကို ဦးစားပေးခဲ့ပြီး၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ပါဝင်သူအများအပြားက မိုင်းအန္တရာယ်နှင့် မိုင်းရှင်းလင်းရေးလိုအပ်ချက်တို့ကို အလေးထားထောက်ပြခဲ့ကြသည်။[၁၂၁] လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည် နေရာချထားရေး ဝန်ကြီးဌာနလက်အောက်တွင် နိုင်ငံတော်အဆင့် မိုင်းလုပ်ငန်းဆောင်ရွက်မှု အာဏာပိုင်အဖွဲ့တစ်ရပ်ကိုထူထောင်ရန် ၂၀၁၉-၂၀၂၀ ခုနှစ်များတွင် ဆက်လက်ဆွေးနွေးခဲ့ကြသည်။[၁၂၂] ပြည်နယ်နှင့်တိုင်းဒေသကြီးအဆင့် မြေမြှုပ်မိုင်းရှင်းလင်းရေးအဖွဲ့များ ဖွဲ့စည်းရန်အတွက် ကာ

၁၁၈။ စောင့်ကြည့်လေ့လာရေးအဖွဲ့က ကာကွယ်ရေးဝန်ကြီးဌာန၊ ဒုတိယ အမြဲတမ်းအတွင်းဝန် ဗိုလ်မှူးကြီး မင်းထိုက်ဟိန်းနှင့် တွေ့ဆုံခြင်း၊ နေပြည်တော်၊ ၂၀၁၈ ခုနှစ်၊ ဖွန်လ ၂၉ ရက်၊

၁၁၉။ See, ICBL, Landmine Monitor Report 2009: Toward a Mine-Free World, (Ottawa: Mines Action Canada, October 2009). Unprecedented levels of information on Myanmar Armed Forces casualties were received for 2008 from the then-State Peace and Development Council (SPDC) military-led government, when 508 Myanmar Armed Forces casualties were identified. Information from this source has not been made available for any other year.

၁၂၀။ Roger Fasth and Pascal Simon, "Mine Action in Myanmar," The Journal of Conventional Weapons Destruction, Vol. 19, Issue 2, July 2015.

၁၂၁။ " ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ- ၂၁ရာစု၊ ပင်လုံဆက်လက်ကျင်းပ" Global New Light of Myanmar, 2 September 2016. ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလတွင် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ၌ NLD ပါတီမှ ဒေါ်ဝင့်ဝါထွန်းက ကယားပြည်နယ်ရှိ သူမ၏ ရှားတောမြို့နယ်တွင် "ဒေသခံပြည်သူများ၏ နေ့စဉ်နေထိုင်မှု ဘဝတွင် မြေမြှုပ်မိုင်းကွင်းများကြောင့် အန္တရာယ်ရှိနေပြီး လုံခြုံမှုကို မခံစားကြရပါ" ဟုပြောကြားခဲ့သည်။

၁၂၂။ Statement of Myanmar, Mine Ban Treaty Fourth Review Conference, Oslo, 25–29 November 2019; and Khin Myat Myat Wai, "Myanmar begins talk on landmine clearing programme," Myanmar Times, 3 February 2020. The Embassy of New Zealand in Myanmar had funded a mine action coordinator, whose primary role was to improve the effectiveness of the sector until a national mine action authority was established.

ကွယ်ရေးဝန်ကြီးဌာနနှင့်လည်း ညှိနှိုင်းဆွေးနွေးမှုများရှိခဲ့သည်။[၁၂၃]

၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ အာဏာသိမ်းပြီးနောက်ပိုင်း၊ ပြန်လည်ထူထောင်ရေးဦးစီးဌာနနှင့် ပေါင်းစပ်ညှိနှိုင်းရေး ယန္တရားကို ရပ်ဆိုင်းခဲ့သည်။ ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလတွင် အရေးကြီးသည့် မိုင်းလုပ်ငန်းဆောင်ရွက်ချက်များကို သေချာစေရန် မိုင်းလုပ်ငန်းဆောင်ရွက်မှုနယ်ပယ်အလိုက်တာဝန်ခံမှု (MA AoR) ကို အသက်သွင်းခဲ့သည်။ ယင်းကို ယူနီဆက်ဖ်က ဦးဆောင်ပြီး၊ တွဲဖက် ဥက္ကဌအဖြစ် မိုင်းလုပ်ငန်းဆိုင်ရာအကြံပေးအဖွဲ့ (MAG) က ပထမ ၆လ တာဝန်ယူခဲ့သည်။[၁၂၄] ၂၀၂၂ ခုနှစ်တွင် MA AoR အစည်းအဝေးများကို နိုင်ငံအဆင့်နှင့် ပြည်နယ်အဆင့်များတွင် ကချင်၊ ရှမ်း၊ ရခိုင်ပြည်နယ်များနှင့် အနောက်မြောက်ပိုင်းတို့တွင် ကျင်းပခဲ့သည်။[၁၂၅]

## မဟာဗျူဟာလုပ်ငန်းအစီအစဉ်

၂၀၂၀ ခုနှစ်၊ ဩဂုတ်လအထိ၊ အာဏာမသိမ်းမီရှိခဲ့သော အစိုးရက မိုင်းလုပ်ငန်းဆောက်ရွက်မှုနှင့်စပ်လျဉ်း၍ တိကျသည့်မဟာဗျူဟာတစ်ရပ်ကို မထုတ်ပြန်ခဲ့ပါ။ ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလတွင် ပြည်ထောင်စုအဆင့် အပစ်အခတ်ရပ်စဲရေး ပူးတွဲ လေ့လာစောင့်ကြည့်ရေးကော်မတီ (JMC) အတွင်းရေးမှူး ဗိုလ်မှူးကြီး ဝဏ္ဏအောင်က အစိုးရနှင့် NSAGs များကြား အပြန်အလှန် ယုံကြည်မှု မတည်ဆောက်နိုင်သေးဘဲ၊ မိုင်းရှင်းလင်းရေးကို စတင်ရန် မဖြစ်နိုင်ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။[၁၂၆] ၂၀၁၇ ခုနှစ်၊ မေလတွင် ဗိုလ်မှူးကြီးဝဏ္ဏအောင်က မိုင်းရှင်းလင်းရေးတွင် တပ်မတော်က ဦးဆောင်မည်ဖြစ်သော်လည်း၊ နိုင်ငံတကာ၏ နည်းပညာနှင့် ရုပ်ဝတ္ထုအကူအညီကို လက်ခံမည်ဟုပြောကြားခဲ့သည်။[၁၂၇]

MA AoR ၏ မြန်မာနိုင်ငံဆိုင်ရာ မဟာဗျူဟာလုပ်ငန်းအစီအစဉ် ၂၀၂၂ -၂၀၂၃ သည် ဒေသဆိုင်ရာ အဖွဲ့အစည်းများနှင့် MA AoR ၏ ထိစပ်မှုကို မြှင့်တင်ရန်၊ မိုင်းအန္တရာယ်ပညာပေးရေးနှင့် မိုင်းဒုက္ခသည်ကူညီထောက်ပံ့ရေးတို့တွင် ၎င်းတို့အား စွမ်းရည်မြှင့်တင်ပေးရန်၊ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်ဝေမျှရေးကို မြှင့်တင်ရန်နှင့် ဒေသဆိုင်ရာနှင့်နိုင်ငံအဆင့်မိတ်ဖက်များအတွက် ရံပုံငွေစုဆောင်းရန်တို့ကို ရည်ရွယ်သည်။[၁၂၈]

## ဥပဒေနှင့် စံချိန်စံညွှန်းများ

၂၀၁၉ ခုနှစ်၊ အောက်တိုဘာလတွင် မိုင်းလုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ အမျိုးသားအဆင့် စံချိန်စံညွှန်းများကို အချောသတ်ရေးဆွဲနေပြီဖြစ်ကြောင်း မြန်မာနိုင်ငံက ထုတ်ဖော်ပြောကြားခဲ့သည်။ မြန်မာနိုင်ငံအနေဖြင့် အဆိုပါ စံချိန်စံညွှန်းများကို အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ ကာကွယ်ရေးဝန်ကြီးများ အစည်းအဝေးများဖြင့်သာမက၊ အာဆီယံ၏ ဒေသတွင်း မိုင်းလုပ်ငန်းဆောက်ရွက်မှုစင်တာ (ARMAC) လက်အောက်ရှိ လူသားချင်းစာနာမှုဆိုင်ရာ မိုင်းလုပ်ငန်းဆောင်ရွက်မှု ကျွမ်းကျင်သူများလုပ်ငန်းအဖွဲ့တို့၏ အကူအညီဖြင့်ရေးဆွဲခြင်းဖြစ်သည်။[၁၂၉] မြန်မာနိုင်ငံတွင်လုပ်ငန်းလုပ်ကိုင်သော နိုင်ငံတကာမိုင်းရှင်းလင်းရေးအဖွဲ့အစည်းများက နိုင်ငံတကာမိုင်းလုပ်ငန်းဆောင်ရွက်မှုဆိုင်ရာစံချိန်စံညွှန်းများ (IMAS) ကို လိုက်နာခဲ့ကြသည်။

## သတင်းအချက်အလက်စီမံခန့်ခွဲမှု

မိုင်းအန္တရာယ်ရှိသောနေရာများဆိုင်ရာ နိုင်ငံအဆင့် သတင်းအချက်အလက်သိုလှောင်မှုစနစ် မရှိသောကြောင့် မြန်မာနိုင်ငံတွင် မိုင်းလုပ်ငန်းဆောင်ရွက်သူများအနေဖြင့် ၎င်းတို့ ကိုယ်တိုင်ကောက်ယူသည့် စစ်တမ်းရလဒ်များကို အခြေပြု၍ အချက်အလက်များရယူကြသည်။

---

၁၂၃။ ခင်မြတ်မြတ်ဝေ၊ "မြေမြှုပ်မိုင်းရှင်းလင်းရေးအစီအစဉ်ကို မြန်မာစတင်ဆွေးနွေးနေ" Myanmar Times, 3 February 2020.

၁၂၄။ MA AoR, "Strategic Plan for Humanitarian Mine Action in Myanmar: 2022–2023," 28 February 2022, p. 3.

၁၂၅။ Ibid.; and UNICEF, "Myanmar Country Office: Humanitarian Situation Report No. 7: 1 July–31 August 2022," undated.

၁၂၆။ ရဲခေါင်ညွှန့်၊ "တပ်မှူးများအတွက် လုပ်ငန်းလမ်းညွှန်များ JMC – U ဦး မူကြမ်းရေးဆွဲနေ" Global New Light of Myanmar, 20 January 2018. ဗိုလ်မှူးကြီး ဝဏ္ဏအောင်က " နှစ်ဖက်စလုံး အလုပ်ရုံဆွေးနွေးပွဲတွေလုပ်ပြီး ဆွေးနွေးနေကြဆဲဖြစ်ပါတယ်။ NCA မှာလဲ မိုင်းရှင်းလင်းရေးလုပ်ငန်းကို ထည့်သွင်းထားပါတယ်။။ အပြန်အလှန် ယုံကြည်မှုရဖို့ အရင်လိုအပ်နေတာကြောင့် ဒါကိုအရင်ဆွေးနွေးပြီး ၊ မိုင်းရှင်းလင်းရေးကို ခုထိအကောင်အထည်မဖော်နိုင်သေးဖြစ်ပါတယ်။" ဟု ပြောကြားခဲ့သည်။

၁၂၇။ ရဲခေါင်ညွှန့်၊ " JMC – U ၏ ၁၀ ကြိမ်မြောက်အစည်းအဝေး၊ ဒုတိယနေ့ ရန်ကုန်တွင် ကျင်းပ"၊ Global New Light of Myanmar, 5 May 2017.

၁၂၈။ MA AoR ၊ " မြန်မာနိုင်ငံ၌ လူသားချင်းစာနာမှုဆိုင်ရာ မိုင်းလုပ်ငန်းဆောင်ရွက်မှု မဟာဗျူဟာလုပ်ငန်းအစီအစဉ်၂၀၂၂ – ၂၀၂၃" ၊ ၂၀၂၂ ခုနှစ်၊ဖေဖော်ဝါရီလ ၂၈ ရက်၊ စာ-၃-၄။

၁၂၉။ Statement of Myanmar, UN General Assembly (UNGA) First Committee, Thematic Discussion on Conventional Weapons, New York, 25 October 2019. In 2013, a technical working group comprised of government representatives from the former Myanmar Peace Center, and humanitarian actors, had drafted a national mine action strategy and national mine action standards, but these were never approved by the government.

## လိင်အမျိုးအစားစုံလင်မှု နှင့် မတူကွဲပြားမှု

လုပ်ငန်းများနှင့် မဟာဗျူဟာများသည် လိင်အမျိုးအစား အစုံအလင် အကျုံးဝင်မှုကို သေချာစေရန် ၂၀၂၂ - ၂၀၂၃ ခုနှစ်တွင် MA AoR ၏ အဓိကဦးစားပေးမှုမှာ လိင်အမျိုးအစားအစုံအလင်အကျုံးဝင်သော စနစ်ကျသည့် အချက်အလက် ကောက်ယူမှု ဖြစ်သည်။[၁၃၀]

## မိုင်းအန္တရာယ်ပညာပေးရေး စီမံခန့်ခွဲမှု နှင့် ပေါင်းစပ်ညှိနှိုင်းမှု

**မိုင်းအန္တရာယ်ပညာပေးရေးစီမံခန့်ခွဲမှုနှင့် ပေါင်းစပ်ညှိနှိုင်းမှု ခြုံငုံသုံးသပ်ချက်**

| | |
|---|---|
| အစိုးရကိုယ်စားအဓိကချိတ်ဆက်ဆောင်ရွက်သည့်အဖွဲ့အစည်းများ | ပြည်လည်ထူထောင်ရေးဦးစီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည် နေရာချထားရေးဝန်ကြီးဌာန (MoSWRR) |
| ကုလသမဂ္ဂကိုယ်စား အဓိက ချိတ်ဆက် ဆောင်ရွက်သည့်အဖွဲ့အစည်းများ | ယူနီဆက်ဖ် |
| ပေါင်းစပ်ညှိနှိုင်းရေး ယန္တရားများ | မိုင်းအန္တရာယ်ပညာပေးရေးအဖွဲ့ |
| မိုင်းလုပ်ငန်းဆောင်ရွက်မှု နယ်ပယ်အလိုက် တာဝန်ခံမှု (MA AoR) | |
| မိုင်းအန္တရာယ်ပညာပေးရေး မဟာဗျူဟာ | မိုင်းအန္တရာယ်ပညာပေးရေးလုပ်ငန်းအဖွဲ့၏မဟာဗျူဟာလုပ်ငန်းအစီအစဉ် (၂၀၂၀ _ ၂၀၂၁) |
| မိုင်းအန္တရာယ်ပညာပေးရေးစံချိန်စံညွှန်းများ | ၂၀၁၉ ခုနှစ် အထိရေးဆွဲနေဆဲဖြစ်သော်လည်း၊ ၂၀၂၁ ခုနှစ်တွင် ရပ်တန့်သွား |

### ပေါင်းစပ်ညှိနှိုင်းမှု

အာဏာမသိမ်းမီက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန (MoSWRR) လက်အောက်ရှိ ပြန်လည် ထူထောင်ရေးဦးစီးဌာနက မိုင်းအန္တရာယ်ပညာပေးရေးလုပ်ငန်းအဖွဲ့ကို ဦးဆောင်ခဲ့ပြီး၊ ယူနီဆက်ဖ်က တွဲဖက်-ဥက္ကဋ္ဌ ဖြစ်ခဲ့သည်။[၁၃၁] ၂၀၁၂ ခုနှစ်၊ ဧပြီလတွင် ဖွဲ့စည်းခဲ့သော ထိုအဖွဲ့တွင် အစိုးရဝန်ကြီးဌာန ၁၀ ခု၊ နိုင်ငံတကာနှင့် ပြည်တွင်းအဖွဲ့အစည်း ၄၁ ဖွဲ့နှင့် ကချင်၊ ကယား၊ ကရင်နှင့် ရှမ်းပြည်နယ်တို့တွင် လုပ်ပိုင်ခွင့်နှင့် ခွဲဝေပေးထားသော လုပ်ငန်းအဖွဲ့ ၄ ခု တို့ပါဝင်ခဲ့သည်။ ၂၀၁၉ ခုနှစ်တွင် MoSWRR က ရခိုင်ပြည်နယ်တွင် ပြည်နယ်အဆင့် လုပ်ငန်းအဖွဲ့အသစ်တစ်ခုဖွဲ့စည်းရန် ဆုံးဖြတ်ချက်ကို အတည် ပြုခဲ့သော်လည်း၊ ၂၀၂၀ခုနှစ်ကုန်အထိ ဆိုင်းငံ့ထားခဲ့သည်။[၁၃၂] ၂၀၂၁ ခုနှစ်အတွင်း၌ မိုင်းအန္တရာယ်ပညာပေးလုပ်ငန်းအဖွဲ့အစည်းအဝေးများ ကျင်းပခဲ့ခြင်းမရှိပါ။[၁၃၃] MA AoR အနေဖြင့် လစဉ်တွေ့ဆုံစည်းဝေးကြသည်။[၁၃၄]

### မဟာဗျူဟာများ

မိုင်းအန္တရာယ်ပညာပေးရေးလုပ်ငန်းအဖွဲ့၏ ၂၀၂၀ - ၂၀၂၁ ခုနှစ်၊ မဟာဗျူဟာလုပ်ငန်းအစီအစဉ်ကို မိုင်းအန္တရာယ်ပညာပေးရေးအတွက် ရေးဆွဲအသုံးပြုခဲ့ပြီး၊ ယင်းတွင် မိုင်းဒုက္ခသည်ကူညီထောက်ပံ့ရေးဆိုင်ရာ ရည်ရွယ်ချက်များလည်းပါဝင်ခဲ့သည်။[၁၃၅] ၂၀၂၂-၂၀၂၃ ခုနှစ်အတွက် MA AoR ၏ မဟာဗျူဟာတွင် လုံးဝနီးပါး သို့မဟုတ် လုံးဝမရရှိသေးသော နေရာများတွင် မိုင်းအန္တရာယ်

၁၃၀။ MA AoR ၊ " မြန်မာနိုင်ငံ၌ လူသားချင်းစာနာမှုဆိုင်ရာ မိုင်းလုပ်ငန်းဆောင်ရွက်မှု မဟာဗျူဟာလုပ်ငန်းအစီအစဉ်၂၀၂၂ _ ၂၀၂၃ခုနှစ်"၊ ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၈ ရက်၊ စာ-၄။

၁၃၁။ စောင့်ကြည့်လေ့လာရေးအဖွဲ့၏ မေးမြန်းမှုကို Norwegian People's Aid (NPA)၊ မြန်မာမှ Operations Coordinator ဦးကျော်ကျော်ဦး၏ ဖြေကြားချက်၊ ၂၀၂၁ ခုနှစ်၊ မတ်လ ၁၈ ရက်။

၁၃၂။ စောင့်ကြည့်လေ့လာရေးအဖွဲ့၏ မေးမြန်းမှုကို ပြန်လည်ထူထောင်ရေးဦးစီဌာန၊ ဒု-ညွှန်ကြားရေးမှူး ဦးစည်သူဝင်း၏ ဖြေကြားချက်၊ ၂၀၂၁ ခုနှစ်၊ မတ်လ ၁၁ရက်၊ နှင့် HI ၏ Regional Programme Director, Fabrice Vandeputte ၏ ဖြေကြားချက်၊ ၂၀၂၀ ခုနှစ်၊ မေလ ၁၄ ရက်။

၁၃၃။ စောင့်ကြည့်လေ့လာရေးအဖွဲ့၏ မေးမြန်းမှုကို HALO Trust ၏ Programme Manager, Jane Strangeways ၏ ဖြေကြားချက်၊ ၂၀၂၂ ခုနှစ်၊ ဧပြီလ ၅ ရက်။

၁၃၄။ MA AoR " မြန်မာနိုင်ငံ၌ လူသားချင်းစာနာမှုဆိုင်ရာ မိုင်းလုပ်ငန်းဆောင်ရွက်မှု မဟာဗျူဟာလုပ်ငန်းအစီအစဉ် ၂၀၂၂ -၂၀၂၃ ခုနှစ်"၊ ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၈ ရက်၊ စာ-၂။

၁၃၅။ စောင့်ကြည့်လေ့လာရေးအဖွဲ့၏ မေးမြန်းမှုကို ပြည်လည်ထူထောင်ရေးဦးစီးဌာန၊ ဒု-ညွှန်ကြားရေးမှူး ဦးစည်သူဝင်း၏ ဖြေကြားချက်၊ ၂၀၂၁ ခုနှစ်၊ မတ်လ ၁၁ ရက်။

ပညာပေးရေးကို တိုးချဲ့ဆောင်ရွက်ရန်နှင့် အကျိုးခံစားခွင့်ရှိသူများ ပိုမိုများပြားပျံ့နှံ့ရောက်ရှိစေရန်အတွက် လုပ်ငန်း လုပ်ကိုင်နေသူများ၊ ရပ်ရွာခေါင်းဆောင်နှင့် ဘာသာရေးခေါင်းဆောင်များ၊ အမျိုးသမီးနှင့် လူငယ်အဖွဲ့များအား လေ့ကျင့် သင်တန်း ပေးရန်စသည့် အဓိကလုပ်ငန်းစဉ်အများအပြားပါဝင်သည်။ ထို့အပြင် သင်ထောက်ကူပစ္စည်းသစ်များနှင့် ရေဒီယို၊ ရုပ်မြင်သံကြား အပြင် ဒစ်ဂျစ်တယ်မီဒီယာတို့မှတစ်ဆင့် သတင်းစကားဖြန့်ဝေခြင်းများဖြင့် မိုင်းအန္တရာယ်ပညာပေးရေးကို ပိုမိုတိုးမြှင့် လုပ်ဆောင်ရန်နှင့် ရပ်ရွာဒေသများတွင် အဓိကတာဝန်ခံ ချိတ်ဆက်ဆောင်ရွက်ပေးမည့်သူများနှင့် ဘေးကင်းလုံခြုံရေးကော်မတီများ ဖွဲ့စည်းတည်ထောင်ခြင်း စသည့် လုပ်ငန်းစဉ်များလည်းပါဝင်သည်။[၁၃၆]

## နိုင်ငံအဆင့် စံချိန်စံညွှန်းများနှင့် လမ်းညွှန်ချက်များ

၂၀၁၉ ခုနှစ်တွင် မြန်မာနိုင်ငံအတွင်း မိုင်းလုပ်ငန်းကဏ္ဍတွင် လုပ်ငန်းဆောင်ရွက်နေသော အဖွဲ့အစည်းများအား နိုင်ငံအဆင့် မိုင်းအန္တရာယ်ပညာပေးရေး စံချိန်စံညွှန်းများ မူကြမ်းရေးဆွဲရေးတွင် အစိုးရအား ကူညီကြရန်ဖိတ်ခေါ်ခဲ့သည်။[၁၃၇] ၂၀၂၂ ခုနှစ်၊ ဩဂုတ်လအထိ အဆိုပါ စံချိန်စံညွှန်းများအား အချောသတ်သည့် အဆင့်မရောက်သေးပါ။

## မိုင်းဒုက္ခသည် ကူညီစောင့်ရှောက်ရေးဆိုင်ရာ စီမံခန့်ခွဲမှုနှင့် ပေါင်းစပ်ညှိနှိုင်းမှု

**မိုင်းဒုက္ခသည်ကူညီစောင့်ရှောက်ရေးဆိုင်ရာ စီမံခန့်ခွဲမှုနှင့် ပေါင်းစပ်ညှိနှိုင်းမှု ခြုံငုံသုံးသပ်ချက်**[၁၃၈]

| | |
|---|---|
| အစိုးရကိုယ်စား အဓိကချိတ်ဆက် ဆောင်ရွက်သည့် အဖွဲ့အစည်းများ | လူမှုဝန်ထမ်းနှင့် မသန်စွမ်းသူများရေးရာဦးစီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန (MoSWRR) |
| ပေါင်းစပ်ညှိနှိုင်းရေးယန္တရားများ | Humanity & Inclusion (HI) က ဦးဆောင်သော မိုင်းဒုက္ခသည် ကူညီ ထောက်ပံ့ရေး နည်းပညာအထောက်အကူပြုအဖွဲ့ငယ်က မိုင်းအန္တရာယ် ပညာပေးရေးလုပ်ငန်းအဖွဲ့၏ ထီးရိပ်အောက်တွင် မိုင်းဒုက္ခသည် ကူညီ ထောက်ပံ့ရေး ဆောင်ရွက်နေသူများအားလုံးကို စုစည်းသည်။ |
| မိုင်းလုပ်ငန်းဆောင်ရွက်မှုနယ်ပယ်အလိုက်တာဝန်ခံမှု (MA AoR) | |
| ပေါင်းစပ်ညှိနှိုင်းမှု ပုံမှန်ဖြစ်မှုနှင့် ရလဒ်များ | ၂၀၂၁ ခုနှစ်တွင် ပေါင်းစပ်ညှိနှိုင်းမှု အစည်းအဝေးများ မရှိကြောင်း သိရှိရသည်။ |
| လုပ်ငန်းအစီအစဉ်များ/ မဟာဗျူဟာများ | မိုင်းအန္တရာယ်ပညာပေးရေးလုပ်ငန်းအဖွဲ့၏ ၂၀၂၀ - ၂၀၂၁ ခုနှစ်၊ မဟာ ဗျူဟာလုပ်ငန်းအစီအစဉ်နှင့် MA AoR ၏ ၂၀၂၂ - ၂၀၂၃ ခုနှစ်၊ မဟာ ဗျူဟာလုပ်ငန်းအစီအစဉ်တို့တွင် မိုင်းဒုက္ခသည် ကူညီထောက်ပံ့ရေး ဆိုင်ရာရည်ရွယ်ချက်များပါရှိသည်။ |

၁၃၆။ MA AoR " မြန်မာနိုင်ငံ၌ လူသားချင်းစာနာမှုဆိုင်ရာ မိုင်းလုပ်ငန်းဆောင်ရွက်မှု မဟာဗျူဟာလုပ်ငန်းအစီအစဉ် ၂၀၂၂ -၂၀၂၃ ခုနှစ်"၊ ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၈ ရက်၊ စာ-၅။

၁၃၇။ စောင့်ကြည့်လေ့လာရေးအဖွဲ့၏ မေးမြန်းချက်ကို MAG မြန်မာ၏ Country Programme Manager, Bekim Shala ၏ ဖြေကြားချက်၊ ၂၀၂၀ ခုနှစ်၊ မေလ ၂၅ ရက်နှင့် NPA မြန်မာ၏ Operations Coordinator ဦးကျော်ကျော်ဦး၏ ဖြေကြားချက်၊ ၂၀၂၁ ခုနှစ်၊ မတ်လ ၁၈ ရက်။

၁၃၈။ စောင့်ကြည့်လေ့လာရေးအဖွဲ့၏ မေးမြန်းမှုကို ပြန်လည်ထူထောင်ရေးဦးစီးဌာန၊ ဒု-ညွှန်ကြားရေးမှူး ဦးစည်သူဝင်း၏ ဖြေကြားချက်၊ ၂၀၂၁ ခုနှစ်၊ မတ်လ ၁၁ ရက်၊ HI ၏ Humanitarian Policy and Advocacy Advisor, Michelle Yesudas နှင့် Project Manager များဖြစ်သည့် ညိုညိုသော် နှင့် အေးသောင်းတို့၏ ဖြေကြားချက်များ၊ ၂၀၂၁ ခုနှစ်၊ မေလ ၁၈ရက်၊ HI, Regional Programme Director, Fabrice Vandeputte ၏ ဖြေကြားချက်၊ ၂၀၂၀ ခုနှစ်၊ မေလ ၁၄ ရက်၊ See also, "Myanmar drafts national strategy for disabled," Xinhua, 4 April 2019; Geneva International Centre for Humanitarian Demining (GICHD), "Myanmar: Victim Assistance & Mine Risk Education," presentation by Dr. San San Aye, Deputy Director General, Department of Social Welfare, at the Meeting of National Mine Action Program Directors, Geneva, 17 February 2015; and Dan Seng Lawn and Jana Naujoks, "Conflict Impacts on Gender and Masculinities Expectations on People with Disabilities in Kachin State: A Rapid Assessment," International Alert Myanmar and Kachinland Research Center, December 2018.

| | |
|---|---|
| မသန်စွမ်းကဏ္ဍပေါင်းစပ်ထည့်သွင်းမှု | မသန်စွမ်းသူ အခွင့်အရေးများဆိုင်ရာ ကွန်ဗင်းရှင်း (CRPD) နှင့် နိုင်ငံအဆင့် မသန်စွမ်းဥပဒေများနှင့် လိုက်လျောညီထွေဖြစ်စေရန် ဆောင်ရွက်သည့် လုပ်ငန်းစဉ်များ |
| အသက်ရှင်ကျန်ရစ်သူများအား ထည့်သွင်းစဉ်းစား ရေးနှင့် ပါဝင်စေရေး | တိုက်ရိုက်ကိုယ်စားပြုမှုမရှိပါ၊ သို့ရာတွင် ပေါင်းစပ်ညှိနှိုင်းရေး လုပ်ငန်းစဉ်များတွင် ပါဝင်သည့် DPOs များတွင် မိုင်းထိပြီး အသက်ရှင်ကျန်ရစ်သူ အချို့ ပါဝင်ကြသည်။ |

မှတ်ချက်။ ။ DPO = မသန်စွမ်းသူအဖွဲ့အစည်းများ

## မိုင်းဒုက္ခသည် ကူညီထောက်ပံ့ရေးဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းမှု

အာဏာမသိမ်းမီက နိုင်ငံအဆင့်နှင့် ပြည်နယ်အဆင့်ပြုလုပ်သည့် နည်းပညာအထောက်အကူပြုအဖွဲ့ငယ်၏ အစည်းအဝေးများကို Humanity & Inclusion (HI ) အဖွဲ့က ကူညီအကျိုးဆောင်ကျင်းပခဲ့သည်။[၁၃၉] အစည်းအဝေးတက်ရောက်သော မသန်စွမ်းသူ အဖွဲ့အစည်းများတွင် မြန်မာနိုင်ငံမသန်သူများအစည်းအရုံး (MPHA) နှင့် မြန်မာနိုင်ငံ မသန်စွမ်းသူများအဖွဲ့ချုပ် (MFPD) တို့ပါဝင်ခဲ့ ကြသည်။

၂၀၂၂ ခုနှစ်တွင် မိုင်းဒုက္ခသည်ကူညီထောက်ပံ့ရေးကို ပေါင်းစပ်ညှိနှိုင်းရန်အတွက် MA AoR က တာဝန်ယူခဲ့သည်။ သတင်းအချက် အလက်ဝေမျှရန်နှင့် ညွှန်းပို့ခြင်း ယန္တရားများနှင့် ဝန်ဆောင်မှုများ ပေါ်ပေါက်လာရေး အထောက်အပံ့ဖြစ်စေရန် ယင်း၏ အစည်းအဝေးကို လစဉ်ပြုလုပ်သည်။[၁၄၀]

## မိုင်းဒုက္ခသည်ကူညီထောက်ပံ့ရေးဆိုင်ရာ ဥပဒေနှင့် မူဝါဒများ

၂၀၁၅ ခုနှစ်တွင် မြန်မာသည် မသန်စွမ်းသူအခွင့်အရေးများဆိုင်ရာ ဥပဒေကို အတည်ပြုပြဋ္ဌာန်းခဲ့သည်။[၁၄၁] အလုပ်အကိုင် ကာကွယ် စောင့်ရှောက်ရေး၊ ပညာရေးနှင့် အများပြည်သူ သယ်ယူပို့ဆောင်ရေးတို့တွင် တန်းတူညီမျှ လက်လှမ်းမီစေရေးတို့ကို လုပ်ဆောင်ရ မည်ဟု သတ်မှတ်ထားသော်လည်း ထိုဥပဒေကို အပြည့်အဝ အသက်ဝင်အောင် လုပ်ဆောင်ခြင်းမရှိပါ။[၁၄၂] မြန်မာနိုင်ငံ၏ ကလေးသူငယ်အခွင့်အရေးဥပဒေသည် မိုင်းပေါက်ကွဲမှုဖြစ်စဉ်များမှ ကာကွယ်စောင့်ရှောက်ခြင်းနှင့် မိုင်းဒုက္ခသည် ကူညီထောက်ပံ့ရေးတို့ လွှမ်းခြုံအကျုံးဝင်သည်။[၁၄၃]

၂၀၁၄ ခုနှစ်တွင် မြန်မာနိုင်ငံသည် အထောက်အထားလက်မှတ်ရှိပြီးသော မသန်စွမ်းသူများအား ထောက်ပံ့ကြေးပေးရန် နိုင်ငံအဆင့် လူမှုကာကွယ်စောင့်ရှောက်ရေး မဟာဗျူဟာလုပ်ငန်းအစီအစဉ်ကို စတင်ဆောင်ရွက်ခဲ့သည်။[၁၄၄] ၂၀၂၀ ခုနှစ်၊ ဖေဖော်ဝါရီလတွင် လူမှုဝန်ထမ်းဝန်ကြီးဌာနက မိုင်းဒုက္ခသည်တစ်ဦးလျှင် ကျပ်ငွေ ၂၀၀,၀၀၀ (၁၁၀ ဒေါ်လာ) နှင့် လိုအပ်ပါက ခြေတု၊ လက်တုများ ထောက်ပံ့ပေးခဲ့သည်ဟု သိရသည်။[၁၄၅] ၂၀၁၉ ခုနှစ်၊ စက်တင်ဘာမှ ၂၀၂၀ ခုနှစ်၊ ဩဂုတ်လအထိ ဝန်ကြီးဌာနက မိုင်းဒုက္ခသည် ၆၆၀ ဦးအတွက် ဘတ်ဂျက်ချပေးခဲ့သည်။[၁၄၆] ၂၀၂၀ ခုနှစ်တွင် ပြည်လည်ထူထောင်ရေးဦးစီးဌာနက ၂၀၁၇ - ၂၀၁၈ ဘဏ္ဍာရေးနှစ်မှစ၍ မိုင်းဒုက္ခသည် ၆၄၈ ဦးသည် ထောက်ပံ့ကြေးရရှိကြပြီး၊ စုစုပေါင်း ကျပ်ငွေ ၁၂၉,၆၀၀,၀၀၀ (ဒေါ်လာ ၇၀,၀၀၀) ဖြစ်သည်ဟု ပြော

---

၁၃၉။ စောင့်ကြည့်လေ့လာရေးအဖွဲ့၏ မေးမြန်းမှုကို ပြန်လည်ထူထောင်ရေးဦးစီးဌာန၊ ဒု-ညွှန်ကြားရေးမှူး ဦးစည်သူဝင်း၏ ဖြေကြားချက်၊ ၂၀၂၁ ခုနှစ်၊ မတ်လ ၁၁ ရက်၊ HI ၏ Humanitarian Policy and Advocacy Advisor, Michelle Yesudas နှင့် Project Manager များဖြစ်သည့် ညိုညိုသော် နှင့် အေးသောင်းတို့၏ ဖြေကြားချက်များ၊ ၂၀၂၁ ခုနှစ်၊ မေလ ၁၈ရက်၊

၁၄၀။ MA AoR " မြန်မာနိုင်ငံ၌ လူသားချင်းစာနာမှုဆိုင်ရာ မိုင်းလုပ်ငန်းဆောင်ရွက်မှု မဟာဗျူဟာလုပ်ငန်းအစီအစဉ် ၂၀၂၂ -၂၀၂၃ခုနှစ်"၊ ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၈ ရက်၊ စာ-၂။

၁၄၁။ မြန်မာဥပဒေစာကြည့်တိုက်၊ " ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၃၀/၂၀၁၅ - မသန်စွမ်းသူအခွင့်အရေးများဆိုင်ရာ ဥပဒေ" ၂၀၁၅ ခုနှစ်၊ ဇွန်လ

၁၄၂။ US Department of State, Bureau of Democracy, Human Rights, and Labor, "2021 Country Reports on Human Rights Practices: Burma," 12 April 2022, p. 37.

၁၄၃။ UNICEF Myanmar press release, "The enactment of the new Child Rights Law by the Government of Myanmar a Landmark step," 24 July 2019.

၁၄၄။ ၂၀၁၅ ခုနှစ်၊ မသန်စွမ်းသူအခွင့်အရေးများဆိုင်ရာ ဥပဒေအတည်ပြုပြီး၊ အစိုးရအနေဖြင့် အထောက်အထားလက်မှတ်ထုတ်ပေးခြင်းလုပ်ငန်းစဉ် တည်ထောင်ပြီးသည့်အချိန်မှသာ ထောက်ပံ့ကြေးရရှိကြမည်။ မြန်မာနိုင်ငံအစိုးရ " မြန်မာ၊ နိုင်ငံအဆင့် လူမှုကာကွယ်စောင့်ရှောက်ရေးမဟာဗျူဟာ လုပ်ငန်းအစီအစဉ်" ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလ၊ စာ-၅၃

၁၄၅။ ခင်မြတ်မြတ်ဝေ၊ "မြေမြှုပ်မိုင်းရှင်းလင်းရေးအစီအစဉ်ကို မြန်မာစတင်ဆွေးနွေးနေ" Myanmar Times, 3 February 2020.

၁၄၆။ စောင့်ကြည့်လေ့လာရေးအဖွဲ့၏ မေးမြန်းမှုကို HI ၏ Regional Programme Director, Fabrice Vandeputte ၏ ဖြေကြားချက်၊ ၂၀၂၀ ခုနှစ်၊ မေလ ၁၄ရက်။

ကြားခဲ့သည်။[၁၄၇] သို့ရာတွင် ဤသို့ကူညီထောက်ပံ့မှုသည် အစိုးရထိန်းချုပ်သည့် နေရာဒေသများမှ ပြည်သူများသာ လက်လှမ်းမီကြပြီး၊ NSAGs များ ထိန်းချုပ်သည့် နေရာဒေသများမှ မည်မျှလက်လှမ်းမီ ရရှိကြသည်နှင့် ပတ်သက်၍ မရှင်းလင်းပါ။

## မိုင်းဒုက္ခသည်ကူညီထောက်ပံ့ရေးဆိုင်ရာ မဟာဗျူဟာများ

အာဏာမသိမ်းမီက မြန်မာနိုင်ငံ၏ NLD ဦးဆောင်သည့် အစိုးရက မသန်စွမ်းသူအဖွဲ့အစည်းများနှင့် အခြားအစိုးရ မဟုတ်သော အဖွဲ့အစည်းများ (NGOs) ၏ ပူးပေါင်းပါဝင်မှုဖြင့် မသန်စွမ်းသူအခွင့်အရေးများဆိုင်ရာ နိုင်ငံအဆင့် မဟာဗျူဟာလုပ်ငန်း အစီ အစဉ်တစ်ရပ်ကို ရေးဆွဲခဲ့သည်။

၂၀၁၉ ခုနှစ်တွင် အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီ (ICRC) နှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) တို့က ကျန်းမာရေး ဝန်ကြီး ဌာနနှင့်အတူ နိုင်ငံအဆင့်ပြန်လည်ထူထောင်ရေးကဏ္ဍ ပိုမိုအားကောင်းစေရန် မဟာဗျူဟာလုပ်ငန်း အစီအစဉ်တစ်ရပ်ကို ရေးဆွဲ ခဲ့ကြသည်။[၁၄၈] ၂၀၂၀ ခုနှစ်တွင် COVID – 19 ကပ်ရောဂါကြောင့် ၎င်းအပြင် ဦးဆောင်မှုကော်မတီဖြင့် နိုင်ငံအဆင့် ညွှန်းပို့မှုစနစ် တစ်ရပ်ထူထောင်ရန်ကြိုးပမ်းမှုများ နှောင့်နှေးခဲ့သည်။[၁၄၉]

၂၀၂၁ ခုနှစ်၊ မေလတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ (SAC) ၏ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးက မသန်စွမ်းသူအခွင့်အရေးများဆိုင်ရာ ၅ နှစ်တာ မဟာဗျူဟာလုပ်ငန်းအစီအစဉ်မူကြမ်းကို ထုတ်ပြန်ကြေညာခဲ့သည်။[၁၅၀] MA AoR ၏ မဟာဗျူဟာလုပ်ငန်းအစီအစဉ် ၂၀၂၂ - ၂၀၂၃ တွင် အရေးပေါ်စိတ်ကျန်းမာရေးနှင့် စိတ်ပိုင်းဆိုင်ရာ ဝန်ဆောင်မှုများ ပေးခြင်း၊ ရှေးဦးသူနာပြုသင်တန်းများ၊ ဆေးဝါးကုသပေးမှုနှင့် ရွှေ့လျားစနစ်ဖြင့် ပြုပြင်၊ ပြင်ဆင်ပေးခြင်းနှင့် ကျွမ်းကျင်သူများအား သင်တန်းပေးခြင်းတို့ဖြင့် ရုပ်ပိုင်းဆိုင်ရာ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ပိုမိုအားကောင်းစေခြင်း စသည်တို့ အပါအဝင် မိုင်းဒုက္ခသည်ကူညီထောက်ပံ့ရေးလုပ်ငန်းအများအပြားပါဝင်သည်။ ရနိုင်သော ဝန်ဆောင်မှုနှင့် ကျန်းမာရေး ဝန်ဆောင်မှုပေးသူများ အား မြေပုံရေးဆွဲခြင်း၊ ညွှန်းပို့နိုင်သောနေရာများအညွှန်းကို အချိန်နှင့်တစ်ပြေးညီပြင်ဆင်ဖြည့်စွက်ခြင်း၊ ကဏ္ဍစုံ ပေါင်းစပ် လုပ်ကိုင်ရေးကို ကူညီအကျိုးဆောင်ခြင်းနှင့် မိုင်းဒုက္ခသည်များ၏ ကောင်းကျိုးကို မြှင့်တင်ခြင်း စသည်တို့ကိုလည်း ထိုလုပ်ငန်း အစီအစဉ်က ရည်ရွယ်ခဲ့သည်။[၁၅၁]

## မိုင်းဒုက္ခသည်ကူညီထောက်ပံ့ရေးဆိုင်ရာနိုင်ငံအဆင့် စံချိန်စံညွှန်းများနှင့် လမ်းညွှန်ချက်များ

၂၀၂၀ ခုနှစ်တွင် နိုင်ငံတကာ မိုင်းလုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ စံချိန်စံညွှန်းများ (IMAs) ကို နိုင်ငံအဆင့် မိုင်းအန္တရာယ် ပညာပေးရေး လုပ်ငန်းအဖွဲ့နှင့် မိုင်းဒုက္ခသည်ကူညီထောက်ပံ့ရေး နည်းပညာအထောက်အကူပြုအဖွဲ့ငယ်အစည်းအဝေးများတွင် စတင်မိတ်ဆက်ခဲ့ပြီး မြန်မာဘာသာဖြင့် ပြန်ဆိုခဲ့သည်။[၁၅၂]

---

၁၄၇။ စောင့်ကြည့်လေ့လာရေးအဖွဲ့၏ မေးမြန်းမှုကို ပြန်လည်ထူထောင်ရေးဦးစီးဌာန၊ ဒု-ညွှန်ကြားရေးမှူး ဦးစည်သူဝင်း၏ ဖြေကြားချက်၊ ၂၀၂၁ ခုနှစ်၊ မတ်လ၁၁ ရက်။ ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ ၂ ရက်၊ ငွေလဲနှုန်း - ၁၈၅၂.၉၉ ကျပ် = ၁ ဒေါ်လာ Oanda.com

၁၄၈။ ICRC နှစ်စဉ်အစီရင်ခံစာ၊ ၂၀၁၉ ခုနှစ်၊ ၂၀၂၀ ခုနှစ်၊ ဇွန်လ ၂၉ ရက်၊ စာ-၃၅၀။.

၁၄၉။ ICRC နှစ်စဉ်အစီရင်ခံစာ၊ ၂၀၂၀ ခုနှစ်၊ ၂၀၂၁ ခုနှစ်၊ ဇူလိုင်လ ၁ ရက်၊ စာ၃၆၃။

၁၅၀။ "မသန်စွမ်းသူ အခွင့်အရေးများဆိုင်ရာ ၅ နှစ်တာ မဟာဗျူဟာလုပ်ငန်းအစီအစဉ် မူကြမ်းရေးဆွဲရေး လုပ်ငန်းစဉ်" Global New Light of Myanmar, 27 May 2021; and HI, "Living in times of coup, conflicts and COVID-19 in Myanmar: Impact on persons with disabilities," July 2022.

၁၅၁။ MA AoR " မြန်မာနိုင်ငံ၌ လူသားချင်းစာနာမှုဆိုင်ရာ မိုင်းလုပ်ငန်းဆောင်ရွက်မှု မဟာဗျူဟာလုပ်ငန်းအစီအစဉ် ၂၀၂၂ -၂၀၂၃" ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၈ ရက်၊ စာ-၅-၆။.

၁၅၂။ စောင့်ကြည့်လေ့လာရေးအဖွဲ့၏ မေးမြန်းမှုကို HI ၏ Humanitarian Policy and Advocacy Advisor, Michelle Yesudas နှင့် Project Manager များဖြစ်သည့် ညိုညိုသော် နှင့် အေးသောင်းတို့၏ ဖြေကြားချက်များ၊ ၊ ၂၀၂၁ ခုနှစ်၊ မေလ ၁၈ရက်၊

## သက်ရောက်မှုကို ကုစားဆောင်ရွက်ခြင်း

### မိုင်းလုပ်ငန်းဆောင်ရွက်မှု

### လုပ်ငန်းဆောင်ရွက်သူများနှင့် ဝန်ဆောင်မှုပေးသူများ

**မိုင်းရှင်းလင်းရေးဆောင်ရွက်သူများ**

| နိုင်ငံအဆင့် | တပ်မတော် စစ်မြေပြင်အင်ဂျင်နီယာတပ် |
|---|---|
| နိုင်ငံတကာ | DanChurchAid (DCA)<br>Danish Refugee Council (DRC)<br>The HALO Trust<br>Humanity & Inclusion (HI)<br>Mines Advisory Group (MAG)<br>Norwegian People's Aid (NPA) |

နိုင်ငံတကာမိုင်းရှင်းလင်းရေးအဖွဲ့အစည်းများသည် မြန်မာနိုင်ငံသို့ ၂၀၁၂ ခုနှစ်မှ စတင်ရောက်ရှိခဲ့ကြသော်လည်း ၂၀၁၅ ခုနှစ်အထိ နည်းပညာမသုံးသော စစ်တမ်းကောက်ယူခွင့်မရခဲ့ကြပါ။ ၂၀၂၁ ခုနှစ်၊ နှစ်ဦးပိုင်း အာဏာမသိမ်းခင်က နိုင်ငံတကာ အဖွဲ့အစည်း ၆ ခုဖြစ်သော Dan Church Aid (DCA), Danish Refugee Council (DRC), HALO Trust, HI, MAG နှင့် NPA တို့သည် ရန်ကုန် မြို့နှင့် အချို့သည် နယ်မြို့များတွင် လည်းကောင်း ရုံးခန်းများဖွင့်လှစ်ခဲ့ကြသည်။ အာဏာသိမ်းပြီးနောက်တွင် နိုင်ငံတကာ ဝန်ထမ်း အများစုက ထိုင်းနိုင်ငံတွင် အခြေစိုက်ကြသည်။ မြန်မာနိုင်ငံတွင် ဆက်လက်ဖြစ်ပွားနေသော လက်နက်ကိုင် ပဋိပက္ခက နိုင်ငံသား ဝန်ထမ်းများနှင့် ဒေသဆိုင်ရာ မိတ်ဖက်အဖွဲ့အစည်းများမှ ဝန်ထမ်းများ၏ ဘေးကင်းလုံခြုံစွာ ခရီးသွားလာမှုကို တားဆီးခဲ့သည်။ လက်နက်ကိုင်ပဋိပက္ခကြောင့် နိုင်ငံတကာလုပ်ငန်းဆောင်ရွက်သူများ ယခင်က လုပ်ငန်းမလုပ်ကိုင်သည့်နေရာများတွင်ပါ မိုင်းထောင်ခြင်းများကို ဖြစ်စေခဲ့သည်။

### စစ်တမ်း

၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလတွင် စောင့်ကြည့်လေ့လာရေးအဖွဲ့က မြန်မာနိုင်ငံဆိုင်ရာ သတင်းအချက်အလက် စီမံခန့်ခွဲရေး အဖွဲ့(MIMU) နှင့် တွဲဖက်၍ မိုင်းအန္တရာယ်ရှိသည်ဟု သံသယရှိသောနေရာများ (SHA) ပါဝင်သည့် မြို့နယ်များကိုဖော်ပြသည့် မြန်မာနိုင်ငံ မြေပုံ နှင့် မြန်မာနိုင်ငံတွင် မြေမြှုပ်မိုင်းအသုံးပြုမှု၏ သက်ရောက်မှုကိုဖော်ပြသည့် ရုပ်ပုံကားချပ်တစ်ခုတို့ကိုအချိန်နှင့်တပြေးညီ ပြင်ဆင် ဖြည့်စွက်ထုတ်ပြန်ခဲ့သည်။[၁၅၃]

၂၀၁၆ ခုနှစ်မှစ၍ မြန်မာနိုင်ငံတွင် လုပ်ငန်းဆောင်ရွက်နေသော နိုင်ငံတကာအဖွဲ့အစည်းများအား သတ်မှတ်နေရာများတွင် နည်း ပညာမသုံးသော စစ်တမ်းကောက်ရန်ခွင့်ပြုပေးခဲ့သည်။ DCA, DRC, HALO Trust နှင့် MAG တို့သည် နည်းပညာမသုံးသော စစ်တမ်းကောက်ယူမှုများကို ၂၀၁၈ နှင့် ၂၀၁၉ ခုနှစ်များတွင် ပြုလုပ်ခဲ့ကြသည်။ အဖွဲ့အစည်းများအနေဖြင့် ပြည်နယ်တစ်ခုလုံးတွင် စစ်တမ်းမကောက်ယူနိုင်ခဲ့သည့်အတွက် မိုင်းပျံ့နှံ့မှု၏ အခြေခံအဆင့်ကို သတ်မှတ်ဆုံးဖြတ်ရန်မဖြစ်နိုင်ခဲ့ကြပါ။

၂၀၂၀ ခုနှစ်၊ ဇန်နဝါရီလတွင် မိုင်းလုပ်ငန်းဆောင်ရွက်သည့် အဖွဲ့အစည်းများအနေဖြင့် IMAS နှင့်အညီ အမှတ်အသားပြုလုပ်ခြင်း နှင့် ကာရံခြင်းတို့ကို စတင်ဆောင်ရွက်ရန် ခွင့်ပြုချက်ရရှိခဲ့သည်။[၁၅၄] ထိုအချိန်တွင် ပြန်လည်ထူထောင်ရေးဦးစီးဌာနက မိုင်းလုပ်ငန်း ဆောင်ရွက်မှုကဏ္ဍအား ကချင်ပြည်နယ်မှ စစ်ရှောင်ပြည်သူများ ပြန်လာရန်နှင့် ၎င်းတို့အား ပြန်လည်နေရာချထားရန် သတ်မှတ် ထားသည့်နေရာများတွင် နည်းပညာဆိုင်ရာ စစ်တမ်းကောက်ခြင်း၊ အမှတ်အသားပြုလုပ်ခြင်းနှင့် အကာအရံပြုလုပ်ခြင်းများကို ဦးစားပေးဆောင်ရွက်စေခဲ့သည်။[၁၅၅] သို့ရာတွင် ၂၀၂၀ ခုနှစ်သို့ ရောက်သည့်အခါ COVID-19 ကပ်ရောဂါကြောင့် ခရီးသွားခြင်း၊ လူစုလူဝေးပြုလုပ်ခြင်းတို့တွင် ကန့်သတ်ချက်များကြောင့် နည်းပညာမသုံးသော စစ်တမ်းကောက်ယူမှုကို မပြုလုပ်နိုင်ခဲ့ပါ။[၁၅၆] ၂၀၂၁ နှင့်

---

၁၅၃။ MIMU "မြေမြှုပ်မိုင်းရှိသည်ဟု သံသယရှိသော မြို့နယ်များ ၁၉၉၉-၂၀၂၁ခုနှစ် ၊ နှင့် မြန်မာနိုင်ငံ၌ ထိခိုက်ဒဏ်ရာရ၊ သေဆုံးမှုများ ၂၀၂၀ခုနှစ်" ၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလ၊ ရုပ်ပုံကားချပ်တွင် စောင့်ကြည့်လေ့လာရေးအဖွဲ့၏ ၁၄ နှစ်တာ အချက်အလက်များ ခြုံငုံသုံးသပ်ချက် (၂၀၀၇-၂၀၂၁) ကိုဖော်ပြထားပြီး၊ မြန်မာဘာသာဖြင့်လည်း ရရှိနိုင်သည်။ ၎င်းရုပ်ပုံကားချပ်သည် တောင်းဆိုခံရမှု အများဆုံး ထုတ်လုပ်မှုများထဲမှ တစ်ခုဖြစ်သည်ဟု MIMU က စောင့်ကြည့်လေ့လာရေးအဖွဲ့အား အစီရင်ခံခဲ့သည်။ ပြင်ဆင်ဖြည့်စွက်ထားသော နိုင်ငံမြေပုံ ရုပ်ပုံကားချပ်ကို ၂၀၂၂ ခုနှစ်၊ နှစ်ကုန်တွင် ထုတ်ပြန်သွားမည်ဖြစ်သည်။

၁၅၄။ စောင့်ကြည့်လေ့လာရေးအဖွဲ့၏ မေးမြန်းမှုကို MAG မြန်မာ၏ Country Programme Manager, Bekim Shala ၏ ဖြေကြားချက်၊ ၂၀၂၀ ခုနှစ်၊ မေလ ၂၅ရက်

၁၅၅။ Durable Peace Programme, "Mine Risks in IDP Return and Resettlement Sites in Kachin State: Baseline Survey Results from DPP-MAG Joint Deployments," June 2020.

၁၅၆။ စောင့်ကြည့်လေ့လာရေးအဖွဲ့၏ မေးမြန်းမှုကို DRC မြန်မာ၏ Head of Programme, Liam Harvey ၏ ဖြေကြားချက်၊ ၂၀၂၁ ခုနှစ်၊ ဩဂုတ်လ ၂၆ ရက်နှင့် HALO Trust မြန်မာ၏ Programme Manager , Stephen Hall ၏ ဖြေကြားချက်၊ ၂၀၂၁ ခုနှစ်၊ ဩဂုတ်လ ၃၁ ရက်။

၂၀၂၂ ခုနှစ်များတွင် လက်နက်ကိုင်ပဋိပက္ခနှင့် SAC က ပြဌာန်းသော ခရီးသွားလာရေး ကန့်သတ်ချက်များက လုပ်ငန်းများ အားလုံးကို ဆိုးရွားစွာ တားမြစ်ကန့်သတ်လိုက်တော့သည်။

ယခင်ကာလများတွင် DRC က ၂၀၂၂ ခုနှစ်၊ နှစ်ဦးပိုင်းတွင် လုပ်ငန်းစတင်ရန်ရည်စူးပြီး၊ ကချင်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းတွင် နည်းပညာမသုံးသော စစ်တမ်းကောက်ယူရန် စီစဉ်ထားခဲ့သည်။ ၂၀၂၀ နှင့် ၂၀၂၁ ခုနှစ်များတွင် မိုင်းပျံ့နှံ့မှုရှိနိုင်သော ကျေးရွာများ တွင် နည်းပညာမသုံးသော စစ်တမ်းလုပ်ငန်းများကို ရှာဖွေဖော်ထုတ်ရန်အတွက် ကျေးရွာပေါင်း ၃၁ ရွာတွင် မြေပုံရေးဆွဲခြင်းကို ပြုလုပ်ခဲ့သည်။ HALO Trust က ၂၀၂၀ ခုနှစ်၊ နှစ်ဦးပိုင်းတွင် ကရင်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းတွင် နည်းပညာမသုံးသော စစ်တမ်းကောက်ခဲ့သော်လည်း COVID-19 ကန့်သတ်ချက်များကြောင့် လုပ်ငန်းများကို ရပ်ဆိုင်းခဲ့ရသည်။[၁၅၇] ၂၀၂၀ ခုနှစ်၊ ဇန်နဝါရီ မှ မတ်လအတွင်း နှင့် စက်တင်ဘာလများတွင် MAG က တနင်္သာရီတိုင်းတွင် နည်းပညာမသုံးသော စစ်တမ်း ကောက်ယူခဲ့ပြီး COVID-19 ကန့်သတ်ချက်များကြောင့် ၂၀၂၀ ခုနှစ်တွင် အမှတ်အသားပြုလုပ်ခြင်းကို မဆောင်ရွက်ခဲ့ပါ။ ၂၀၂၁ ခုနှစ်၊ ဩဂုတ်လကုန်အထိ MAG အနေဖြင့် မြန်မာနိုင်ငံတွင် နည်းပညာမသုံးသော စစ်တမ်းကောက်ယူမှု နောက်ထပ် မပြုလုပ်နိုင်ခဲ့ပါ။[၁၅၈]

ပဲခူးတိုင်းမှ လယ်သမားများက မိုင်းအန္တရာယ်ရှိကြောင်းအသိပေးရန်နှင့် လူများဝင်ရောက်ခြင်းမပြုရန် ထွန်ယက်စိုက်ပျိုးစဉ်တွေ့ရသော မိုင်းရှိသည့်နေရာများအား အမှတ်အသားပြုလုပ်ခဲ့သည်။[၁၅၉]

## မိုင်းရှင်းလင်းရေး

လူသားချင်းစာနာမှုဆိုင်ရာ မိုင်းလုပ်ငန်းဆောင်ရွက်သူများအား မိုင်းရှင်းလင်းရေးလုပ်ဆောင်ရန် အစိုးရမှဖြစ်စေ၊ တိုင်းရင်းသား လူနည်းစုဒေသများ၏ အာဏာပိုင်များကဖြစ်စေ မည်သည့်အခါမှ ခွင့်ပြုခဲ့ခြင်းမရှိပါ။ ၂၀၂၁ ခုနှစ် နှင့် ၂၀၂၂ ခုနှစ်၊ နှစ်ဦးပိုင်းအထိ ထိုအတိုင်းပင်ဖြစ်ခဲ့သည်။ တပ်မတော်က မိုင်းရှင်းလင်းရေးလုပ်ငန်းအချို့လုပ်ဆောင်ခဲ့သော်လည်း၊ စံချိန်စံညွှန်းများကို မသိရှိရပါ။ မိုင်းရှင်းလင်းပြီးသော မြေအကျယ်အဝန်းပမာဏနှင့် ဖျက်ဆီးခဲ့သောလူသတ်မိုင်းများ အရေအတွက်ကို ထုတ်ဖော်ပြောဆိုခြင်းမရှိခဲ့ပါ။

၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလတွင် စစ်ဘေးရှောင်ဒုက္ခသည်များ နေရပ်ပြန်လာမည်ဟု ခန့်မှန်းထားသည့် ရခိုင်ပြည်နယ်ရှိ မြို့နယ်များတွင် တပ်မတော်က မိုင်းရှင်းလင်းရေးဆောင်ရွက်ခဲ့ကြောင်းသိရသည်။ တစ်လကြာ လုပ်ငန်းဆောင်ရွက်ပြီးနောက် တပ်မတော် အရာရှိတစ်ဦးက မိုင်းရှင်းလင်းရေးလုပ်ဆောင်ခဲ့သည့် အမ်း-စစ်တွေ အဝေးပြေးလမ်းတစ်လျှောက်တွင် မိုင်းမတွေ့ရှိကြောင်း ပြောကြားခဲ့သည်။[၁၆၀] ၂၀၂၁ ခုနှစ်၊ မတ်လ ၃၁ ရက်တွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီး ဒေါက်တာ သက်သက်ခိုင်က ရခိုင်ပြည်နယ်တွင် စစ်ဘေးရှောင်ပြည်သူများအား ၎င်းတို့တို့၏ မူလရပ်ရွာများတွင် ပြန်လည်နေရာချထားနိုင်ရေးအတွက် မြေမြှုပ် မိုင်းရှင်းလင်းရေးကို အလေးထားဆောင်ရွက်နေကြောင်းပြောကြားခဲ့သည်။[၁၆၁] သို့ရာတွင် ရှင်းလင်းရေးလုပ်ငန်းများသည် စနစ် တကျ မဟုတ်ဘဲ၊ အစီအစဉ်တွင် မြို့နယ်အားလုံးလည်းမပါဝင်ပါ။[၁၆၂] ၂၀၂၁ ခုနှစ်၊ မတ်လတွင် တပ်မတော်နှင့် ရခိုင့်တပ်တော် (AA) တို့က ယခင်ကာလများအတွင်း တိုက်ပွဲဖြစ်ပွားခဲ့သော တောင်တန်းနှင့် တောအုပ်များအတွင်း မိုင်းရှင်းလင်းရေးလုပ်ဆောင်ရန် ညှိနှိုင်းခဲ့ကြသည်ဟု သိရသည်။[၁၆၃]

မိုင်းရှင်းလင်းရေးတွင် ပါဝင်လုပ်ဆောင်သော တာဝန်ရှိသူများအား သင်တန်းပေးရန်နှင့် ၎င်းတို့ပါဝင်ပြီး မိုင်းရှင်းလင်းရေးလုပ်ငန်းဆိုင်ရာ စံချိန်စံညွှန်းများ ရေးဆွဲရန်ဆိုသည့် ICRC ၏ အစီအစဉ်သည် အာဏာသိမ်းမှုကြောင့် ရပ်ဆိုင်းသွားခဲ့သည်။[၁၆၄]

၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလတွင် လူသားချင်းစာနာမှုဆိုင်ရာ အဖွဲ့တစ်ခုဖြစ်သည့် Free Burma Rangers က ၎င်း၏ တပ်ဖွဲ့ဝင်သစ်များ အား မိုင်းအမျိုးအစားသတ်မှတ်ခြင်းနှင့် အရေးပေါ်မိုင်းရှင်းလင်းရေး လုပ်ထုံးလုပ်နည်းများနှင့် စပ်လျဉ်း၍ သင်တန်းပို့ချသည်။[၁၆၅] ခရီးစဉ်များအတွင်း ကြုံတွေ့ရသော မြေမြှုပ်မိုင်းအား Free Burma Rangers အဖွဲ့မှ တာဝန်ရှိသူများက ဖယ်ရှားပြီး တိုင်း

၁၅၇။ Ibid

၁၅၈။ စောင့်ကြည့်လေ့လာရေးအဖွဲ့၏ မေးမြန်းမှုကို MAG မြန်မာ၏ Programme Officer, Sofia Raineri ၏ ဖြေကြားချက်၊ ၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ ၃ ရက်။

၁၅၉။ ကရင်လူ့အခွင့်အရေးအဖွဲ့ (KHRG)၊ " ကရင်လူ့အခွင့်အရေးအဖွဲ့၏ မြေမြှုပ်မိုင်းစောင့်ကြည့်လေ့လာရေးအဖွဲ့သို့ တင်ပြချက်" ၂၀၂၁ ခုနှစ်၊ ဩဂုတ်လ။ ၂၀၂၀ ခုနှစ်၊ ဩဂုတ်လတွင် ပဲခူးတိုင်း၊ တန်းတပင်မြို့နယ်မှ လယ်သမားများက စိုက်ပျိုးရန် လယ်မြေယာများ ခုတ်ထွင်ရှင်းလင်းရာတွင် မိုင်းများကို တစ်ခါတစ်ရံ တွေ့ရှိကြောင်းနှင့် ထိုနေရာများတွင် မိုင်းရှိကြောင်း နှင့် မသွားလာရန် သတိပေးအမှတ်အသား၊ သို့မဟုတ် အန္တရာယ်အမှတ်အသား ပြုလုပ်ထားကြောင်း KHRG က ပြောကြားခဲ့သည်။

၁၆၀။ "အမ်းမြို့မှ ဒေသခံများက ကားလမ်းနှင့် လူသွားလမ်းများထက် တောအုပ်များ၊ တောင်ကုန်းများမှ မြေမြှုပ်မိုင်းများအား ရှင်းလင်းပေးရန် တပ်မတော်အား တိုက်တွန်း" Development Media Group (DMG), 9 March 2021; and "Landmine clearance said to make way for IDPs in some Arakan townships," DMG, 25 February 2021.

၁၆၁။ "Quick win projects intended to narrow development gap between Rakhine State and other states," Global New Light of Myanmar, 31 March 2021, p. 12.

၁၆၂။ "ရခိုင်ပြည်နယ်တွင် မိုင်းရှင်းလင်းရေးထိရောက်မှုမရှိ" Burma News International (BNI), 25 May 2021.

၁၆၃။ "တပ်မတော်နှင့် AA တို့ ရခိုင်တောအုပ်များမှ မြေမြှုပ်မိုင်းများရှင်းလင်းရေးညှိနှိုင်း" DMG, 10 March 2021.

၁၆၄။ ICRC "နှစ်စဉ်အစီရင်ခံစာ၊ ၂၀၂၁ ခုနှစ်"၊ ၂၀၂၂ ခုနှစ်၊ ဇူလိုင်လ ၂၇ ရက်၊ စာ-၃၃၂။

၁၆၅။ Free Burma Rangers, "Historic FBR Graduation: First Burman Teams Trained and Largest Graduating Class," 3 January 2022.

ရင်းသား တော်လှန်ရေးအဖွဲ့အစည်းများ (EROs)သို့ လွှဲပြောင်းပေးအပ်သည်၊ သို့တည်းမဟုတ် EROs တပ်ဖွဲ့များက တိုက်ရိုက်ဖယ်ရှားသည်။ ၂၀၂၂ ခုနှစ်၊ ဖွန်လတွင် ကယားပြည်နယ်၊ ဒီးမော့ဆိုမြို့နယ်မှ Free Burma Rangers တပ်ဖွဲ့ဝင်ဒေါ်ဉေးရူသည် တပ်မတော်၏ တိုက် ခိုက်မှုပြီးသည့်နောက် ကြုံတွေ့ရသော မိုင်းများကို ချက်ချင်းဖယ်ရှားပစ်ခဲ့သည်။[၁၆၆]

ကယားပြည်နယ်တွင် ၂၀၂၂ ခုနှစ်အတွင်း မြေမြှုပ်မိုင်း ဖယ်ရှားရှင်းလင်းခြင်းကို အစိုးရမဟုတ်သော လက်နက်ကိုင်တပ်ဖွဲ့ဝင်များက ကျွမ်းကျင်မှု သင်တန်းမရှိဘဲ ရသမျှအခြေခံပစ္စည်းကိရိယာများဖြင့် လုပ်ဆောင်ကြကြောင်းသိရသည်။[၁၆၇]

## မိုင်းရှင်းလင်းသူဘေးကင်းလုံခြုံရေး

မိုင်းလုပ်ငန်းဆောင်ရွက်မှုသည် COVID-19 ကပ်ရောဂါနှင့် မြန်မာနိုင်ငံတွင် ၂၀၂၁ ခုနှစ် အာဏာသိမ်းချိန်မှစ၍ ပြောင်းလဲလာသော နိုင်ငံရေးအခြေအနေနှင့် လူထုမငြိမ်သက်မှုတို့၏ သက်ရောက်မှုဒဏ်ကိုခံရသည်။ မိုင်းလုပ်ငန်းဆောင်ရွက်မှုများသည် ဒေသအလိုက် COVID-19 ကပ်ရောဂါကြောင့် အဝင်အထွက်၊ အသွားအလာကန့်သတ်ပိတ်ပင်ခြင်း၊ ဆက်သွယ်ရေးဆိုင်ရာ ကန့်သတ်ချက်များ၊ ဘဏ်စသည့် မရှိမဖြစ် ဝန်ဆောင်မှုလုပ်ငန်းများရပ်တန့်ခြင်း နှင့် ခရီးသွားလာရေးကန့်သတ်ချက်များကြောင့် ထိခိုက်သက်ရောက်မှုရှိခဲ့သည်။ လုပ်ငန်းဆောင်ရွက်သူများက ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် လုံခြုံရေးအစီအစဉ်များကို တိုးမြှင့် ချမှတ်ထားကြသည်။

## မိုင်းအန္တရာယ်ပညာပေးရေး

**လုပ်ငန်းဆောင်ရွက်သူများနှင့် ဝန်ဆောင်မှုပေးသူများ**

**မိုင်းအန္တရာယ်ပညာပေးရေးလုပ်ငန်းဆောင်ရွက်သူများ**[၁၆၈]

| အဖွဲ့အစည်းအမျိုးအစား | အဖွဲ့အစည်းအမည် | လုပ်ငန်းအမျိုးအစား |
|---|---|---|
| အစိုးရကိုယ်စား | ပြန်လည်ထူထောင်ရေး ဦးစီးဌာန | မိုင်းအန္တရာယ်ပညာပေးရေးလုပ်ငန်းအဖွဲ့တွင်ဥက္ကဌတာဝန်ဖြင့် ပေါင်းစပ်ညှိနှိုင်းခြင်း |
| | ပညာရေးဦးစီးဌာန | ကရင်ပြည်နယ်တွင် မိုင်းအန္တရာယ်ပညာပေးခြင်း |
| နိုင်ငံအဆင့် | ကရင်လူမျိုးများ IDPs ကော်မတီနှင့် ကရင် ကျောင်းဆရာ/ဆရာမ များလုပ်ငန်းအဖွဲ့ | လူသားချင်းစာနာမှုဆိုင်ရာအကူအညီပေးရေးနှင့် စည်းရုံးလှုံ့ဆော်မှုတို့နှင့် တွဲဖက်၍ မိုင်းအန္တရာယ် ပညာပေးခြင်း၊ NPA နှင့် မိတ်ဖက်ဆောင်ရွက်ခြင်း |
| | ကရင်ဖွံ့ဖြိုးရေးကွန်ရက် | ရပ်ရွာအခြေပြု မိုင်းအန္တရာယ်ပညာပေးခြင်း |

၁၆၆။ စောင့်ကြည့်လေ့လာရေးအဖွဲ့က Free Burma Rangers တည်ထောင်သူ David Eubank နှင့် တွေ့ဆုံမေးမြန်းခဲ့သည်။ ၂၀၂၂ ခုနှစ်၊ ဇူလိုင် ၁၅ ရက်၊ မြန်မာစစ်တပ် က KNDF နှင့် တိုက်ပွဲဖြစ်ပြီးတော့ ထွက်သွားကြောင်း၊ ထိုနောက်တွင် Free Burma Rangers အဖွဲ့က မီးလောင်နေသော ဘုရားကျောင်းဝင်းအတွင်း မိုင်း ၃ လုံးကို တွေ့ခဲ့ကြောင်း၊ KNDF က နောက်ထပ် မိုင်း ၄လုံးကို တွေ့ခဲ့ပြီး၊ တစ်လုံးကို ၁၆ နှစ်သား လူငယ်လေးတစ်ဦးက နင်းမိခဲ့ကြောင်း၊ ထွက်ခွာသွားသည့် စစ်သားများ ချန်ထားခဲ့သော အိတ်များ၊ ခြင်းတောင်းများတွင် အနည်းဆုံး မိုင်းတစ်လုံးစီပါရှိကြောင်း နှင့် အချို့တွင် မိုင်း ၆လုံးအထိပါရှိပြီး၊ စက်ရုံထုတ် အသစ်ထုပ်ပိုးထားခြင်း ဖြစ်ကြောင်း ၎င်းကပြောပြသည်။

၁၆၇။ အပြည်ပြည်ဆိုင်ရာလွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့၊ " မြန်မာ့တပ်မတော်က ကယားပြည်နယ်တွင် တားမြစ်ထားသော မြေမြှုပ်မိုင်းများ အသုံးပြုမှုသည် စစ်ရာဇဝတ်မှု မြောက်သည်"၊ ၂၀၂၂ ခုနှစ်၊ ဇူလိုင်လ ၂၀ ရက်

၁၆၈။ စောင့်ကြည့်လေ့လာရေးအဖွဲ့၏ မေးမြန်းမှုကို ပြန်လည်ထူထောင်ရေးဦးစီးဌာန၊ ဒု-ညွှန်ကြားရေးမှူး ဦးစည်သူဝင်း ၏ ဖြေကြားချက်၊ ၂၀၂၁ ခုနှစ်၊ မတ်လ ၁၁ ရက်။ HI ၏ Regional Programme Director, Fabrice Vandeputte ၏ ဖြေကြားချက်၊ ၂၀၂၁ ခုနှစ်၊ မေလ ၁၄ ရက်။ ICRC မြန်မာ၏ Weapon Contamination Coordinator, Bishnu Mahat ၏ ဖြေကြားချက်၊ ၂၀၂၁ ခုနှစ်၊ ဩဂုတ်လ ၃၁ ရက်။ HALO Trust မြန်မာ၏ Programme Manager, Geoff Moynan ၏ ဖြေကြားချက်၊ ၂၀၂၁ ခုနှစ်၊ မတ်လ ၄ရက်။ HI မြန်မာ၏ Field Coordinator , Michael Horita ၏ ဖြေကြားချက်၊ ၂၀၂၁ ခုနှစ်၊ မတ်လ ၁၆ရက်။ DCA/ Norwegian Church Aid (NCA) မြန်မာ၏ Head of Humanitarian Response and Mine Action, Matthew Walsh ၏ ဖြေကြားချက်၊ ၂၀၂၁ ခုနှစ်၊ စက်တင်ဘာ ၁၃ ရက်။ "The MIMU 5W: Who is doing What, Where, When, and for Whom," undated; Land Portal, "Committee for Internally Displaced Karen People," undated; Durable Peace Programme, "Ta-ang Student Youth Union (TSYU)," undated; United Nations Office for the Coordination of Humanitarian Affairs (UNOCHA), "Mine Risk Education in Myanmar: When Knowledge is Power," 6 March 2019; Durable Peace Programme, "Nyein (Shalom Foundation)," undated; Durable Peace Programme, "Wunpawng Ninghtoi (WPN)," undated; DCA, "DCA and NCA in Myanmar," undated; and Johanniter International Assistance (JOIN), "International Assistance in Myanmar," undated.

| | | |
|---|---|---|
| | ကရင်နီ လူမှုဖူလုံရေးနှင့် ဖွံ့ဖြိုးရေးစင်တာ | မိုင်းအန္တရာယ်ပညာပေးခြင်းနှင့် မိုင်းဒုက္ခသည်ဆိုင်ရာ အချက်အလက် ကောက်ယူခြင်းတို့ကို လုပ်ဆောင်ရန် ကရင်နီပြည်နယ် မိုင်းအန္တရာယ် ပညာပေးရေးအဖွဲ့ကို ၂၀၁၆ ခုနှစ်တွင် တည်ထောင်ခဲ့သည်။ |
| | ဒေသဖွံ့ဖြိုးရေးကွန်ရက် | ရပ်ရွာအခြေပြု မိုင်းအန္တရာယ်ပညာပေးခြင်း |
| | တအောင်းကျောင်းသား လူငယ်သမဂ္ဂ | ရှမ်းပြည်နယ်တွင် မိုင်းအန္တရာယ် ပညာပေးခြင်း၊ DCA နှင့် မိတ်ဖက် ဆောက်ရွက်ခြင်း |
| | ငြိမ်း(ရှလွမ်)ဖောင်ဒေးရှင်း | ငြိမ်းချမ်းရေးတည်ဆောက်မှုနှင့် ငြိမ်းချမ်းရေးဆိုင်ရာ ပညာပေးခြင်းတို့နှင့် တွဲဖက်၍ မိုင်းအန္တရာယ်ပညာပေးခြင်း |
| | ရာမညငြိမ်းချမ်းရေး ဖောင်ဒေးရှင်း | ရပ်ရွာအခြေပြု မိုင်းအန္တရာယ်ပညာပေးခြင်း၊ NPA နှင့် မိတ်ဖက် ဆောင်ရွက်ခြင်း |
| | ဝမ်ပေါင်နမ်ထွယ် | အသက်မွေးဝမ်းကြောင်းအထောက်အပံ့အပါအဝင်၊ IDPs များအား ကူညီထောက်ပံ့သည့်လုပ်ငန်းများ၊ ပရောဂျက်များနှင့် တွဲဖက်၍ မိုင်းအန္တရာယ် ပညာပေးခြင်း |
| | မြန်မာနှလုံးသားဖွံ့ဖြိုးရေး အဖွဲ့ (MHDO) | ရပ်ရွာအခြေပြု မိုင်းအန္တရာယ်ပညာပေးခြင်းနှင့်အသက်မွေးဝမ်းကြောင်း အထောက်အပံ့ပေးခြင်း |
| | မြန်မာနိုင်ငံကြက်ခြေနီ အသင်း (MRCS) | ရပ်ရွာအခြေပြု မိုင်းအန္တရာယ်ပညာပေးခြင်း |
| | ကချင်နှစ်ခြင်းအသင်းတော် (KBC) | IDP စခန်းများမှ ဆရာ၊ဆရာများအား မိုင်းအန္တရာယ် ပညာပေး ရန်အတွက် သင်တန်းပေးခြင်း၊ HI နှင့် မိတ်ဖက်ဆောင်ရွက်ခြင်း |
| | ကချင်ဖွံ့ဖြိုးရေးအဖွဲ့ | HI နှင့် မိတ်ဖက်ပြု၍ မိုင်းအန္တရာယ်ပညာပေးခြင်း |
| | ရှမ်းတောင်လူငယ် စွမ်းဆောင်ရည်မြှင့်တင်ရေး စင်တာ | ရှမ်းပြည်နယ်တွင် မိုင်းအန္တရာယ်ပညာပေးခြင်းနှင့် ရှေးဦးပြုစုခြင်း သင်တန်းပေးခြင်း၊ HALO Trust နှင့် မိတ်ဖက်ဆောင်ရွက်ခြင်း |
| | Never End Tomorrow | ကချင်ပြည်နယ်တွင် မိုင်းအန္တရာယ်ပညာပေးခြင်း၊ HALO Trust နှင့် မိတ်ဖက် ဆောင်ရွက်ခြင်း |

| | | |
|---|---|---|
| နိုင်ငံတကာ | Dan Church Aid (DCA), Norwegian Church Aid (NCA) | ပဲခူးတိုင်းနှင့် ချင်း၊ ကယား၊ ကရင်၊ မွန်နှင့် ရှမ်းပြည်နယ်များတွင် သဘာဝဘေး အန္တရာယ်နှင့် လက်နက်ကိုင်ပဋိပက္ခ များ၏ သက်ရောက်မှုများကို ကုစားရေး အစီအစဉ်တစ်ရပ်နှင့် တွဲဖက်၍ မိုင်း အန္တရာယ်ပညာပေးခြင်း |
| | Danish Refugee Council (DRC) | ကယားနှင့် ရှမ်းပြည်နယ်တို့တွင် နည်း ပညာမဟုတ်သော စစ်တမ်း ကောက်ယူ ခြင်းနှင့် တွဲဖက်၍ မိုင်းအန္တရာယ်ပညာပေး ခြင်း အစီအစဉ်များ ဖြင့် ပညာပေးခြင်း |
| | HALO Trust | ကချင်၊ ကရင်နှင့် ရှမ်းပြည်နယ်များရှိ ရပ် ရွာအခြေပြုလုပ်ငန်း အကောင်အထည် ဖော်သူ ၇၅၀ ဦးအား မိုင်းအန္တရာယ်နှင့် ရှေးဦး ပြုစုခြင်း ပညာပေးခြင်း |
| | Humanity & Inclusion (HI) | ကချင်၊ ကရင်ပြည်နယ်တို့နှင့် ပဲခူးတိုင်း တို့မှ အကောင်အထည်ဖော်ရေး မိတ်ဖက် များအား သင်တန်းပေးခြင်း |
| | အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ (ICRC) | အရေးပေါ် မိုင်းအန္တရာယ်ပညာပေးခြင်း- မြန်မာနိုင်ငံကြက်ခြေနီ အသင်း၏စေတ နာ့ဝန်ထမ်းများမှတစ်ဆင့် ရပ်ရွာများတွင် မိုင်းအန္တရာယ်ပညာပေးခြင်း၊ စာသင် ကျောင်းများတွင် ပညာပေးခြင်း၊ ရပ်ရွာမှ စေတနာ့ဝန်ထမ်း များအား သင်တန်းပေး ခြင်းနှင့် လူသားချင်းစာနာမှုဆိုင်ရာ အဖွဲ့များအား မိုင်းအန္တရာယ်အသိအမြင် ဖွင့် ဆွေးနွေးနေခြင်း၊ |
| | Johaniter Int’ Assitance (JOIN) | ရေရရှိရေး၊ ပတ်ဝန်းကျင်နှင့် တစ်ကိုယ် ရည်သန့်ရှင်းရေး၊ အာဟာရ၊ ကျန်းမာရေး နှင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ ကြို တင်ပြင်ဆင်မှု စသည့် ပိုမိုကျယ်ပြန့်သည့် လူသားချင်းစာနာမှုဆိုင်ရာ လုပ်ငန်းများ နှင့် တွဲဖက်၍ မိုင်းအန္တရာယ်ပညာပေးခြင်း |
| | Mines Advisory Group (MAG) | ကချင်၊ ကယား၊ ကရင်၊ ရှမ်းပြည်နယ်များ နှင့် တနင်္သာရီတိုင်းရှိ IDP စခန်း နှင့် ကျေး ရွာများတွင် ရပ်ရွာချိတ်ဆက်ရေးလုပ်ငန်း စဉ်များနှင့် ချိတ်ဆက် ၍ မိုင်းအန္တရာယ်ပ ညာပေးခြင်း၊ ရေရှည်တည်တံ့သော ငြိမ်းချ မ်းရေး အစီအစဉ်ဟု ဒေသဆိုင်ရာအဖွဲ့အ စည်း ၁၄ ခု အား မိုင်းအန္တရာယ် ပညာပေး ခြင်းနှင့် စွမ်းရည်မြှင့်တင်ခြင်းဖြင့် ထောက် ပံ့ပေးခြင်း |

| | | |
|---|---|---|
| | Relief International | ရှမ်းပြည်နယ်မြောက်ပိုင်းတွင် မိုင်းအန္တရာယ်ပညာပေးခြင်း |
| | People In Need | လက်ဆင့်ကမ်း ပညာပေးရန် IDPs စခန်းများမှ ဆရာ၊ဆရာမများအား မိုင်းအန္တရာယ်ပညာပေးခြင်း၊ HI နှင့် မိတ်ဖက်ဆောင်ရွက်ခြင်း |

**မှတ်ချက်။** ။ IDP = ပြည်တွင်းနေရပ်စွန့်ခွာရသူများ

## အကျိုးခံစားရသူများအရေအတွက်

**မိုင်းအန္တရာယ်ပညာပေးခြင်းမှ အကျိုးခံစားရသူများ၊ ၂၀၂၁ ခုနှစ်**[၁၆၉]

| လုပ်ငန်းဆောင်ရွက်သူ | အမျိုးသား | ယောက်ျားလေး | အမျိုးသမီး | မိန်းခလေး |
|---|---|---|---|---|
| HALO Trust | ၁၁၀၂၇ | ၁၀၂၁၀ | ၁၂၂၃၉ | ၉၁၅၁ |
| NPA | ၅၈ | ၂၁ | ၂၂၉ | ၆၇ |

ပြန်လည်ထူထောင်ရေးဦးစီးဌာနမှ ၂၀၂၁ ခုနှစ်အတွက် မိုင်းအန္တရာယ်ပညာပေးရေးမှ အကျိုးခံစားရသူဆိုင်ရာအချက်အလက်များ မရရှိခဲ့ပါ။ ၂၀၂၀ ခုနှစ်တွင် မိုင်းအန္တရာယ်ပညာပေးရေးမှ အကျိုးခံစားရသူပေါင်း ၁၀၉၁၈၀ ဦး (ယောက်ျားလေး- ၂၁၀၈၂ ဦး၊ မိန်းခလေး- ၂၄၈၉၁ ဦး၊ အမျိုးသား- ၂၆၇၀၅ ဦး၊ အမျိုးသမီး- ၃၆၅၀၂ ဦး) ရှိသည်ဟု မှတ်တမ်းတင်ထားသည်။ သို့ရာတွင် အချက်အလက်များကို အကျိုးခံစားရသူ စံချိန်စံညွှန်း အဓိပ္ပာယ်ဖွင့်ဆိုချက်များအတိုင်း ကောက်ယူထားခြင်းမဟုတ်ပါ။[၁၇၀] စုစုပေါင်း အရေအတွက်သည် ၂၀၁၉ ခုနှစ်က မြန်မာနိုင်ငံတွင် ၂၈၀,၀၀၀ ဦး အကျိုးခံစားခွင့်ရခဲ့သည်မှ လျော့နည်းသွားခြင်းကို ဖော်ပြသည်။[၁၇၁] အထက်ပါဇယားတွင် ဖော်ပြခဲ့သော အကျိုးခံစားရသူအရေအတွက်သည် မြန်မာနိုင်ငံတွင် လုပ်ငန်းဆောင်ရွက်နေသော နိုင်ငံတကာအဖွဲ့အစည်း ၂ ခုမှသာ ပေးခြင်းဖြစ်သည်။ ၂၀၂၁ ခုနှစ်တွင် အကျိုးခံစားရသူ ၉၈၀၀ ဦးထံ အကူအညီရောက်ရှိခဲ့ ကြောင်း ICRC က ပြောကြားခဲ့သည်။ သို့ရာတွင် အချက်အလက်များတွင် လိင်၊ အသက်အရွယ် ခွဲခြားဖော်ပြမထားပါ။[၁၇၂]

၂၀၂၂ ခုနှစ်၊ ဩဂုတ်လ ၂၆ ရက်အထိ မိုင်းအန္တရာယ်ပညာပေးရေးကို အဖွဲ့အစည်း ၉ဖွဲ့ကသာ လုပ်ဆောင်ခဲ့သည်ဟု MIMU က ထုတ်ဖော်ပြောကြားခဲ့သည်။[၁၇၃] မြန်မာနိုင်ငံတွင် မိုင်းအန္တရာယ်ပညာပေးရေး လုပ်ဆောင်သော အဖွဲ့အစည်းများသည် အများအားဖြင့် ကချင်၊ ကယား၊ ကရင်၊ မွန်၊ ရခိုင်နှင့် ရှမ်းပြည်နယ်များနှင့် ပဲခူးနှင့် တနင်္သာရီတိုင်းဒေသကြီးများတွင် စုပြုံနေလေ့ရှိသည်။[၁၇၄]

## အကောင်အထည်ဖော်ဆောင်ရွက်ခြင်း

### ဦးစားပေးရည်ရွယ်သည့်အစုအဖွဲ့များ

အာဏာမသိမ်းမီကရှိခဲ့သည့် ဦးစားပေးရွေးချယ်မှုယန္တရားသည် လက်လှမ်းမီမှုနှင့် လုံခြုံရေးဆိုင်ရာ ကန့်သတ်ချက်များကြောင့် လက်တွေ့မကျတော့ပါ။ ဦးစားပေးရည်ရွယ်သည့် နေရာဒေသများအား ရပ်ရွာများနှင့် မိတ်ဖက်အဖွဲ့အစည်းများမှ ရရှိသော အချက်အလက်များနှင့် မြေပြင်ကွင်းဆင်းဆောင်ရွက်နေသည့် အဖွဲ့များမှ နောက်ဆုံးရ သတင်းအချက်အလက်များအား တိုက်ဆိုင်စစ်ဆေး၍ HALO Trust က ရှာဖွေဖော်ထုတ်ခဲ့သည်။[၁၇၅]

နေရပ်စွန့်ခွာရသူများ၊ နေရပ်ပြန်သူများနှင့် လက်နက်ကိုင်ပဋိပက္ခဒဏ်ခံရသော ပြည်သူလူထုသည် မြန်မာနိုင်ငံတွင် မိုင်းအန္တရာယ် ပညာပေးရေးအတွက် အရေးပါသော ဦးစားပေးရည်ရွယ်သည့် အစုအဖွဲ့ဖြစ်သည်။ စစ်ရှောင်စခန်းများ၊ သို့မဟုတ် လက်

---

၁၆၉။ HALO Trust မြန်မာ၏ Programme Manager, Jane Strangeways ၏ အီးမေးလ်၊ ၂၀၂၂ ခုနှစ်၊ ဧပြီလ ၅ ရက်နှင့် NPA မြန်မာ၏ Operations Coordinator ဦးကျော်ကျော်ဦး၏ အီးမေးလ်၊ ၂၀၂၂ ခုနှစ်၊ မတ်လ ၃၁ ရက် တို့မှရရှိသော အချက်အလက်များ။

၁၇၀။ စောင့်ကြည့်လေ့လာရေးအဖွဲ့၏ မေးမြန်းမှုကို ပြန်လည်ထူထောင်ရေးဦးစီးဌာန၊ ဒု-ညွှန်ကြားရေးမှူး ဦးစည်သူဝင်း၏ ဖြေကြားချက်၊ ၂၀၂၁ ခုနှစ်၊ မတ်လ ၁၉ ရက်။

၁၇၁။ "Statement of Myanmar, Mine Ban Treaty Fourth Review Conference, Oslo", 25–29 November 2019.

၁၇၂။ ICRC ၊ "နှစ်စဉ်အစီရင်ခံစာ၊ ၂၀၂၁ခုနှစ်" ၂၀၂၂ ခုနှစ်၊ ဇူလိုင်လ ၂၇ ရက်၊ စာ-၃၃၂။

၁၇၃။ MIMU, "The MIMU 5W: Who is doing What, Where, When, and for Whom," undated.

၁၇၄။ MIMU, "Countrywide Overview – MIMU 3W," May 2021; and UNICEF, "Mine Action in Myanmar Fact Sheet (as of 31st March 2020)," April 2020.

၁၇၅။ စောင့်ကြည့်လေ့လာရေးအဖွဲ့၏ မေးမြန်းမှုကို HALO Trust မြန်မာ၏ Programme Manager, Jane Strangeways ၏ ဖြေကြားချက်၊ ၂၀၂၂ ခုနှစ်၊ ဧပြီလ ၅ ရက်။

ခံထားသည့် ရပ်ရွာဒေသများသို့ ရွှေ့ပြောင်းနေထိုင်ရစဉ်အတွင်း၊ မွေးမြူထားသည့် တိရိစ္ဆာန်များ၊ ပိုင်ဆိုင်မှု၊ လယ်ယာမြေတို့ကို ပြန်ကြည့်ရန် ၎င်းတို့၏မူလကျေးရွာများသို့ ပြန်ကြသည်။ သို့မဟုတ် စခန်းပြင်ပတွင် အသက်မွေးဝမ်းကြောင်းလုပ်ငန်းများမှ ဝင်ငွေ ရှာဖွေကြသည်။ မကျွမ်းကျင်သောနေရာဒေသသို့ ပြောင်းရွှေ့ရောက်ရှိလာကြသော IDPs များသည် မကြာခဏ တောတောင်ထဲတွင် စားစရာရှာဖွေကြရသည်။[၁၇၆] ဖြစ်စဉ်အများအပြားတွင် သတိပေးဆိုင်းဘုတ်များမရှိခြင်းနှင့် နောက်ထပ် မိုင်းပျံ့နှံ့မှုကို သိနိုင်သည့် ဒေသဆိုင်ရာဗဟုသုတ အကန့်အသတ်ရှိခြင်းတို့ကြောင့် ဘေးကင်းသော၊ ဘေးမကင်းသောနေရာဒေသများဆိုင်ရာ သတင်းအချက်အလက်မရှိကြပါ။[၁၇၇]

ကလေးသူငယ်များသည် မိုင်းနှင့် စစ်ကျန်ပေါက်ကွဲပစ္စည်းများ၏ အန္တရာယ်ရှိနေပြီး အထူးသဖြင့် နေရပ်ပြန်လာခြင်း၊ ပြန်လည် နေရာချထားရာနေရာများနှင့် ပဋိပက္ခ၏ သက်ရောက်မှုရှိရာနေရာများတွင်ဖြစ်သည်။ အချို့သော IDPs စခန်းများတွင် မိုင်းအန္တရာယ်ပညာပေးရေးကို အထောက်အပံ့ဖြစ်စေမည့် စာသင်ကျောင်းဆရာများမလုံလောက်ပါ။ အထူးသဖြင့် ဝေးလံသောနေရာများတွင်ဖြစ်သည်။ ကလေးသူငယ်များအတွက် မိုင်းအန္တရာယ်ပညာပေးရေးကို အများအားဖြင့် စာသင်ကျောင်းပြင်ပတွင် လုပ်ဆောင်ကြသည်။[၁၇၈] မသန်စွမ်းသည့် ကလေးသူငယ်များအား လက်လှမ်းမီရန်၊ အထူးသဖြင့် ပို၍ခက်ခဲသည့်အကြောင်းမှာ ၎င်းတို့ရပ်ရွာဒေသများတွင် မြင်တွေ့နိုင်ရန်ခက်ခဲပြီး၊ သင်ထောက်ကူပစ္စည်းများကို နည်းလည်ရန် ခက်ခဲခြင်းတို့ကြောင့် ဖြစ်သည်။[၁၇၉] ၂၀၂၁ ခုနှစ်၊ အာဏာသိမ်းပြီးနောက်တွင် အဖွဲ့အစည်းများအနေဖြင့် တင်းကျပ်သည့် မထိတွေ့၊ မဆက်ဆံရေး မူဝါဒကြောင့် အစိုးရထိန်းချုပ်သည့် နေရာဒေသများတွင် မိုင်းအန္တရာယ်ပညာပေးရေးကို မလုပ်ဆောင်နိုင်တော့ဘဲ၊ ပဋိပက္ခဒဏ်ခံရသော ဒေသ များရှိ စာသင်ကျောင်း အများအပြားသည်လည်း ပို၍မြင့်မားလာသည့် မတည်ငြိမ်မှုများအကြား ပိတ်ထားကြရဆဲဖြစ်သည်။[၁၈၀]

မိမိအိမ်နှင့် ဝေးလံသောနေရာများတွင် စီးပွားရေးလိုအပ်ချက်ကြောင့် သား၊ ငါး ရှာဖွေခြင်း၊ စားစရာရှာဖွေခြင်းစသည့် အသက် မွေးဝမ်းကြောင်းလုပ်ငန်းများကြောင့် အမျိုးသားများသည် အန္တရာယ်ကြုံတွေ့ကြရသည်။ မိုင်းအန္တရာယ်ပညာပေးရေးအဖွဲ့များ လုပ်ငန်းလုပ်ဆောင်ချိန်အတွင်း ၎င်းတို့သည် ကျေးရွာပြင်ပတွင် ရောက်ရှိနေလေ့ရှိသည့်အတွက်၊ အမျိုးသားများအား လက်လှမ်းမီရန်မှာ စိန်ခေါ်မှုဖြစ်သည်ဟု သိရသည်။[၁၈၁] ၂၀၂၁ ခုနှစ်တွင် လက်လှမ်းမီမှု ကန့်သတ်ချက်များကြောင့် မြန်မာနိုင်ငံရှိ ဝေးလံကွာလှမ်းသောနေရာများနှင့် တိုင်းရင်းသား လူနည်းစုဒေသများသို့ ရောက်ရှိရန်မှာ ခက်ခဲနေဆဲဖြစ်ပြီး၊ အထူးသဖြင့် NSAGs ထိန်းချုပ်နယ်မြေများတွင်ဖြစ်သည်။ ဆက်လက်ဖြစ်ပေါ်နေသည့် မလုံခြုံသောအခြေအနေများနှင့် COVID-19 ကပ်ရောဂါကြောင့် အချို့သောနေရာများတွင် လက်လှမ်းမီမှုကို ကန့်သတ်ထားပါသည်။ လုပ်ငန်းဆောင်ရွက်သူများအနေဖြင့် အစိုးရမဟုတ်သည့်အဖွဲ့အစည်းများ ထိန်းချုပ်ထားသည့် နေရာဒေသများ နှင့် မည်သူထိန်းချုပ်ထားမှန်း သေချာမသိရသောဒေသများရှိ IDPs စခန်းအချို့ကို လက်လှမ်းမီရန် အခက်အခဲကြုံတွေ့ ကြရသည်။

## ပညာပေးခြင်းနည်းစနစ်များ

လုပ်ငန်းဆောင်ရွက်သူများအား မိုင်းရှင်းလင်းရေးလုပ်ကိုင်ခွင့် မပြုသောကြောင့် မြန်မာနိုင်ငံ၌ မိုင်းအန္တရာယ်ပညာပေးရေးသည် သီးခြားလုပ်ဆောင်ချက်တစ်ခုဖြစ်နေသည်။ သို့ရာတွင် ယင်းကို တစ်ခါတစ်ရံ နည်းပညာမသုံးသောစစ်တမ်းနှင့် ပေါင်းစပ် ထည့်သွင်း လုပ်ဆောင်ကြသည်။ ပဋိပက္ခ ဆက်လက်ဖြစ်ပွားနေသော နေရာဒေသများတွင် မိုင်းအန္တရာယ်ပညာပေးရေးကို ဒေသခံ မိတ်ဖက်အဖွဲ့အစည်းများမှတစ်ဆင့် လုပ်ဆောင်သည်။

၂၀၂၁ ခုနှစ်အထိ မြန်မာနိုင်ငံတွင် မိုင်းအန္တရာယ်ပညာပေးရာတွင် လူချင်းစုဆုံသင်ကြားခြင်းနှင့်ပုံနှိပ်ထားသော စာရွက်စာတမ်းများအား သင်တန်းတွင်ဖြန့်ဝေခြင်းက အဓိကနည်းစနစ်ဖြစ်နေဆဲဖြစ်သည်။[၁၈၂] ကလေးသူငယ်များအပါအဝင်၊ မသန်စွမ်းသူများ ပါဝင်နိုင်စေရေးအတွက် ရိုးရှင်းလွယ်ကူသော ဘာသာစကားနှင့် လက်လှမ်းမီနိုင်မည့် စာလုံးပုံစံတို့ဖြင့် မိုင်းအန္တရာယ်ပညာပေးရေး အထောက်အကူပစ္စည်းများကို HI က ပြုစုထုတ်ဝေခဲ့သည်။ သတင်းစကားများကို ရေဒီယိုမှတစ်ဆင့်လည်း အသံလွှင့် ထုတ်ပြန်ခဲ့

---

၁၇၆။ Ibid.; and by Fabrice Vandeputte, Regional Programme Director, HI, 14 May 2020.

၁၇၇။ စောင့်ကြည့်လေ့လာရေးအဖွဲ့၏ မေးမြန်းမှုကို ICRC မြန်မာ၏ Weapon Contamination Coordinator Bishnu Mahat ၏ ဖြေကြားချက်၊ ၂၀၂၀ ခုနှစ်၊ မေလ ၁၅ ရက်နှင့် ၂၀၂၁ ခုနှစ်၊ ဩဂုတ်လ ၃၁ ရက်။

၁၇၈။ စောင့်ကြည့်လေ့လာရေးအဖွဲ့၏ မေးမြန်းမှုကို HI ၏ Regional Programme Director. Fabrice Vandeputte ၏ ဖြေကြားချက်၊ ၂၀၂၀ ခုနှစ်၊ မေလ ၁၄ ရက်။

၁၇၉။ စောင့်ကြည့်လေ့လာရေးအဖွဲ့၏ မေးမြန်းမှုကို HI မြန်မာ၏ Field Coordinator, Micheal Horita ၏ ဖြေကြားချက်၊ ၂၀၂၁ ခုနှစ်၊ မတ်လ ၁၆ရက်။

၁၈၀။ စောင့်ကြည့်လေ့လာရေးအဖွဲ့၏မေးမြန်းမှုကို HALO Trust ၏ Programme Manager, Jane Strangeways ၏ ဖြေကြားချက်၊ ၂၀၂၂ ခုနှစ်၊ ဧပြီလ ၅ရက်နှင့် UNICEF, "Myanmar Country Office: Humanitarian Situation Report No.7: 1 July–31 August 2022," undated.

၁၈၁။ စောင့်ကြည့်လေ့လာရေးအဖွဲ့၏ မေးမြန်းမှုကို NPA မြန်မာ၏ Operations Coordinator, ဦးကျော်ကျော်ဦး၏ ဖြေကြားချက်၊ ၂၀၂၁ ခုနှစ်၊ မတ်လ ၁၈ ရက်။

၁၈၂။ စောင့်ကြည့်လေ့လာရေးအဖွဲ့၏ မေးမြန်းမှုကို HALO Trust မြန်မာ၏ Programme Manager, Geoff Moynan ၏ ဖြေကြားချက်၊ ၂၀၂၀ ခုနှစ်၊ ဧပြီလ ၂၇ ရက်၊ MAG ၏ Country Programme Manager, Bekim Shala ၏ ဖြေကြားချက်၊ ၂၀၂၀ ခုနှစ်၊ မေလ ၂၅ ရက်၊ HI မြန်မာ၏ Field Coordinator, Michael Horita ၏ ဖြေကြားချက်၊ ၂၀၂၁ ခုနှစ်၊ မတ်လ ၁၆ရက်နှင့် ICRC မြန်မာ၏ Weapon Contamination Coordinator, Bishnu Mahat ၏ ဖြေကြားချက်၊ ၂၀၂၁ ခုနှစ်၊ ဩဂုတ်လ ၃၁ ရက်။

သည်။[၁၈၃]

၂၀၂၁ ခုနှစ်တွင် ICRC က မိုင်းအန္တရာယ်ပညာပေးသင်တန်းများ လုပ်ဆောင်ခဲ့ပြီး သတင်းစကားများကို ကြော်ငြာဘုတ်ကြီးများ၊ ရေဒီယိုအစီအစဉ်များနှင့် လူမှုမီဒီယာများမှတစ်ဆင့် ဖြန့်ချိခဲ့သည်။ သတင်းစကားများတွင် COVID-19 ဘေးအန္တရာယ် ကင်းရှင်းရေးအစီအစဉ်များလည်းပါဝင်သည်။[၁၈၄] ၂၀၂၁ ခုနှစ်တွင် ICRC က NGOs များအတွက် မိုင်းနှင့်စစ်ကျန်ပေါက်ကွဲပစ္စည်းများ၏ အန္တရာယ်နှင့် စပ်လျဉ်း၍ အန္တရာယ်ပညာပေး အသိအမြင် မြှင့်တင်ခြင်းဆွေးနွေးပွဲများ စီစဉ်ပေးခဲ့သည်။[၁၈၅]

မြန်မာနိုင်ငံ၏ နေရာဒေသအချို့တွင် ကျောင်းဆရာ၊ဆရာမများလည်း မိုင်းအန္တရာယ်ပညာပေးသင်တန်းများ တက်ရောက်ခဲ့ကြ သည်။ ၂၀၂၁ ခုနှစ်တွင် ICRC က မိုင်းအန္တရာယ်ပညာပေးရေးကို ကျောင်းသင်ခန်းစာအဖြစ် ထည့်သွင်းနိုင်ရေး စတင်လုပ်ဆောင်နေပြီဖြစ်ကြောင်းပြောကြားခဲ့သည်။[၁၈၆]

၂၀၂၂ ခုနှစ်တွင် DCA က မိုင်းအန္တရာယ်ပညာပေးရေး လုပ်ငန်းအဖွဲ့နှင့်တွဲဖက်ကာ မိုင်းအန္တရာယ်ပညာပေးအစီအစဉ်များကို ဗမာ၊ ကချင်၊ ကရင်၊ ရှမ်းနှင့် တအောင်း ဘာသာစကားများဖြင့်ဖတ်နိုင်သည့် မိုဘိုင်းအပလီကေးရှင်းတစ်ခုကိုထုတ်လုပ်ခဲ့သည်။[၁၈၇]

HI က ရပ်ရွာအခြေပြု မိုင်းအန္တရာယ်ပညာပေးရေး စေတနာ့ဝန်ထမ်းများနှင့် မိတ်ဖက်အဖွဲ့အစည်းများအား မသန်စွမ်းခြင်းဆိုင်ရာ အသိအမြင်မြှင့်တင်ခြင်းနှင့် အားလုံးအကျုံးဝင်သော အသက်မွေးဝမ်းကြောင်းတို့ကို ပေါင်းစပ်၍ သင်တန်းပေးခဲ့သည်။ NSAGs ထိန်းချုပ်နယ်မြေများမှ ရပ်ရွာစေတနာ့ဝန်ထမ်းများအား IDPs စခန်းများနှင့် ပဋိပက္ခဒဏ်ခံရသည့် ကျေးရွာများတွင် မိုင်းအန္တရာယ်ပညာပေးလုပ်ဆောင်ရန် ICRC က လေ့ကျင့်သင်တန်းပေးခဲ့သည်။[၁၈၈]

၂၀၂၀ခုနှစ်တွင် COVID-19 ကပ်ရောဂါဆိုင်ရာ ကန့်သတ်ချက်များရှိလာရာ၊ မိုင်းအန္တရာယ်ပညာပေးရေးလုပ်ငန်းဆောင်ရွက်သူများ အနေဖြင့် သတင်းစကားများ ဖြန့်ချိရန် ရုပ်မြင်သံကြားနှင့် Facebook အပါအဝင် လူမှုမီဒီယာကို သုံးခဲ့ကြသည်။[၁၈၉] NPA က မိုင်း အန္တရာယ်ပညာပေးခြင်းကို ဒစ်ဂျစ်တယ်နည်းစနစ်ဖြင့် လုပ်ဆောင်ခဲ့ပြီး၊ လူချင်းစုဆုံ၍ သင်တန်းပေးခြင်းကို ၂၀၂၁ ခုနှစ်တွင် ပြန်လည်လုပ်ဆောင်ရန်စီစဉ်ခဲ့သည်။[၁၉၀]

HI က မိုင်းအန္တရာယ်ပညာပေးရေးလုပ်ငန်းများကို ဗန်းမော်၊ လားရှိုးနှင့် မြစ်ကြီးနား သာသနာ့နယ်မြေများရှိ ရေဒီယိုအသံလွှင့်ဌာန ၃ခုနှင့် ၊ Facebook ၊ Viber နှင့် Wechat စသည့် လူမှုမီဒီယာပလက်ဖောင်းများမှ တစ်ဆင့် ဆောင်ရွက်ခဲ့သည်။[၁၉၁] DRC က Facebook, Messenger, Skype နှင့် Viber အပါအဝင် လူမှုမီဒီယာပလက်ဖောင်းများမှတစ်ဆင့် ရရှိနိုင်သော အွန်လိုင်း မိုင်းအန္တရာယ်ပညာပေးရေး သင်တန်းများကို လုပ်ဆောင်ခဲ့သည်။[၁၉၂] မြန်မာနိုင်ငံတွင် မိုင်း အန္တရာယ်ပညာပေးရေးကို ICRC က ရေဒီယို၊ ရုပ် မြင်သံကြားထုတ်လွှင့်မှုများအပြင် သတင်းအေဂျင်စီတစ်ခုမှ တစ်ဆင့် လုပ်ဆောင်ခဲ့သည်။[၁၉၃]

ဝေးလံကွာလှမ်းသော ရပ်ရွာဒေသများသို့ ပိုမိုလက်လှမ်းမီရောက်ရှိရန် INGOs များက ဒေသခံမိတ်ဖက်အဖွဲ့အစည်းများနှင့် တွဲဖက်လုပ်ကိုင်ကြသည်။ မိုင်းအန္တရာယ်ပညာပေးရေး ဝန်ထမ်းများသည် ဒေသသုံးဘာသာစကားများကို ကျွမ်းကျင် တတ်မြောက်ရန် လိုအပ်ပြီး ဒေသိယစကားနှင့် သင်ထောက်ကူပစ္စည်းများသည်လည်း ဘာသာစကားနှင့် ယဉ်ကျေးမှုဆိုင်ရာ မတူညီမှုများကို ထင်ဟပ်စေရမည်ဖြစ်သည်။[၁၉၄] ကချင်ပြည်နယ်အတွင်းရှိ ရပ်ရွာဒေသများအထိ ရောက်ရှိစေရန် HI က ရေဒီယိုမှ သတင်းစကားကို ကချင်ဘာသာဖြင့် ထုတ်လွှင့်ခဲ့သည်။[၁၉၅]

---

၁၈၃။ စောင့်ကြည့်လေ့လာရေးအဖွဲ့၏ မေးမြန်းမှုကို HI ၏ Regional Programme Director, Fabrice Vandeputte ၏ ဖြေကြားချက်၊ ၂၀၂၀ ခုနှစ်၊ မေလ ၁၄ ရက်။

၁၈၄။ ICRC "နှစ်စဉ်အစီရင်ခံစာ၊ ၂၀၂၁ ခုနှစ်" ၂၀၂၂ ခုနှစ်၊ ဇူလိုင်လ ၁၇ရက်၊ စာ-၃၃၂

၁၈၅။ Ibid.

၁၈၆။ စောင့်ကြည့်လေ့လာရေးအဖွဲ့၏ မေးမြန်းမှုကို ICRC မြန်မာ၏ Weapon Contamination Coordinator, Bishnu Mahat ၏ ဖြေကြားချက်၊ ၂၀၂၁ ခုနှစ်၊ ဩဂုတ်လ ၃၁ ရက်။

၁၈၇။ See, MRE Myanmar mobile app website.

၁၈၈။ စောင့်ကြည့်လေ့လာရေးအဖွဲ့၏ မေးမြန်းမှုကို HI မြန်မာ၏ Field Coordinator, Michael Horita ၏ ဖြေကြားချက်၊ ၂၀၂၁ ခုနှစ်၊ မတ်လ ၁၆ရက်နှင့် ICRC မြန်မာ၏ Weapon Contamination Coordinator, Bishnu Mahat ၏ ဖြေကြားချက်၊ ၂၀၂၁ ခုနှစ်၊ ဩဂုတ် ၃၁ ရက်။

၁၈၉။ စောင့်ကြည့်လေ့လာရေးအဖွဲ့၏ မေးမြန်းမှုကို ပြန်လည်ထူထောင်ရေးဦးစီးဌာန၊ ဒု-ညွှန်ကြားရေးမှူး ဦးစည်သူဝင်း၏ ဖြေကြားချက်၊ ၂၀၂၁ ခုနှစ်၊ မတ်လ ၁၁ ရက်။

၁၉၀။ စောင့်ကြည့်လေ့လာရေးအဖွဲ့၏ မေးမြန်းမှုကို NPA မြန်မာ၏ Operations Coordinator, ဦးကျော်ကျော်ဦး၏ ဖြေကြားချက်၊ ၂၀၂၁ ခုနှစ်၊ မတ်လ ၁၈ ရက်။

၁၉၁။ စောင့်ကြည့်လေ့လာရေးအဖွဲ့၏ မေးမြန်းမှုကို HI မြန်မာ၏ Field Coordinator, Michael Horita ၏ ဖြေကြားချက်၊ ၂၀၂၁ ခုနှစ်၊ မတ်လ ၁၆ ရက်။

၁၉၂။ ဒိန်းမတ်မိုင်းရှင်းလင်းရေးအဖွဲ့ (DDG) "Virtual Mine Risk Education in Myanmar," ၂၀၂၀ခုနှစ်၊ဇွန်လ ၁၀ ရက်။

၁၉၃။ စောင့်ကြည့်လေ့လာရေးအဖွဲ့၏မေးမြန်းမှုကို ICRC မြန်မာ၏ Weapon Contamination Coordinator, Bishnu Mahat ၏ဖြေကြားချက်၊ ၂၀၂၁ ခုနှစ်၊ ဩဂုတ်၃၁ ရက်။

၁၉၄။ စောင့်ကြည့်လေ့လာရေးအဖွဲ့၏ မေးမြန်းမှုကို HALO Trust မြန်မာ၏ Programme Manager, Groff Moynan ၏ ဖြေကြားချက်၊ ၂၀၂၀ ခုနှစ်၊ ဧပြီလ ၂၇ ရက်။

၁၉၅။ စောင့်ကြည့်လေ့လာရေးအဖွဲ့၏ မေးမြန်းမှုကို HI မြန်မာ၏ Field Coordinator, Michael Horita ၏ ဖြေကြားချက်၊ ၂၀၂၁ ခုနှစ်၊ မတ်လ ၁၆ ရက်။

## ၂၀၂၁ ခုနှစ်အတွင်း အဓိကဖွံ့ဖြိုးတိုးတက်မှုများ

အာဏာသိမ်းချိန်မှစ၍ နောက်ထပ် မိုင်းထောင်ထားသော နေရာသစ်အများအပြားတွင် မိုင်းအန္တရာယ်ပညာပေးရေး အစီအစဉ်များ မရောက်ရှိခဲ့ပါ။[၁၉၆] ဆက်လက်ဖြစ်ပွားနေသည့် လက်နက်ကိုင်ပဋိပက္ခအတွက် ပိုမိုကျယ်ပြန့်သော တုံ့ပြန်မှုအဖြစ် လူသားချင်းစာနာမှုဆိုင်ရာ အေဂျင်စီများနှင့် ဒေသဆိုင်ရာ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၏ အစီအစဉ်များတွင် မိုင်းအန္တရာယ်ပညာပေးရေးကို ပေါင်းစပ်ထည့်သွင်းခဲ့သည်။ COVID-19 နောက်ဆက်တွဲ ခရီးသွားလာခွင့် ကန့်သတ်ချက်များကြောင့် မိုင်းအန္တရာယ်ပညာပေးရေး လုပ်ငန်းဆောင်ရွက်သူများအနေဖြင့် ၂၀၂၁ ခုနှစ်တွင်လည်း စိန်ခေါ်မှုများကို ဆက်လက်ကြုံတွေ့ကြရသည်။[၁၉၇] COVID-19 ကန့်သတ်ချက်ကာလများအတွင်း HALO Trust က မိုင်းအန္တရာယ်ပညာပေးရေးကို ကနဦးတွင် မိသားစုအလိုက် လုပ်ဆောင်ခဲ့သော်လည်း ကန့်သတ်မှုများကို ဖြေလျှော့လိုက်သည့်နောက်တွင် အစုအဖွဲ့အလိုက်အဖြစ် ပြောင်းလဲလုပ်ဆောင်ခဲ့သည်။ ၂၀၂၁ ခုနှစ်၊ ဖွန်လတွင် HALO Trust က ကချင်ပြည်နယ်အတွင်းရှိ စာသင်ကျောင်းများ၊ IDPs စခန်းများနှင့် ရပ်ရွာဒေသများတွင် မိုင်းအန္တရာယ်ပညာပေးရေးလုပ်ငန်းများကို ပံ့ပိုးကူညီခဲ့သည်။ တိုက်ပွဲဖြစ်သည့်နေရာဒေသများမှ စွန့်ခွာထွက်ပြေးလာသော စစ်ရှောင် နေရပ်စွန့်ခွာရသူများအတွက် အဓိကဦးစားပေးဖြစ်သော်လည်း၊ အမျိုးသမီးအစုအဖွဲ့များအားလုံးနှင့် ကလေးသူငယ်များ ဘေးကင်း လုံခြုံစေရန်အတွက်လည်း မိုင်းအန္တရာယ်ပညာပေးရေးလုပ်ငန်းကို လုပ်ဆောင်ခဲ့သည်။[၁၉၈] လက်လှမ်းမီမှုနှင့် လုံခြုံရေးဆိုင်ရာ စိန်ခေါ်မှုများကြောင့် ၂၀၂၁ ခုနှစ်တွင် HALO Trust က ဝန်ထမ်းများအား အမှတ်အသားမပါသည့် မော်တော်ဆိုင်ကယ်များဖြင့် ခရီးသွားစေပြီး ပညာပေးရေးလုပ်ငန်းများကို မထင်မရှားဆောင်ရွက်စေခဲ့သည်။[၁၉၉]

၂၀၂၁-၂၀၂၂ ခုနှစ်တွင် DCA နှင့် HALO Trust တို့က ရှမ်းပြည်နယ်မြောက်ပိုင်း၊ မြို့နယ် ၈ ခု နှင့် ကချင်ပြည်နယ်၊ မြို့နယ် ၄ ခု တို့မှ ရပ်ရွာများတွင် ပညာပေး ရေးလုပ်ငန်းဆောင်ရွက်မည့်သူ စုစုပေါင်း ၂၈၀ ဦးကို လေ့ကျင့်သင်တန်းပေးခဲ့သည်။[၂၀၀] ကချင်၊ မွန်၊ ရှမ်းပြည်မြောက်ပိုင်းနှင့် ပဲခူးတိုင်းအရှေ့ခြမ်းတို့တွင် NPA က ပဋိပက္ခဆိုင်ရာ ကြိုတင်ပြင်ဆင်မှုနှင့် ကာကွယ်စောင့်ရှောက်ရေးသင်တန်းများ လုပ်ဆောင်ခဲ့သည်။ အဆိုပါသင်တန်းများတွင် မိုင်းအန္တရာယ်ပညာပေးရေးသည် အဓိကသင်ရိုးအစိတ်အပိုင်းဖြစ်သည်။[၂၀၁]

## အမှတ်အသားပြုလုပ်ခြင်း

တပ်မတော်က သိရှိသော မိုင်းကွင်းနေရာအချို့တွင် သတိပေးဆိုင်းဘုတ်များထောင်ခြင်း၊ အကာအရံပြုလုပ်ခြင်းများ ဆောင်ရွက်ထားသည်။[၂၀၂] ၂၀၂၂ ခုနှစ်၊ မေလတွင် မိုဘိုင်းဖုန်းတာဝါတိုင်များအနီး မိုင်းထောင်ထားသောနေရာများတွင် တပ်မတော်က အကာအရံများပြုလုပ်ထားကြောင်း သိရသည်။[၂၀၃]

---

၁၉၆။ Human Rights Council, "Losing a Generation: How the military junta is devastating Myanmar's children and undermining Myanmar's future," A/HRC/50/CRP1, 14 June 2022, p. 15.

၁၉၇။ စောင့်ကြည့်လေ့လာရေးအဖွဲ့၏ မေးမြန်းမှုကို NPA ၏ Operation Coordinator- ဦးကျော်ကျော်ဦး၏ ဖြေကြားချက်၊ ၂၀၂၂ ခုနှစ်၊ မတ်လ ၃၁ရက်။

၁၉၈။ စောင့်ကြည့်လေ့လာရေးအဖွဲ့၏ မေးမြန်းမှုကို HALO Trust ၏ Programme Manager, Jane Strangeways ၏ ဖြေကြားချက်၊ ၂၀၂၂ ခုနှစ်၊ ဩဂုတ်လ ၅ ရက်။

၁၉၉။ Ibid.

၂၀၀။ Ibid

၂၀၁။ စောင့်ကြည့်လေ့လာရေးအဖွဲ့၏ မေးမြန်းမှုကို NPA ၏ Operation Coordinator- ဦးကျော်ကျော်ဦး၏ ဖြေကြားချက်၊ ၂၀၂၂ ခုနှစ်၊ မတ်လ ၃၁ရက်။

၂၀၂။ "More Than One Year After IDPs Return to Nam San Yang, Burma Army Removes Landmines From Their Farmland," Kachin News Group (KNG), 3 August 2020; ၂၀၁၈ ခုနှစ်၊ ဩဂုတ်လအတွင်း တပ်မတော်မှ မိုင်းရှင်းလင်းရေးအင်ဂျင်နီယာများနှင့်အတူ လိုက်သွားခဲ့သော ဓါတ်ပုံသတင်းထောက်ကို စောင့်ကြည့် လေ့လာရေးအဖွဲ့က မေးမြန်းခဲ့သည်။ DKBA ခွဲထွက်အဖွဲ့နှင့် တပ်မတော်တို့ကြား တိုက်ပွဲဖြစ်ပွားခဲ့သည့်နေရာအနီးတဝိုက်တွင် ရှင်းလင်းရေးကာလ အတွင်း သတိပေး ဆိုင်းဘုတ်များ စိုက်ထူခဲ့သည်။ သတိပေးအမှတ်အသားပုံများကို ဓါတ်ပုံသတင်းထောက်ကပြသခဲ့ပြီး၊ တပ်မတော်သားများနှင့် အတူ ၎င်းလိုက်ပါ စီးနင်းခဲ့သည့် ထရပ်ကားပေါ်တွင် သတိပေးဆိုင်းဘုတ်အများအပြား တင်ဆောင်ထားသည်ဟုပြောသည်. ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလအတွင်း ပဲခူးတိုင်းအရှေ့ခြမ်း၊ သပြေညွန့်ကျေးရွာ စာသင်ကျောင်းအနီး မိုင်းပေါက်ကွဲမှု ဖြစ်ပွားပြီးနောက်၊ တပ်မတော်၊ ခမရ ၈၅၃ မှ စစ်သည်များက ထိုနေရာကို အကာအရံပြုလုပ်ပြီး သွားလာ မရအောင်လုပ်ခဲ့သည်။ KHRG - ကရင်လူ့အခွင့်အရေးအဖွဲ့မှ မြေမြှုပ်မိုင်းစောင့်ကြည့်လေ့လာရေးအဖွဲ့သို့ တင်ပြချက်၊ ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ။

၂၀၃။ ၂၀၂၁ ခုနှစ်နှင့် ၂၀၂၂ ခုနှစ်၊ နှစ်ဦးပိုင်းတွင် တပ်မတော်က မိုဘိုင်းဖုန်းတာဝါတိုင်များတစ်ဝိုက်တွင် စနစ်တကျမိုင်းများထောင်ခဲ့သည်။ အနည်းဆုံးအားဖြင့် နေရာ အချို့တွင် ဒေသတွင်းရသည့်ပစ္စည်းများဖြင့် အကာအရံပြုလုပ်ခဲ့သည်။ ဖြစ်စဉ်တစ်ခုတွင် ၂၀၂၂ ခုနှစ်၊ ဧပြီလအတွင်း မန္တလေးမြို့နယ်၌ အကာအရံပြုလုပ်မပြီးမီ အဆိုပါ မိုင်းကိုနင်းမိ၍ နွားကျောင်းသည့် မိန်းခလေးတစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။ See, Aung Aung, "15-year-old girl's leg amputated due to a mine planted by Junta troops in Mahlaing," Tha Din News and Radio, 3 May 2022.

## မိုင်းဒုက္ခသည်ကူညီထောက်ပံ့ရေး

**မိုင်းဒုက္ခသည်ကူညီထောက်ပံ့ရေးလုပ်ငန်းဆောင်ရွက်မှုများ**[၂၀၄]

| အဖွဲ့အစည်းအမျိုးအစား | အဖွဲ့အစည်းအမည် | လုပ်ငန်းအမျိုးအစား |
|---|---|---|
| အစိုးရကိုယ်စား | လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြည်လည်နေရာချထားရေး ဝန်ကြီးဌာန (MoSWRR) | လူမှု-စီးပွား အကူအညီ၊ ပြန်လည်ထူထောင်ရေးနှင့် အသက်မွေးဝမ်းကြောင်းသင်တန်း |
| | ကျန်းမာရေးနှင့် အားကစား ဝန်ကြီးဌာန | ခြေတု၊လက်တု ထုတ်လုပ်တပ်ဆင်ရေး ဌာနများနှင့် အရိုးအထူးကု ဆေးရုံ ၂ ရုံ |
| | ကာကွယ်ရေးဝန်ကြီးဌာန | ဌာန ၃ ခုဖွင့်၍ ခြေတု၊လက်တုများ ပံ့ပိုးပေးခြင်း |
| နိုင်ငံအဆင့် | နဒေါ်မြရီ ဖောင်ဒေးရှင်း | အိန္ဒိယမှ ဂျေပူးရ် ဖိနပ်လုပ်ငန်းနှင့် ပူးပေါင်း၍ ရန်ကုန်မြို့တွင် ခြေတု အလုပ်ရုံများ ဖွင့်လှစ်ခြင်း |
| | ကရင်လူမျိုးများ IDPs ကော်မတီ | ကရင်ပြည်နယ်၊ ဖာပွန်မြို့နယ်ရှိ ခိုကေးခြေတု၊လက်တုဆေးခန်းမှ ခြေတု၊ လက်တုများ ထုတ်လုပ်ခြင်း |
| | ကရင်ကျန်းမာရေးနှင့် လူမှုဖူလုံရေးဌာန | ရှေးဦးပြုစုမှုအကူအညီနှင့် ဖြတ်တောက်ခွဲစိပ်ကုသပေးခြင်း |
| | ကရင်နီ ကျန်းမာရေး လုပ်သားများ အဖွဲ့ | ကယားပြည်နယ်၊ လွိုင်ကော်မြို့နယ်တွင် ခြေတု၊ လက်တု ထုတ်လုပ် တပ်ဆင်ခြင်း |
| | ကရုဏာမစ်ရှင် လူမှုသွေးစည်းညီညွတ်ရေးအဖွဲ့ | ရှေးဦးပြုစုမှုအကူအညီနှင့် အသက်ရှင်ကျန်သူများအား လတ်တလောကူညီထောက်ပံ့ခြင်း |
| | မြန်မာနိုင်ငံမသန်စွမ်းသူများ အစည်းအရုံး (MPHA) | မသန်စွမ်းသူအခွင့်အရေးများအတွက် စည်းရုံးလှုံ့ဆော်ခြင်း၊ ရွေ့လျားသွားလာရေးအထောက်အကူပြုပစ္စည်းများ ထုတ်လုပ်ခြင်းနှင့် စီးပွားရေးတွင် ပါဝင်ခွင့်ရရှိစေခြင်း |
| နိုင်ငံတကာ | အကူအညီပေးရေးနှင့် ကယ်ဆယ်ရေးအသင်း၊ ဂျပန် (AAR-Japan) | အသက်မွေးဝမ်းကြောင်းသင်တန်း၊ ညွှန်းပို့ခြင်းနှင့် အသက်ရှင်ကျန်သူ အခွင့်အရေးများအတွက် စည်းရုံးလှုံ့ဆော်ခြင်း |
| | Exceed Worldwide | ရန်ကုန်မြို့၊ အမျိုးသားပြန်လည်သန်စွမ်းရေးဆေးရုံရှိ ခြေတု၊လက်တု အလုပ်ရုံတွင် လုပ်ငန်းဆောင်ရွက်ခြင်း၊ မြန်မာနိုင်ငံ ခြေတု၊ လက်တုသင်တန်းကျောင်းနှင့် မန္တလေးမြို့ရှိ ခြေတု၊ လက်တုအလုပ်ရုံ တစ်ခု တို့ကို ငွေကြေးထောက်ပံ့ခြင်း။ |

၂၀၄။ Association for Aid and Relief-Japan (AAR-Japan), "Where We Work: Myanmar," undated; Exceed Worldwide, "The Myanmar School of Prosthetics and Orthotics: MSPO," undated; Leprosy Mission International, "Myanmar," undated; HI, "Country Card: Myanmar," updated September 2020; World Education Myanmar Facebook page; and ICRC, "Annual Report 2020," 1 July 2021, p. 363.

| | | |
|---|---|---|
| | Leprosy Mission Myanmar | ပြန်လည်ထူထောင်ရေးနှင့် ခြေတု၊ လက်တု ထုတ်လုပ်တပ်ဆင်ခြင်း။ |
| | Humanity & Inclusion (HI) | မိုင်းဒုက္ခသည်ဆိုင်ရာ အချက်အလက်ကောက်ယူခြင်း၊ ဝန်ဆောင်မှုများနှင့် လက်လှမ်းမီခွင့်ဆိုင်ရာ အတားအဆီးများအား မြေပုံရေးဆွဲခြင်း၊ စိတ်ပိုင်း-လူမှု အကူအညီပေးခြင်း၊ လူမှု-စီးပွား ဘဝတွင် ပါဝင် စေခြင်း၊ ရွေ့လျားသွားလာရေးအထောက်အကူပြုပစ္စည်းများ ပြင်ဆင်ပေးခြင်း၊ မိုင်းဒုက္ခသည်များ၏ လိုအပ်ချက်များအား စည်းရုံးလှုံ့ဆော်ခြင်းနှင့် မြန်မာနိုင်ငံမသန်စွမ်းသူများ အစည်းအရုံး အတွက် စွမ်းရည်မြှင့်တင်ရေး သင်တန်းပေးခြင်း။ |
| | World Education Myanmar | ပြန်လည်ထူထောင်ရေး၊ စီးပွားရေးတွင်ပါဝင်စေခြင်း၊ ဆေးကုသမှု နှင့် အသက်မွေးဝမ်းကြောင်း ထောက်ပံ့မှုများ လက်လှမ်းမီစေခြင်း နှင့် မိုင်းဒုက္ခသည်များ၏ လိုအပ်ချက်များအား စည်းရုံးလှုံ့ဆော်ခြင်း။ |
| | အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီ (ICRC) | ဘားအံ၊ ကျိုင်းတုံ(ရှမ်းပြည်နယ်)၊ မန္တလေး၊ မြစ်ကြီးနား (ကချင်ပြည်နယ်) တို့ရှိ ပြန်လည်ထူထောင်ရေးဌာနများနှင့် ရခိုင်ပြည်နယ်၊ ဘူးသီးတောင်ရှိ ခြေတု၊ လက်တု ထုတ်လုပ်တပ်ဆင်ရေး အလုပ်ရုံ တစ်ခုအား ထောက်ပံ့ကူညီခြင်း |
| | ကမ္ဘာ့ကုလသမဂ္ဂ၊ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (UNHCR) | မိုင်းဒုက္ခသည်များအတွက် ခရီးစရိတ်၊ ဆေးကုသမှုကုန်ကျစရိတ်နှင့် ပြန်လည်ထူထောင်ရေးတို့အတွက် ကူညီထောက်ပံ့ခြင်း၊ အသက် မွေးဝမ်းကြောင်း အစီအစဉ်များမှတစ်ဆင့် လူမှု-စီးပွားဘဝတွင် ပါဝင်ခွင့်ရှိစေခြင်း |

**မှတ်ချက်။ ။ ERW = စစ်ကျန်ပေါက်ကွဲပစ္စည်းများ**

## လိုအပ်ချက်များ လေ့လာဆန်းစစ်မှု

၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ အာဏာသိမ်းမှုက COVID-19 ကပ်ရောဂါနှင့် တွဲဖက်ကာ မြန်မာနိုင်ငံ၏ ယိုင်နဲ့နဲ့ဖြစ်နေပြီးသော ကျန်းမာရေးစောင့်ရှောက်မှုစနစ်ကို ပို၍ချိနဲ့အားနည်းစေခဲ့သည်။ ပြည်သူ့ဆေးရုံများတွင် ဝန်ထမ်းအင်အားမပြည့်စုံဘဲ၊ အပြည့်အဝ လုပ်ငန်းလည်ပတ်နိုင်ခြင်း မရှိသည့်အပြင် ဆေးဝါးပစ္စည်းများလည်းပြည့်စုံလုံလောက်မှုမရှိပါ။[၂၀၅]

၂၀၁၉ ခုနှစ်တွင် ကောက်ယူခဲ့သော သန်းခေါင်စာရင်းအရ မြန်မာနိုင်ငံလူဦးရေ၏ ၁၂.၈% သည် မသန်စွမ်းမှုရှိကြောင်း သိရသည်။[၂၀၆] ၂၀၂၀ ခုနှစ်၊ မေလတွင် မသန်စွမ်းသူများနှင့် COVID-19 ကပ်ရောဂါ၏ သက်ရောက်မှုကို HI က စစ်တမ်းကောက်ယူခဲ့ပြီး၊ ဘေးကင်းလုံခြုံသောပြန်လည်ထူထောင်ရေးဆိုင်ရာ ဝန်ဆောင်မှုများအား ဆက်လက်လက်လှမ်းမီရန် လိုအပ်ချက်ကို မီးမောင်း ထိုး

၂၀၅။ HI "အာဏာသိမ်းမှု၊ ပဋိပက္ခများနှင့် COVID-19 ကာလများတွင် မြန်မာနိုင်ငံ၌ နေထိုင်ခြင်း၊ မသန်စွမ်းသူများအပေါ် သက်ရောက်မှု" ၂၀၂၁ ခုနှစ်၊ ဇူလိုင်လ။

၂၀၆။ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနနှင့် ကမ္ဘာ့ကုလသမဂ္ဂ လူဦးရေးဆိုင်ရာရံပုံငွေအဖွဲ့ (UNFPA)၊ "၂၀၁၉ ခုနှစ်၊ လူဦးရေဆိုင်ရာ စစ်တမ်း၊ အဓိက တွေ့ရှိချက်များ"၊ ၂၀၂၀ ခုနှစ်၊ ဒီဇင်ဘာလ။

ပြခဲ့သည်။[၂၀၇]

## ကျန်းမာရေးစောင့်ရှောက်မှုနှင့် ပြန်လည်ထူထောင်ရေး

မြန်မာနိုင်ငံတွင် အရေးပေါ်ဆေးဝါးကုသမှုအတွက် လေ့ကျင့်ပေးထားသော ဆရာဝန်အရေအတွက် လွန်စွာနည်းပါးပြီး၊ ၎င်းတို့ သည် ယေဘုယျအားဖြင့် ကျေးလက်ဒေသများတွင် မရှိကြပါ။ ထိုဒေသများတွင် မိုင်းနှင့် စစ်ကျန်ပေါက်ကွဲပစ္စည်းများကြောင့် ထိခိုက်ဒဏ်ရာရသူများအား ဆေးရုံသို့ ပို့ဆောင်ရာလမ်းတွင် ပြုစုကုသနိုင်မည့် လူနာတင်ယာဉ်များလည်း မရှိကြပါ။ မြန်မာနိုင်ငံ၏ အမိကမြို့ကြီး ၃ မြို့ရှိ ကျန်းမာရေးစောင့်ရှောက်မှုဌာနများတွင် အရေးပေါ်တုံ့ပြန်ဆောင်ရွက်ပေးနိုင်သည့် လုံလောက်သော အနေအထားမရှိကြဘဲ၊ မန္တလေး၊ နေပြည်တော်နှင့် ရန်ကုန်တို့တွင် အရေးပေါ်ကုသခန်း တစ်ခန်းစီသာရှိသည်။[၂၀၈]

မြန်မာနိုင်ငံရှိ ပြန်လည်ထူထောင်ရေးဌာနများသည် စုစုပေါင်း လိုအပ်ချက်၏ ၁၀% ကိုသာလျှင် လွှမ်းခြုံမှုပေးနိုင်ပြီး၊ ကျေးလက် ဒေသများတွင် ဝန်ဆောင်မှုပေးရာ၌ အကန့်အသတ်ရှိပါသည်။ ထူထောင်ရေးဌာနအများစုသည် မြို့ကြီးများတွင်ဖြစ်ပြီး ခရီးစရိတ် မြင့်မားခြင်းက အတားအဆီးဖြစ်စေသည်။[၂၀၉]

COVID-19 ကပ်ရောဂါက ၂၀၂၁ ခုနှစ်တွင် ပြန်လည်ထူထောင်ရေးဆိုင်ရာဝန်ဆောင်မှုပေးခြင်းကို ဆက်၍ထိခိုက်စေခဲ့သည်။ ၂၀၂၀ ခုနှစ်၊ ဇွန်လတွင် HI ၏ လေ့လာမှုအရ ကပ်ရောဂါက မရှိမဖြစ်လိုအပ်သည့် ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ခြင်း ကိုများစွာ အဟန့်အတားဖြစ်စေခဲ့ပြီး၊ ကပ်ရောဂါမတိုင်မီက မြန်မာနိုင်ငံရှိ မသန်စွမ်းသူ ၄၂ % သည် အထောက်အကူပြုပစ္စည်း ဆိုင်ရာဝန်ဆောင်မှုများရခဲ့သော်လည်း၊ ကပ်ရောဂါကြောင့် ၂၇ % သာအထောက်အကူပြုပစ္စည်းဝန်ဆောင်မှုများကိုလက်လှမ်းမီခဲ့ သည်ကိုတွေ့ရပြီး၊ ရုပ်ပိုင်းဆိုင်ရာကုသမှုလက်လှမ်းမီမှု ၁၀ % နှင့် စိတ်ပိုင်း-လူမှုအကူအညီလက်လှမ်းမီမှု ၁၂ % သာရှိခဲ့သည်။[၂၁၀]

၂၀၂၁ ခုနှစ် အာဏာသိမ်းမှုနောက်ပိုင်းကျန်းမာရေးဝန်ထမ်းများနှင့် ဆရာ၊ဆရာမများသည်အကြမ်းမဖက်အာဏာဖီဆန်ရေး လှုပ်ရှား မှု (CDM) တွင် ပါဝင်ခဲ့ကြပြီး၊ စစ်အစိုးရကဖမ်းဆီးတရားစွဲဆိုမှုများရှိခဲ့သောကြောင့် မြန်မာနိုင်ငံ၏ကျန်းမာရေးစောင့်ရှောက်မှု စနစ်မှာ အကြီးအကျယ်ပြိုလဲပျက်စီးခဲ့သည်။ အာဏာသိမ်းပြီး ၆လအတွင်း ကျန်းမာရေးဝန်ထမ်းများနှင့် ကျန်းမာရေးဌာနများအား တိုက်ရိုက်မှု အနည်းဆုံး ၂၅၀ ကြိမ်ရှိခဲ့သည်ဟု မှတ်တမ်းတင်ထားခဲ့သည်။[၂၁၁] ပြည်သူ့ဆေးရုံများမှာ ပိတ်ထားကြောင်း၊ သို့မဟုတ် အပြည့်အဝလုပ်ငန်းမလည်ပတ်နိုင်ကြောင်းသိရှိရသည်။[၂၁၂] ၂၀၂၁ ခုနှစ်တွင် ရုပ်ပိုင်းဆိုင်ရာ ပြန်လည်သန်စွမ်းရေးဌာနများအား ICRC နှင့် HI တို့က ကူညီထောက်ပံ့ခဲ့ပြီး၊ မိုင်းဒုက္ခသည် ကူညီ ထောက်ပံ့ရေးစင်တာကို မြန်မာနိုင်ငံမသန်စွမ်းသူများအစည်းအရုံးက ကူညီထောက်ပံ့ခဲ့သည်။[၂၁၃]

၂၀၂၁ ခုနှစ်အတွင်း မိုင်းနှင့်စစ်ကျန်ပေါက်ပွဲပစ္စည်းများကြောင့် ထိခိုက်ဒဏ်ရာရသူ စုစုပေါင်း ၃၂၂ ဦးသည် ရုပ်ပိုင်းဆိုင်ရာ ပြန်လည် သန်စွမ်းရေးဝန်ဆောင်မှုများရရှိခဲ့သည်။[၂၁၄] ICRC ကထောက်ပံ့ကူညီသည့် ပြန်လည်ထူထောင်ရေးဌာနတစ်ခုတွင် စိတ်ကျန်းမာရေး နှင့် စိတ်ပိုင်း-လူမှုအကူအညီများပေးခဲ့သည်။[၂၁၅] ၂၀၂၀ ခုနှစ်၊ ဖေဖော်ဝါရီလတွင် ရခိုင်ပြည်နယ်၊ ဘူးသီးတောင်မြို့နယ်တွင် ခြေတု၊လက်တု ထုတ်လုပ်တပ်ဆင်ရေး အလုပ်ရုံ တစ်ခု ဖွင့်လှစ်ရန် အစိုးရက သဘောတူခွင့်ပြုခဲ့ပြီး၊ ၎င်းနှင့်တွဲဖက်၍ ဝေးလံသော ဒေသများတွင် ရွေ့လျားသွားလာရေးအထောက်အကူ ပြုပစ္စည်းများ ပြင်ဆင်ရေးအတွက် ရွေ့လျားအလုပ်ရုံတစ်ခုကို လုပ်ကိုင်စေခဲ့သည်။[၂၁၆] ၂၀၂၁ ခုနှစ်တွင် ပြင်ဆင်ပေးနိုင်သည့် ကျွမ်းကျင်သူ ၄၃ ဦး ရှိခဲ့သည်။[၂၁၇]

စစ်အာဏာသိမ်းပြီးနောက် ၂၀၂၁ ခုနှစ်အတွင်း မြန်မာနိုင်ငံရှိ ICRC အထောက်အပံ့ဖြင့် ဖွင့်လှစ်သောဌာနများအားလုံးသည် ၎င်းတို့၏ ဝန်ဆောင်မှုများကို လပေါင်းများစွာကြာအောင် လျှော့ချကန့်သတ်ထားခဲ့ပြီး ပြန်လည်ထူထောင်ရေးဌာနတစ်ခုသည် ယင်း၏

---

၂၀၇။ စောင့်ကြည့်လေ့လာရေးအဖွဲ့၏ မေးမြန်းမှုကို HI ၏ Humanitarian Policy and Advocacy Advisor, Michelle Yesudas နှင့် Project Manager များဖြစ်သည့် ညိုညိုသော် နှင့် အေးသောင်းတို့၏ ဖြေကြားချက်များ၊ ၂၀၂၁ ခုနှစ်၊ မေလ ၁၈ ရက်။

၂၀၈။ Susan Becker, "Progress towards health systems strengthening in Myanmar," Journal of Global Health Reports, Vol. 2, 30 March 2018.

၂၀၉။ HI "အာဏာသိမ်းမှု၊ ပဋိပက္ခများနှင့် COVID-19 ကာလများတွင် မြန်မာနိုင်ငံ၌ နေထိုင်ခြင်း၊ မသန်စွမ်းသူများအပေါ် သက်ရောက်မှု" ၂၀၂၁ ခုနှစ်၊ ဇူလိုင်လ၊ စာ-၁၅။

၂၁၀။ HI "အာဏာသိမ်းမှု၊ ပဋိပက္ခများနှင့် COVID-19 ကာလများတွင် မြန်မာနိုင်ငံ၌ နေထိုင်ခြင်း၊ မသန်စွမ်းသူများအပေါ် သက်ရောက်မှု" ၂၀၂၁ ခုနှစ်၊ ဇူလိုင်လ၊ စာ-၁၅။

၂၁၁။ Physicians for Human Rights, "At Least 252 Reported Attacks and Threats to Health Care in Myanmar During Six Months of Military's Crackdown," 10 August 2021.

၂၁၂။ HI "အာဏာသိမ်းမှု၊ ပဋိပက္ခများနှင့် COVID-19 ကာလများတွင် မြန်မာနိုင်ငံ၌ နေထိုင်ခြင်း၊ မသန်စွမ်းသူများအပေါ် သက်ရောက်မှု" ၂၀၂၁ ခုနှစ်၊ ဇူလိုင်လ၊ စာ-၁၂။

၂၁၃။ စောင့်ကြည့်လေ့လာရေးအဖွဲ့၏မေးမြန်းမှုကို ပြန်လည်ထူထောင်ရေးဦးစီးဌာန၊ ဒု-ညွှန်ကြားရေးမှူး ဦးစည်သူဝင်း၏ဖြေကြားချက်၊ ၂၀၂၁ ခုနှစ်၊ မတ်လ ၁၁ ရက်။

၂၁၄။ ICRC၊ "နှစ်စဉ်အစီရင်ခံစာ၊ ၂၀၂၁ ခုနှစ်" ၂၀၂၂ ခုနှစ်၊ ဇူလိုင်လ ၂၇ ရက်၊ စာ-၃၃၆။

၂၁၅။ Ibid., p. 332.

၂၁၆။ Ibid., p. 334.

၂၁၇။ ICRC, "Physical Rehabilitation Programme: 2021 Annual Report," 20 September 2022, p. 34.

ဝန်ဆောင်မှုများကို ရပ်ဆိုင်းခဲ့သည်။[၂၁၈] ၂၀၂၁ ခုနှစ်တွင် ကချင်၊ ကရင်၊ ရခိုင်ပြည်နယ်နှင့် ပဲခူးတိုင်းတို့တွင် ပြန်လည်ထူထောင်ရေး ဆိုင်ရာဝန်ဆောင်မှုများပေးခြင်းကို HI ကကူညီထောက်ပံ့ခဲ့သည်။[၂၁၉]

မြန်မာနိုင်ငံတွင် ရပ်ရွာအခြေပြုအားလုံးပါဝင်သည့် ဖွံ့ဖြိုးရေးသရုပ်ပြပုံစံကို စမ်းသပ်သည့် သဘောဖြင့် World Education Myanmar အဖွဲ့က ကချင်ပြည်နယ်တွင် ရပ်ရွာအခြေပြု ပြန်လည်ထူထောင်ရေး စီမံချက်တစ်ရပ်ကို ၂၀၂၁ ခုနှစ်တွင် စတင်ခဲ့သည်။ ယင်းသည် USAID က ထောက်ပံ့ပေးသည့် OKard Project ကဖန်တီးခြင်းဖြစ်ပြီး World Education Laos က အကောင်အထည် ဖော်ခဲ့သည့် ပုံစံဖြစ်သည်။

## လူမှုစီးပွားနှင့် စိတ်ပိုင်း-လူမှုဆိုင်ရာပါဝင်ခွင့်

မြန်မာနိုင်ငံရှိ မိုင်းနှင့်စစ်ကျန်ပေါက်ကွဲပစ္စည်းများကြောင့် အသက်မသေသော်လည်း ထိခိုက်ဒဏ်ရာခဲ့သူအများစုသည် ၎င်းတို့၏ သမားရိုးကျ အလုပ်အကိုင်များကို စွန့်လွှတ်ခဲ့ကြရသည်ဖြစ်ရာ အသက်မွေးဝမ်းကြောင်းသင်တန်းများနှင့် အခြားသောအသက် မွေးမှုဆိုင်ရာ အကူအညီများ ဖန်တီးပေးရန်လိုအပ်သည်။[၂၂၀]

အကူအညီပေးရေးနှင့် ကယ်ဆယ်ရေးအဖွဲ့၊ ဂျပန် (AAR-Japan) က ရန်ကုန်မြို့ရှိ ၎င်း၏ စင်တာတွင် မသန်စွမ်းသူများအတွက် အသက်မွေးဝမ်းကြောင်း သင်တန်းများ ပြုလုပ်ပေးသည်။[၂၂၁]

၂၀၁၈ ခုနှစ်မှစ၍ လူဇင်ဘတ် နိုင်ငံခြားရေးဝန်ကြီးဌာန၏ ငွေကြေးထောက်ပံ့မှုဖြင့် လုပ်ဆောင်သည့် ပဲခူးတိုင်းနှင့် ကရင်ပြည်နယ် တို့ရှိ အသက်မွေးဝမ်းကြောင်း ဝန်ဆောင်မှုများမှတစ်ဆင့် မိုင်းနှင့် စစ်ကျန်ပေါက်ကွဲပစ္စည်းများကြောင့် ထိခိုက် ဒဏ်ရာရသူများ၏ လူမှု-စီးပွားဘဝအခြေအနေမြင့်မားရေး စီမံချက်တစ်ခုကို HI က မြန်မာနိုင်ငံမသန်စွမ်းသူများအစည်းအရုံးနှင့် မိတ်ဖက်ပြု၍ ကြီးကြပ်ပေးခဲ့သည်။[၂၂၂] ၂၀၂၁ ခုနှစ်တွင် ကချင်နှင့် ရခိုင်ပြည်နယ်များမှ ပဋိပက္ခဒဏ်ခံရသည့် နေရာများအား လွှမ်းခြုံနိုင်ရန် ထိုစီမံချက်ကို တိုးချဲ့ခဲ့သည်။[၂၂၃]

၂၀၂၁ ခုနှစ်တွင် ICRC ကမြန်မာနိုင်ငံမသန်စွမ်းသူများအားကစားအဖွဲ့ချုပ်ကိုကူညီထောက်ပံ့ခဲ့သော်လည်းအာဏာသိမ်းမှုနှင့်ကပ်ရောဂါကြောင့် လုပ်ငန်းများတွင်အကန့်အသတ်ရှိခဲ့သည်။ ICRC အထောက်အပံ့ဖြင့် ဖွင့်လှစ်သည့် ပြန်လည်ထူထောင်ရေး ဌာနတစ်ခုမှ ဝန်ထမ်းများသည် လူနာများအားအလုပ်အကိုင်ရရှိစေရန် ကူညီပေးရေးသင်တန်းတက်ခဲ့ကြသည်။ မသန်စွမ်း အားကစားသမား ရှစ်ဦးသည် ၂၀၂၁ ခုနှစ်တွင် အလုပ်အကိုင်ရရှိရေး ကျွမ်းကျင်မှုများ ဖွံ့ဖြိုးတိုးတက်လာခဲ့သည်။ ကစားသမားများ၊ နည်းပြများနှင့် ဒိုင်လူကြီးများအတွက် ဘီးတပ်ကုလားထိုင်ဖြင့် ဘတ်စကက်ဘောကစားခြင်း အွန်လိုင်းသင်တန်းကို စီစဉ်ပေးခဲ့သည်။[၂၂၄]

World Education Myanmar က ကယားပြည်နယ်တွင် မသန်စွမ်းသူများနှင့် ၎င်းတို့၏ မိသားစုဝင်များအား ဝင်ငွေပုံမှန်ရရှိစေရေး၊ စုဆောင်းရေးနှင့် ချေးငှားရေးလုပ်ငန်းများလုပ်နိုင်ရန်အတွက် ကိုယ်ထူကိုယ်ထအစုအဖွဲ့များအားကူညီထောက်ပံ့ခဲ့သည်။[၂၂၅]

## မိုင်းလုပ်ငန်းဆောင်ရွက်မှုဆိုင်ရာအကူအညီ

၂၀၂၁ ခုနှစ်တွင် မြန်မာနိုင်ငံသို့ အလှူရှင်အဖွဲ့အစည်း ၇ ခုမှ မိုင်းလုပ်ငန်းဆောင်ရွက်မှုများအတွက် အမေရိကန်ဒေါ်လာ ၆.၁ သန်း ကူညီပေးခဲ့ရာ၊ ၂၀၂၀ ခုနှစ်အတွက် နှစ်အလိုက်ရရှိသော အကူအညီထက် ၄၉ % ပိုမိုများပြားခဲ့သည်။[၂၂၆]

---

၂၁၈။ ICRC၊ "နှစ်စဉ်အစီရင်ခံစာ၊ ၂၀၂၁ ခုနှစ်" ၂၀၂၂ ခုနှစ်၊ ဇူလိုင်လ ၂၇ ရက်၊စာ-၃၃၄။

၂၁၉။ HI, "Country Card: Myanmar," updated September 2021.

၂၂၀။ DDG, "DDG Study Aims to Counter Rise in Victims from Mines in Myanmar," 16 January 2018.

၂၂၁။ AAR-Japan, "Annual Report 2018: April 2018–March 2019," 2019, p. 17; and AAR-Japan, "Where We Work: Myanmar," undated.

၂၂၂။ HI, "Country Card: Myanmar," updated September 2021.

၂၂၃။ Ibid.

၂၂၄။ ICRC၊ "နှစ်စဉ်အစီရင်ခံစာ၊ ၂၀၂၁ ခုနှစ်" ၂၀၂၂ ခုနှစ်၊ ဇူလိုင်လ ၂၇ ရက်၊ စာ-၃၃၄ နှင့် ICRC "ရုပ်ပိုင်းဆိုင်ရာ ပြန်လည်ထူထောင်ရေးအစီအစဉ်၊ ၂၀၁၈ ခုနှစ်၊ နှစ်စဉ်အစီရင်ခံစာ" ၂၀၁၉ ခုနှစ်၊ ဇွန်လ ၁၅ ရက်၊ စာ-၄၅

၂၂၅။ See, World Education Myanmar Facebook page.

၂၂၆။ ICBL-CMC, Landmine Monitor 2022, 18 November 2022, see list of donors in online profile.

## နိုင်ငံတကာ၏ ထည့်ဝင်လှူဒါန်းမှုများ အနှစ်ချုပ်၊ ၂၀၁၆ - ၂၀၂၁ [၂၂၇]

| ခုနှစ် | နိုင်ငံတကာထည့်ဝင်လှူဒါန်းမှု (ဒေါ်လာဖြင့်) |
|---|---|
| ၂၀၂၁ | ၆,၁၀၀,၀၀၀ |
| ၂၀၂၀ | ၄,၁၁၈,၈၆၈ |
| ၂၀၁၉ | ၆,၂၇၅,၈၃၈ |
| ၂၀၁၈ | ၂,၈၇၂,၆၀၆ |
| ၂၀၁၇ | ၆,၇၂၅,၇၆၃ |
| ၂၀၁၆ | ၆,၅၂၅,၆၄၀ |
| စုစုပေါင်း | ၃၂,၆၁၈,၇၁၅ |
| | |

သတင်းအရင်းမြစ်မှတ်စုများကို ဖတ်ရန်၊ အွန်လိုင်းဗားရှင်းသို့သွားပါ။ ယင်းတွင် ကိုးကားချက်များ၏ မူလရင်းမြစ်များကို ဟိုက်ပါလင့်ခ် လုပ်ထားပေးသည်။
www.the-monitor.org or Burmese language version at https://bit.ly/MYN_2022

၁၂၇။ စောင့်ကြည့်လေ့လာရေးအဖွဲ့၏ ယခင်ကအစီရင်ခံစာများကို ကြည့်ပါ။